# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


**သူတော်ကောင်းတရား ကြားနာရခြင်း**

လူအဖြစ်ကို ရခြင်းသည် ခဲယဉ်း၏။ သတ္တဝါတို့၏ အသက်ရှင်ခြင်းသည် ခဲယဉ်း၏။ သူတော်ကောင်း တရားကို ကြားနာရခြင်းသည် ခဲယဉ်း၏။ ဘုရားရှင်တို့ ပွင့်ထွန်း ပေါ်ပေါက်လာရခြင်းသည် ခဲယဉ်း၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ-၁၈၂)


၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၇ ရက် | ၂၀၂၅ ခုနှစ်၊ အောက်တိုဘာ ၁၃ ရက်၊ တနင်္လာနေ့ | အတွဲ (၆၅)၊ အမှတ်(၀၁၃)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

**ယနေ့ ဖတ်စရာ**

### ရုံးပိတ်ရက်ကာလအတွင်း ရှုခင်းကြည့်တောင်ကုန်းများတွင် ပုဂံဒေသနေဝင်ဆည်းဆာ ကြည့်သူများဖြင့် စည်ကား


ပြည်တွင်းသတင်း | စာ ၄


### NCA လုပ်ငန်းစဉ်ကို မသွေဖည် တစ်စည်းတစ်လုံးတည်း ဆက်လက် ဖော်ဆောင်ကြရမည်


ဆောင်းပါး | စာ ၆


### ငြိမ်းချမ်းရေးနိုဘယ်ဆုရသူ၏ အမည်ပေါက်ကြားမှုဖြစ်နိုင်ခြေအပေါ် နော်ဝေနိုဘယ်အင်စတီကျု စုံစမ်းစစ်ဆေး


နိုင်ငံတကာသတင်း | စာ ၁၄




ဘယ်လာရုစ်နိုင်ငံမှ တေးဂီတပညာရှင်နှင့် တေးရေး/တေးဆို Mr.Vladimir Sukolinsky ဦးဆောင်သော ဖျော်ဖြေရေးအဖွဲ့ အမျိုးသားပြတိုက်(ရန်ကုန်)တွင် မြန်မာ့ရိုးရာ သနပ်ခါးများ လိမ်းခြယ်နေကြစဉ်။

## ဘယ်လာရုစ်နိုင်ငံမှ ဖျော်ဖြေရေးအဖွဲ့ ရန်ကုန်မြို့တွင်း လေ့လာကြည့်ရှု

**ရန်ကုန် အောက်တိုဘာ ၁၂**

မြန်မာနိုင်ငံ၌ ရောက်ရှိနေသည့် ဘယ်လာရုစ်နိုင်ငံမှ တေးဂီတပညာရှင်နှင့် တေးရေး/တေးဆို Mr.Vladimir Sukolinsky ဦးဆောင်သော ဖျော်ဖြေရေးအဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့တွင်းရှိ အထင်ကရနေရာများကို သွားရောက်လေ့လာကြည့်ရှုကြသည်။

ဦးစွာ အမျိုးသားပြတိုက်၌ မင်းခမ်းတော်ပစ္စည်းပြခန်းများ အပါအဝင် ခင်းကျင်းပြသထားသည်များကို ကြည့်ရှုလေ့လာပြီး ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးကြသည်။

ထို့နောက် ဗိုလ်ချုပ်အောင်ဆန်းဈေးသို့ သွားရောက်လေ့လာကြပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ ဝယ်ယူကြသည်။

ယင်းနောက် ဗိုလ်တထောင် ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်မြတ်ကြီးကိုလည်းကောင်း၊


*စာမျက်နှာ ၄ ကော်လံ ၁* ◆


## ကျောက်မဲမြို့ ယာယီဆေးရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



**နေပြည်တော် အောက်တိုဘာ ၁၂**

တပ်မတော်က ပြည်သူလူထု အေးချမ်းစွာနေထိုင်နိုင်ရေးအတွက် အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter-Terrorism Operation) ကို တည်ငြိမ်အေးချမ်းမှုကို လိုလားသည့် ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) ရှိ ကျောက်မဲမြို့အား အလုံးစုံ ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်သားများ ပူးပေါင်း၍ ဒေသခံပြည်သူလူထု လုံခြုံရေးနှင့် လိုအပ်သည့် ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးနိုင်ရေး၊ အစိုးရ၏ အုပ်ချုပ်မှုယန္တရားများဖြစ်သည့် ရုံးများ ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ ကလေးသူငယ်များ ပညာသင်ကြားနိုင်ရေးအတွက် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ပေးနိုင်ရေး၊ ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် ဆေးရုံများ ပြန်လည်ဖွင့်လှစ်နိုင်ရေး စသည့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျောက်မဲမြို့ပေါ်ရှိ ဌာနဆိုင်ရာရုံးများနှင့် အများပြည်သူ သွားလာနေထိုင်လျက်ရှိသည့် နေရာများတွင် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ❖

## ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာ မဟုတ်



**ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာ မဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာမဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန်နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။**

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

## ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း(ပြင်ဦးလွင်ဇုန်) တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၁၂**

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ယနေ့ နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ ဟိုတယ်လုပ်ငန်းရှင်များအသင်း (ပြင်ဦးလွင်ဇုန်)မှ တာဝန်ရှိသူများ၊ ဟိုတယ်လုပ်ငန်းရှင်များနှင့် ပြင်ဦးလွင်မြို့ ရွှေနန်းထိုက်ဟိုတယ်၌ တွေ့ဆုံသည်။

**ပေါင်းစပ်ဖြေရှင်း**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ပြင်ဦးလွင်ဒေသသည် မြန်မာနိုင်ငံ၏ ထင်ရှားသည့် တောင်ပေါ်အပန်းဖြေခရီးစဉ် နေရာတစ်ခုဖြစ်သည့်အပြင် အေးမြသော ရာသီဥတုနှင့်အတူ ပွင့်လန်းနေသည့် ပန်းမန်များ၊ သာယာလှပသည့် တောတောင်ရေမြေ သဘာဝအလှအပများ၊ တန်ခိုးကြီး သမိုင်းဝင်စေတီများ၊ ဒေသအစားအစာ အမှတ်တရလက်ဆောင်ပစ္စည်းများသည် ပြင်ဦးလွင်မြို့၏ ထူးခြားသည့် ခရီးသွားဆွဲဆောင်မှုများဖြစ်ပါကြောင်း၊ သဘာဝအခြေခံခရီးသွားလုပ်ငန်း (Ecotourism)၊ ယဉ်ကျေးမှုအခြေခံခရီးသွားလုပ်ငန်း (Cultural Tourism)၊ ဘာသာရေးခရီးသွားလုပ်ငန်း (Religious Tourism)၊ အနုပညာနှင့် ခရီးသွားလုပ်ငန်း (Art and Education)၊ အပန်းဖြေခရီးသွားလုပ်ငန်း (Leisure Tourism)၊ အားကစားခရီးသွားလုပ်ငန်း (Sport Tourism)၊ စွန့်စားခရီးသွားလုပ်ငန်း (Adventure Tourism)၊ ကျန်းမာရေးနှင့် အနားယူခရီးသွားလုပ်ငန်း (Health and Wellness Tourism)၊ သမိုင်းအမွေအနှစ်ခရီးသွားလုပ်ငန်း (Heritage Tourism)၊ လယ်ယာနှင့် တောင်သူဦးကြီး အခြေပြုခရီးသွားလုပ်ငန်း (Agro Tourism) များ ဆောင်ရွက်နိုင်သည့် ဒေသတစ်ခုလည်းဖြစ်ပါကြောင်း၊ ယင်းကဲ့သို့ အခြေခံကောင်းများကို မိမိတို့ ခရီးသွားလုပ်ငန်းအတွက် အကျိုးရှိအောင် အသုံးချရန် လိုအပ်ပါကြောင်း မှာကြားပြီး လုပ်ငန်းရှင်များ၏ လုပ်ငန်းဆိုင်ရာ တင်ပြချက်များအပေါ် ပေါင်းစပ်ဖြေရှင်းဆောင်ရွက်ပေးသည်။



ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း (ပြင်ဦးလွင်ဇုန်) တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးစဉ်။

ထို့နောက် ပြင်ဦးလွင်မြို့ရှိ Hotel Akimomi နှင့် ရွှေနန်းထိုက်ဟိုတယ်တို့ကို သွားရောက်ပြီး လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို မှာကြားသည်။

**ညှိနှိုင်းဆွေးနွေး**

ယင်းနောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် တာဝန်ရှိသူများနှင့်အတူ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင် အားကစားကွင်း/အားကစားရုံကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး မန္တလေးတိုင်းဒေသကြီး အားကစားအဆင့်အတန်းပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် မျိုးဆက်သစ်အားကစားသမားများစွာ ပေါ်ထွက်လာစေရေးအတွက် တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေးသည်။

ဆက်လက်၍ ယာယီနေရပ်စွန့်ခွာသည့် ဝန်ထမ်းများနှင့် ပြည်သူများကို သွားရောက်တွေ့ဆုံပြီး လတ်တလော နေထိုင်၊ သွားလာ၊ စားသောက်မှုများ အဆင်ပြေစေရေးအတွက် လိုအပ်သည်များကို ထောက်ပံ့လှူဒါန်းပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



ကျောက်မဲမြို့ပေါ်ရှိ ဌာနဆိုင်ရာရုံးများနှင့် အများပြည်သူသွားလာနေထိုင်လျက်ရှိသည့် နေရာများတွင် မိုင်းရှင်းလင်းရေးလုပ်ငန်း ဆောင်ရွက်စဉ်။

***❖ရှေ့ဖုံးမှ***

ထို့ပြင် ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် ကျန်းမာရေးဝန်ကြီးဌာနနှင့် တပ်မတော်မှ ဆရာဝန်များ၊ သူနာပြုများ ပူးပေါင်း၍ ကျောက်မဲမြို့ လာဘမုနိတရုတ်ဘုံကျောင်း၌ ယာယီဆေးရုံဖွင့်လှစ်ကာ ဆေးကုသပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြင်ပလူနာ ၁၀၂ ဦးနှင့် ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော လူနာသုံးဦးတို့ကို လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ၂၀၂၅ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့

**World Food Day 2025**

**"အနာဂတ်စားရေရိက္ခာဖူလုံဖို့ လက်တွဲဆောင်ရွက်ကြပါစို့"**

**(Hand in Hand for Better Foods and a Better Future)**

**အောက်တိုဘာလ ၁၆ ရက်နေ့**

### မှတ်သားဖွယ်ရာမိုးရေချိန်များ ၁၂-၁၀-၂၀၂၅

| | | | | |
|---|---|---|---|---|
| မြိတ်မြို့ | ၄ | ဒသမ | ၂၅ | လက်မ |
| ဟုမ္မလင်းမြို့ | ၂ | ဒသမ | ၂၄ | လက်မ |
| မဒေါက်မြို့ | ၂ | ဒသမ | ၀၉ | လက်မ |
| ဖြူးမြို့ | ၁ | ဒသမ | ၇၇ | လက်မ |
| မော်ဘီမြို့ | ၁ | ဒသမ | ၆၉ | လက်မ |
| ရွှေကျင်မြို့ | ၁ | ဒသမ | ၆၅ | လက်မ |
| ခန္တီးမြို့ | ၁ | ဒသမ | ၅၄ | လက်မ |



ဘယ်လာရုစ်နိုင်ငံမှ တေးဂီတပညာရှင်နှင့် တေးရေး/တေးဆို Mr.Vladimir Sukolinsky ဦးဆောင်သော ဖျော်ဖြေရေးအဖွဲ့ ရန်ကုန်မြို့ရှိ ခြောက်ထပ်ကြီးဘုရား၌ ကြည်ညိုလေ့လာစဉ်။



ဘယ်လာရုစ်နိုင်ငံမှ တေးဂီတပညာရှင်နှင့် တေးရေး/တေးဆို Mr.Vladimir Sukolinsky ဦးဆောင်သော ဖျော်ဖြေရေးအဖွဲ့ ရန်ကုန်မြို့ရှိ ဆူးလေဘုရားရှေ့၌ အမှတ်တရဓာတ်ပုံရိုက်စဉ်။

◆ရှေ့ဖုံးမှ

ခြောက်ထပ်ကြီးဘုရားကိုလည်းကောင်း သွားရောက်ကြည်ညိုလေ့လာကြပြီး ဘုရားဖူးပြည်သူများနှင့်အတူ ပျော်ပျော်ရွှင်ရွှင် အမှတ်တရ ဓာတ်ပုံရိုက်ကြသည်။

### ကြည့်ရှုလေ့လာ

ထို့အတူ ပဲခူးမြစ်ကူးတံတား (သန်လျင်တံတားအမှတ် – ၃) သို့ မော်တော်ယာဉ်များဖြင့် သွားရောက်ကြည့်ရှုလေ့လာကြသည်။

အဆိုပါအဖွဲ့သည် ယမန်နေ့ညပိုင်းက အမျိုးသားဇာတ်ရုံ၌ ဖျော်ဖြေတင်ဆက်မှုများ ဆောင်ရွက်ခဲ့ပြီး ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ သီတင်းကျွတ်ကာလ အထိမ်းအမှတ် မီးရောင်စုံအလှ ထွန်းညှိထားမှုများကို သွားရောက်လေ့လာကြည့်ရှုခဲ့ကြသည်။

### ပူးပေါင်းဖျော်ဖြေတင်ဆက်

ထို့အတူ အောက်တိုဘာ ၅ ရက် ညပိုင်းတွင် မန္တလေးမြို့တော်ခန်းမ၌လည်းကောင်း၊ အောက်တိုဘာ ၆ ရက် ညပိုင်းတွင် ပြင်ဦးလွင်မြို့ရှိ တပ်မတော်နည်းပညာတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌လည်းကောင်း၊ အောက်တိုဘာ ၁၀ ရက်တွင် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်၌လည်းကောင်း ဖျော်ဖြေတင်ဆက်ခဲ့ကြပြီး နေပြည်တော်တွင် မြန်မာ–ရုရှား–ဘယ်လာရုစ် သုံးနိုင်ငံ ပူးပေါင်းဖျော်ဖြေတင်ဆက်မှု အစီအစဉ်ကို ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



ဘယ်လာရုစ်နိုင်ငံမှ တေးဂီတပညာရှင်နှင့် တေးရေး/တေးဆို Mr.Vladimir Sukolinsky ဦးဆောင်သော ဖျော်ဖြေရေးအဖွဲ့ အမျိုးသားပြတိုက်၌ မင်းခမ်းတော်ပစ္စည်းပြခန်းအား ကြည့်ရှုလေ့လာစဉ်။

# ရုံးပိတ်ရက်ကာလအတွင်း ရှုခင်းကြည့်တောင်ကုန်းများတွင် ပုဂံဒေသနေဝင်ဆည်းဆာကြည့်သူများဖြင့် စည်ကား

**ညောင်ဦး အောက်တိုဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဒေသအတွင်း သီတင်းကျွတ်ရုံးပိတ်ရက်ကာလ လေးရက်အတွင်း ရှုခင်းကြည့်တောင်ကုန်းများတွင် မြန်မာပြည်အရပ်ရပ်မှ လာရောက်သည့် ခရီးသွားဘုရားဖူးများ ကြိတ်ကြိတ်တိုး ကြည့်ရှုခဲ့ကြောင်း သိရသည်။(**အောက်ပုံ**)



ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း မြန်မာပြည်အရပ်ရပ်မှ လာရောက်ကြသည့် လေ့လာရေးလာရောက်သူ၊ ဘုရားဖူးပြည်သူများသည် အောက်တိုဘာ ၄ ရက်မှ ၇ရက်အထိသီတင်းကျွတ်ရုံးပိတ်ရက်ကာလ အတွင်း ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းရှိသမိုင်းဝင်အထင်ကရ ဘုရားများ၊ စေတီ၊ ပုထိုးများ၊ သာသနိကအဆောက်အအုံများသို့ လေ့လာ၍ ဘုရားဖူးကြကာ ညနေပိုင်းတွင် ရှုခင်းကြည့်တောင်ကုန်းများ ဖြစ်သည့် ညောင်လက်ဖက်ကန်ရှုခင်းကြည့်တောင်ကုန်း၊ ဖိုးမောက်ကြီး ရှုခင်းကြည့်တောင်ကုန်း၊ မင်းနန်သူကျေးရွာအနီးရှိ လေးထောင့်ကန် ရှုခင်းကြည့်တောင်ကုန်း၊ အရှေ့အိုးထိန်းကုန်း၊အနောက်အိုးထိန်းကုန်းတို့ မှ ပုဂံရှေးဟောင်းဘုရားများ၊ ဧရာဝတီမြစ်နှင့် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်ရှိ တန့်ကြည်တောင်တန်းနောက်ခံ နေဝင်ဆည်းဆာ ကြည့်ရှုကြရန် ရှုခင်းကြည့်တောင်ကုန်းများတွင် ညနေ ၄ နာရီမှစတင်၍ နေရာယူကာ နေလုံးကြီး တဖြည်းဖြည်း တန့်ကြည်တောင်တန်းပေါ်မှ ပျောက်ကွယ်သည်အထိကြည့်ရှုခဲ့ကြောင်း၊ ရှုခင်းကြည့်တောင်ကုန်းများ ပေါ်မှ ပုဂံရှေးဟောင်းရှုခင်းများကို နောက်ခံထား၍ ဓာတ်ပုံရိုက်ကြခြင်း၊ ဗီဒီယိုရိုက်ကြခြင်းများဖြင့် ကြိတ်ကြိတ်တိုးစည်ကားခဲ့ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ပုဂံဌာနခွဲ ညွှန်ကြားရေးမှူး ဦးညီမွန်းထံမှ သိရသည်။

ဒီပါလင်း

# တောင်ဥက္ကလာပ၌ ပထမအကြိမ် မဲစာရင်းကြေညာထားမှုအား ကြည့်ရှုစစ်ဆေး

**ရန်ကုန် အောက်တိုဘာ ၁၂**

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်၌ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် ရပ်ကွက်များတွင် ပထမအကြိမ် မဲဆန္ဒရှင်စာရင်းများ ကြေညာထားရှိမှုကို မဲစာရင်းမှန်ကန်စေရေးကိစ္စရပ်များနှင့်ပတ်သက်၍ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများသည် ယနေ့မွန်းလွဲပိုင်းက လိုက်လံကြည့်ရှုစစ်ဆေးသည်။

အဆိုပါပထမအကြိမ် မဲစာရင်းကပ်ထားကြေညာရာတွင် သက်ဆိုင်ရာ ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်ရုံးများ၌ ကပ်ထားကြေညာထားရှိမှုကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လှည့်လည်ကြည့်ရှု၍ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် မိမိအမည်မပါဝင်ပါက ပုံစံ(၃)ဖြင့်လည်းကောင်း၊ ကန့်ကွက်လိုလျှင် ပုံစံ(၄)ဖြင့်လည်းကောင်း၊ အချက်အလက်များမှားယွင်းနေလျှင်ပုံစံ(၄–က) ဖြင့်လည်းကောင်း လျှောက်ထားနိုင်ကြောင်းနှင့် လိုအပ်သည်များကိုလည်း တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။(**ယာပုံ**)

ခင်ဆွေနှင်း(ပြန်/ဆက်)



# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

ရွေးကောက်ပွဲကျင်းပရန် **၇၆ ရက်** သာ လိုတော့သည်။

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၅၆/၂၀၂၅)ဖြင့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)တွင်ပါဝင်သည့် မြို့နယ် ၁၀၂ မြို့နယ်အား သတ်မှတ်ကြေညာပြီးဖြစ်သည်။
- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၄-၉-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၁၀၃/၂၀၂၅) ဖြင့် ရွေးကောက်ပွဲများ ကျင်းပခြင်းမပြုမည့် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် ၅၆ နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၉ နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူ အနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၅၆ နယ်စာရင်းတို့ကို ထုတ်ပြန်ကြေညာပြီးဖြစ်သည်။
- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၄-၉-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၁၀၃/၂၀၂၅) ဖြင့် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပပြုလုပ်မည့် ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ၌ ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် ၂၇၄ နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၇၅ နယ်၊ အချိုးကျကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ် ၂၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၂၆၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် အချိုးကျ ကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ် ၄၂ နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် ၂၉ နယ်တို့တွင် ရွေးကောက်ပွဲများ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ကြေညာပြီးဖြစ်သည်။

### မဲစာရင်းများကို သွားရောက်ကြည့်ရှုပါ

ပထမအကြိမ် မဲစာရင်း ကပ်ထားကြေညာခြင်းကို ၂၀-၁၀-၂၀၂၅ ရက်နေ့အထိ ၇ ရက်ထပ်မံ တိုးမြှင့်၍ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကပ်ထားကြေညာထားပါသည်။ မဲစာရင်းတွင် အမည်မပါလျှင် ပုံစံ(၃)ဖြင့် တောင်းဆိုပါ။ အမည်နှင့်အချက်အလက်များကို ကန့်ကွက်ရန်ရှိပါက ပုံစံ (၄)ဖြင့် ကန့်ကွက်ပါ။ အချက်အလက်များ ပြင်ဆင်ရန်ရှိပါက ပုံစံ (၄-က) ဖြင့် လျှောက်ထားပါ။ ယင်းပုံစံများကို သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ရယူနိုင်ပါသည်။

### ရွေးကောက်ပွဲတွင် ယာယီနေရပ်စွန့်ခွာနေရသူများ ကြိုတင်မဲပေးနိုင်သည်

ယာယီနေရပ်စွန့်ခွာနေရသူများသည် မိမိတို့၏ နေရပ်ရင်း မဲဆန္ဒနယ်အတွက် ကြိုတင်မဲပေးနိုင်ရန် ပုံစံ (၁၅) များကို မိမိတို့ ရောက်ရှိရာဒေသ မြို့နယ်ကော်မရှင်အဖွဲ့ခွဲတွင် အခမဲ့ရယူ၍ ၁၇-၁၀-၂၀၂၅ ရက်နေ့ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

## မဲဆန္ဒရှင်ပြည်သူများ သိရှိလိုသည်များကို စုံစမ်းမေးမြန်းနိုင်ရန်အတွက် မကွေးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ Call Center ဖွင့်လှစ်ထားရှိ

**နေပြည်တော် အောက်တိုဘာ ၁၂**

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပမည့် ပါတီစုံ ဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ မဲဆန္ဒရှင်ပြည်သူများ သိရှိလိုသည်များကို စုံစမ်း မေးမြန်းနိုင်ရန်အတွက် မကွေးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံး၌ ဖွင့်လှစ်ထားရှိသည့် တိုင်းဒေသကြီး Call Center သို့ ယနေ့နံနက် ၁၀ နာရီတွင် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်သည် တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။(ယာပုံ)




ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က မဲစာရင်းဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ မဲဆန္ဒရှင်ပြည်သူများက သိရှိလိုသည်များ စုံစမ်းမေးမြန်းရာတွင် ဥပဒေ၊ နည်းဥပဒေနှင့်အညီ ရှင်းလင်းစွာ ပြန်လည်ဖြေကြားရန်လိုကြောင်း၊ ရွေးကောက်ပွဲနှင့် သက်ဆိုင်သည့် ညွှန်ကြားချက်များအား မကွေးတိုင်းဒေသကြီး Call Center ဌာနတွင် စနစ်တကျ ပြုစုမှတ်တမ်းထိန်းသိမ်းရန်လိုကြောင်း၊ နေ့စဉ်လုပ်ငန်းမှတ်တမ်း၊ တယ်လီဖုန်း အဝင်/ အထွက် မှတ်တမ်းများထားရှိရန်၊ တယ်လီဖုန်းလိုင်းပြတ်တောက်မှု မရှိစေရေး သက်ဆိုင်ရာ ဌာနသို့ အသိပေးထားရန်လိုကြောင်းနှင့် ရွေးကောက်ပွဲနှင့် ပတ်သက်၍ အခြားသိရှိလိုသည်များရှိပါက ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေနှင့်အညီ ရှင်းလင်းစွာ ပြန်လည်ဖြေကြားရန်လိုကြောင်း မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက လုံခြုံရေးဆောင်ရွက်ပေးမည့် အစီအစဉ်၊ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူးက မကွေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်များတွင်လည်း Call Center ဖွင့်လှစ်ထားရှိမှု၊ မကွေးတိုင်းဒေသကြီးကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က မကွေးတိုင်းဒေသကြီး Call Center တွင် လုပ်ငန်းများဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြကြရာ တင်ပြချက်များအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မောင်ညီညာ

### လှိုင်ကော်တက္ကသိုလ်၌ အဝေးသင်သင်တန်း တက်ရောက်ရမည်ဖြစ်ကြောင်း ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပညာရေးဝန်ကြီးဌာန**
**အဆင့်မြင့်ပညာဦးစီးဌာန**
**ကြေညာချက်**
**လှိုင်ကော်တက္ကသိုလ်တွင် အဝေးသင်သင်တန်း တက်ရောက်ရမည်ဖြစ်ကြောင်း ကြေညာခြင်း**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ တောင်ကြီး တက္ကသိုလ်၏ ၂၀၂၅ ပညာသင်နှစ် အဝေးသင် သင်တန်းတွင် ကျောင်းအပ်နှံထားသော လှိုင်ကော်တက္ကသိုလ် အဝေးသင်သင်တန်းမှ ကျောင်းသား ကျောင်းသူများသည် ၂၀၂၅ ပညာသင်နှစ်၊ အဝေးသင် ဒုတိယအသုတ်နှင့် တတိယအသုတ် အနီးကပ်သင်တန်းနှင့် စာမေးပွဲများကို လှိုင်ကော်တက္ကသိုလ်တွင် တက်ရောက်ဖြေဆိုရမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**အဆင့်မြင့်ပညာဦးစီးဌာန၊**
**ပညာရေးဝန်ကြီးဌာန**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

NCA (၁၀) နှစ်ပြည့် အထိမ်းအမှတ် ဂုဏ်ပြုဆောင်းပါး

# NCA လုပ်ငန်းစဉ်ကို မသွေဖည် တစ်စည်းတစ်လုံးတည်း ဆက်လက်ဖော်ဆောင်ကြရမည်

*မောင်ငြိမ်းအေး*

**“တပ်မတော်အနေဖြင့် ပြည်ထောင်စုကြီးအကျိုးကိုရှေးရှု၍ ငြိမ်းချမ်းရေးကို အစဉ်အမြဲ တံခါးဖွင့်ကြိုဆိုလျက်ရှိသည်။ လက်ကမ်းဖိတ်ခေါ်လျက်ရှိသည်။ ငြိမ်းချမ်းရေးအတွက် ကနဦးခြေလှမ်းဖြစ်သည့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ချုပ်ဆိုနိုင်ရန် ၂၀၁၂ ခုနှစ်မှစတင်၍ နိုင်ငံတော်အစိုးရ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့်အတူ ငြိမ်းချမ်းရေးဖိတ်ခေါ်ဆွေးနွေးမှုများကို ဆောင်ရွက်ခဲ့သည်။ ၂၀၁၅ ခုနှစ်တွင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ချုပ်ဆိုနိုင်ခဲ့သည်။ မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးများ အတူတကွ စုပေါင်းနေထိုင်ကြသည့် ပြည်ထောင်စုကြီးဖြစ်၍ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နေခြင်းဖြစ်”**

လောကၾ တစ်ယောက်နှင့် တစ်ယောက်၊ တစ်ဖွဲ့နှင့် တစ်ဖွဲ့၊ တစ်ပါတီနှင့် တစ်ပါတီ နိုင်ငံရေးစနစ် သို့မဟုတ် ယုံကြည်ချက်မတူနိုင်၊ မတူသော်ငြား လည်း အတူနေထိုင်ခြင်းသည် သာယာဝပြောသော လူ့ဘောင် သို့မဟုတ် ယဉ်ကျေးသော ဒီမိုကရေစီဟု ဆိုနိုင်သည်။ ဒီမိုကရေစီစနစ်တွင် အခြားသူ၊ အခြားအဖွဲ့အား ရန်မပြုဘဲ မိမိနှစ်သက်သည့်စနစ် သို့မဟုတ် ယုံကြည်ချက်ကို ထူထောင်ခွင့်ရှိသည်။ သို့မဟုတ်မူဘဲ **“ငါနှင့်မတူ ရန်သူ”**ဟု သတ်မှတ်သူသည်ကား အာဏာရှင် သို့မဟုတ် စစ်ကိုလိုလားသူ သို့မဟုတ် ငြိမ်းချမ်းရေးကို လက်မခံသူဟု ဆိုနိုင်သည်။

တစ်နိုင်ငံနှင့် တစ်နိုင်ငံ၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ ကွဲလွဲနေသော ပြဿနာကို တွေ့ဆုံစေ့စပ်သောနည်း သို့မဟုတ် နှစ်ဖက်လက်ခံ သဘောတူလာအောင် ဆွေးနွေးသောနည်းဖြင့်မဟုတ်ဘဲ လက်နက်ဖြင့် ဖြေရှင်းလိုသူသည်ကား ငြိမ်းချမ်းရေးကို လက်မခံသူ သို့မဟုတ် စစ်ကို လိုလားသူသာဖြစ်သည်။ တစ်နိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်လိုသူသည် အဆိုပါတိုင်းပြည်၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုနှင့် အမျိုးသားလွတ်လပ်ရေးကို ထိပါးခြင်းသာဖြစ်သည်။ စစ်ကိုဖန်တီးခြင်းဖြစ်သည်။ ယင်းတို့သည် မငြိမ်းချမ်းခြင်း၏ သဘာဝများဖြစ်သည်။ မငြိမ်းချမ်းခြင်းသည် မတူညီသော ယုံကြည်ချက်ကို လက်နက်ဖြင့် တုံ့ပြန်လိုခြင်းဖြစ်သည်။

**ပဋိပက္ခများ ရပ်ဆိုင်း**

ငြိမ်းချမ်းခြင်းကို လူတိုင်းလိုချင်သည်။ လူတိုင်းလိုလားသည်။ ငြိမ်းချမ်းရေးကို အလိုလားဆုံးသူများမှာ ပဋိပက္ခနယ်မြေအတွင်းမှ ပြည်သူများနှင့် လက်နက်ကိုင်ထားသော နှစ်ဖက်စလုံးမှ လူများဖြစ်သည်။ မငြိမ်းချမ်းခြင်း၏ အနိဋ္ဌာရုံများ၊ စက်ဆုပ်ဖွယ်များ၊ ကြောက်မက်ဖွယ်ရာများကို သူတို့ကိုယ်တွေ့ အသိဆုံးဖြစ်သည်။ သို့ဆိုပါလျှင် လက်နက်ကိုင်ပဋိပက္ခများ ရပ်တန့်မသွားဘဲ အဘယ်ကြောင့် ဆက်တိုးနေကြပါသနည်း။ အကြောင်းအမျိုးမျိုးရှိမည်၊ ခံယူချက်အမျိုးမျိုးရှိမည်၊ ယုံကြည်ချက်အဖုံဖုံရှိမည်။ အကြောင်းအမျိုးမျိုး၊ ယုံကြည်ချက်၊ ခံယူချက်တို့ကို အလျှော့ပေးလိုက်လျော၊ အပေးအယူညှိနှိုင်းမှုမရှိသဖြင့် လက်နက်ကိုင်ပဋိပက္ခများ မရပ်ဆိုင်း၊ မရပ်ဆိုင်းလိုဘဲ ဆက်လက်ရှိနေခြင်းဖြစ်သည်။

အဓိကပြဿနာမှာ နိုင်ငံရေးပြဿနာကို စစ်ရေးနည်းဖြင့် ဖြေရှင်းနေခြင်းဖြစ်သည်။ အမှန်တကယ်တွင် စစ်ရေးသည် ဒုတိယ၊ နိုင်ငံရေးသည် ပထမဖြစ်သင့်သည်။ နိုင်ငံရေးပြဿနာကို ပထမဦးစားပေး ဖြေရှင်းနိုင်မည်ဆိုလျှင် လက်နက်ကိုင်တိုက်ပွဲများ ဆိတ်သုဉ်း၍ ငြိမ်းချမ်းရေးနှင့် အလှမ်းမဝေးဟု ဆိုချင်သည်။ တိုက်ပွဲများ ဖြစ်ပွားနေခြင်းသည် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် မဖြေရှင်းဘဲ စစ်ရေးနည်းဖြင့် ဖြေရှင်းနေသောကြောင့်ဖြစ်သည်။ တိုက်ပွဲများဖြစ်ပွားနေခြင်းသည် မယုံကြည်မှု၊ အလျှော့မပေးလိုမှု၊ ရည်မှန်းချက်အတိုင်း မရမှု၊ လက်နက်ကိုင်ကဏ္ဍ မပျောက်လိုမှု စသည်ဖြင့် တစ်မျိုးမဟုတ်တစ်မျိုး ဖြစ်နိုင်သည်။

**စစ်ရေးနည်းလမ်းဖန်တီး**

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိသည့်အခါ နိုင်ငံရေးအယူအဆ ကွဲပြားမှုကြောင့် လက်နက်စွဲကိုင်ကာ တိုင်းရင်းသားလူမျိုးအချင်းချင်း စစ်ခင်းပြီး စစ်ရေးအသွင်ဆောင်ခဲ့သည်မှာ ယနေ့ထက်တိုင်အောင်ဖြစ်သည်။ အတိတ်ကာလက နိုင်ငံရေးခံယူချက်သက်သက်ဖြင့် လက်နက်ပဋိပက္ခများကို ဖော်ဆောင်ခဲ့ကြခြင်းဖြစ်သည်။ မျက်မှောက်ကာလဖြစ်ပွားနေသော လက်နက်ကိုင်ပဋိပက္ခများမှာ လွတ်လပ်ရေးမရမီ၊ ရပြီးစကာလက ဆင်နွှဲခဲ့သော တိုက်ပွဲများ၏ နိုင်ငံရေးရည်မှန်းချက်များနှင့်မတူ ကွဲပြားခြားနားသည်။ ယနေ့ဖြစ်ပေါ်နေသော လက်နက်ကိုင်ပဋိပက္ခများသည် နိုင်ငံရေးရည်မှန်းချက်ရှိသော အစုအဖွဲ့တစ်စုက နိုင်ငံရေးပြဿနာကို စစ်ရေးနည်းလမ်းဖြင့် ဖြေရှင်းခြင်း သို့မဟုတ် ကိုယ်ကျိုးစီးပွားအတွက် စစ်ရေးကို ဖန်တီးခြင်းဖြစ်သည်။

မည်သို့ပင်ဖြစ်စေ တပ်မတော်အနေဖြင့် ပြည်ထောင်စုကြီးအကျိုးကို ရှေးရှု၍ ငြိမ်းချမ်းရေးကို အစဉ်အမြဲ တံခါးဖွင့်ကြိုဆိုလျက်ရှိသည်။ လက်ကမ်းဖိတ်ခေါ်လျက်ရှိသည်။ ငြိမ်းချမ်းရေးအတွက် ကနဦးခြေလှမ်းဖြစ်သည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ချုပ်ဆိုနိုင်ရန် ၂၀၁၂ ခုနှစ်မှစတင်၍ နိုင်ငံတော်အစိုးရ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့်အတူ ငြိမ်းချမ်းရေး ဖိတ်ခေါ်ဆွေးနွေးမှုများကို ဆောင်ရွက်ခဲ့သည်။ ၂၀၁၅ ခုနှစ်တွင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ချုပ်ဆိုနိုင်ခဲ့သည်။ မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးများ အတူတကွ စုပေါင်းနေထိုင်ကြသည့် ပြည်ထောင်စုကြီးဖြစ်၍ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နေခြင်းဖြစ်သည်။

**NCA သဘောတူစာချုပ်**

နိုင်ငံတော်အစိုးရအဆက်ဆက်သည် ငြိမ်းချမ်းရေးအတွက် နည်းလမ်းပေါင်းစုံဖြင့် အကြိမ်ကြိမ်ဆောင်ရွက်ခဲ့သည်ကို တွေ့နိုင်သည်။ ငြိမ်းချမ်းရေးသည် တက်တစ်လှည့်၊ ဆုတ်တစ်လှည့် အကြိမ်ကြိမ်ဖြစ်ခဲ့သည်။ ရောင်နီသန်းလိုက်၊ တိမ်သလ္လာဖုံးလိုက် ဖြစ်ခဲ့သည်။ အစိုးရအနေဖြင့် စိတ်မပျက်ဘဲ ပြည်ထောင်စုအကျိုးအတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အဆက်မပြတ် အကောင်အထည်ဖော်သည်။ တပ်မတော်အနေဖြင့် ငြိမ်းချမ်းရေးအတွက် NCA သဘောတူစာချုပ်အတိုင်း အကောင်အထည်ဖော်သည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်းငြိမ်းချမ်းရေးသည် အရေးကြီးသည့်အချက်ဖြစ်သည်။ ပြည်တွင်းငြိမ်းချမ်းရေးအတွက် NCA သဘောတူစာချုပ်ပါအတိုင်း အကောင်အထည်ဖော်ကြရမည်။

**❂ နိုင်ငံတော်အစိုးရအဆက်ဆက်သည် ငြိမ်းချမ်းရေးအတွက် နည်းလမ်းပေါင်းစုံဖြင့် အကြိမ်ကြိမ်ဆောင်ရွက်ခဲ့သည်ကို တွေ့နိုင်သည်။ ငြိမ်းချမ်းရေးသည် တက်တစ်လှည့်၊ ဆုတ်တစ်လှည့် အကြိမ်ကြိမ်ဖြစ်ခဲ့သည်။ ရောင်နီသန်းလိုက်၊ တိမ်သလ္လာဖုံးလိုက် ဖြစ်ခဲ့သည်။ အစိုးရအနေဖြင့် စိတ်မပျက်ဘဲ ပြည်ထောင်စုအကျိုးအတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အဆက်မပြတ် အကောင်အထည်ဖော်သည်။ တပ်မတော်အနေဖြင့် ငြိမ်းချမ်းရေးအတွက် NCA သဘောတူစာချုပ်အတိုင်း အကောင်အထည်ဖော်သည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်းငြိမ်းချမ်းရေးသည် အရေးကြီးသည့်အချက်ဖြစ်သည်။ ပြည်တွင်းငြိမ်းချမ်းရေးအတွက် NCA သဘောတူစာချုပ်ပါအတိုင်း အကောင်အထည်ဖော်ကြရမည်**

တပ်မတော်အနေဖြင့် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်နေ့တွင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်ကို စတင်ဆောင်ရွက်ခဲ့သည်။ ယနေ့အချိန်အထိ တစ်ဖက်သတ် အပစ်ရပ်ထုတ်ပြန်ဆောင်ရွက်မှု ၂၇ ကြိမ်ရှိသည်။ ထာဝရငြိမ်းချမ်းရေးအတွက် အလေးထားသည်မှာ ပေါ်လွင်သည်။ အပစ်အခတ်ရပ်စဲပြီး တွေ့ဆုံဆွေးနွေး အဖြေရှာရေးလမ်းကြောင်းဖြင့်သာ ငြိမ်းချမ်းရေးအတွက် နီးစပ်မည်။ ငြိမ်းချမ်းရေးဆောင်ရွက်ရာတွင် ဖြစ်ချင်သည်များကို ပြောဆိုနေမည့်အစား ဖြစ်သင့်သည်များကိုပြောပြီး ဖြစ်နိုင်သည်များကို ညီညီညွတ်ညွတ် ပူးပေါင်းလုပ်ဆောင်ကြခြင်းဖြင့် လက်တွေ့ကျပြီး အောင်မြင်ခိုင်မာသည့် ငြိမ်းချမ်းရေးကို တည်ဆောက်ကာ နိုင်ငံနှင့် ပြည်သူလူထု၏ ကောင်းရာကောင်းကျိုးကို ရှေးရှုကြရန် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တိုက်တွန်းထားသည်။

**အကြိမ်ကြိမ်ဆွေးနွေးခဲ့**

နိုင်ငံတော်အစိုးရသည် ငြိမ်းချမ်းရေးကို လက်တွေ့ကျကျ အကောင်အထည်ဖော်နိုင်ရေး တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ ခေါင်းဆောင်များနှင့် ဆွေးနွေးနိုင်ရေး ၂၀၂၂ ခုနှစ် ဧပြီလ ၂၂ ရက်နေ့တွင် ကမ်းလှမ်းဖိတ်ခေါ်ခဲ့သည်။ NCA လက်မှတ်ရေးထားပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၇ ဖွဲ့၊ လက်မှတ်မရေးထိုးထားရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့မှ ၃ ဖွဲ့ စုစုပေါင်း ၁၀ ဖွဲ့နှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်တိုင်တွေ့ဆုံဆွေးနွေးခဲ့သည်။ ဖွဲ့စည်းထားသည့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအနေဖြင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ၉၁ ကြိမ်၊ NCA လက်မှတ်ရေးထိုးခြင်းမရှိသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ၂၅ ကြိမ်၊ နိုင်ငံရေးပါတီများနှင့် ၂၂ ကြိမ်၊ ငြိမ်းချမ်းရေးအကျိုးဆောင်အဖွဲ့များနှင့် ၁၃ ကြိမ် တွေ့ဆုံဆွေးနွေးခဲ့သည်။

ယခု ၂၀၂၅ ခုနှစ်တွင် နယ်ပယ်ကဏ္ဍစုံ၊ ပုဂ္ဂိုလ်မျိုးစုံပါဝင်သည့် ငြိမ်းချမ်းရေးစကားဝိုင်း (Peace Talk) တစ်ကြိမ်၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲ (Peace Forum)တစ်ကြိမ်နှင့် NCA (၁၀)နှစ်မြောက်ကာလတွင် ငြိမ်းချမ်းရေးဆွေးနွေးပွဲ (Peace Forum) တစ်ကြိမ် ကျင်းပမည်ဖြစ်သည်။ တွေ့ဆုံဆွေးနွေးခဲ့မှုများမှတစ်ဆင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ကို ပြင်ဆင်ဖြည့်စွက်ရန်အတွက် သဘောတူညီချက် ၄၃ ချက်ကို လက်မှတ်ရေးထိုး အတည်ပြုနိုင်ခဲ့သည်။ ယင်းသဘောတူညီချက်များနှင့် ယခင်အစိုးရများလက်ထက်

*စာမျက်နှာ ၇ သို့*

# ငြိမ်းချမ်းရေးပန်းတိုင်ဆီသို့

❖ ထာဝရငြိမ်းချမ်းပန်း
လက်တစ်ကမ်းရောက်လို့နေ၊
တွဲလက်တွေမဖြုတ်တမ်း
စိတ်ဝမ်းညီစေ။
မြတ်နိုးဖွယ် “အင်န်စီအေ”
လှမ်းခဲ့ပေ ဆယ်နှစ်ခရီး၊
ငြိမ်းချမ်းရေး ပန်းတိုင်ကြီး
လှမ်းကိုင်လုနီး။

❖ စားပွဲဝိုင်း နိုင်ငံရေး
ကျောပေးလို့ မကြည်ယုံ၊
အိုင်ပျက်ရုံ အကြိုအကြား
ထောင်ထားလို့ခုန်။
ပြည်သူ့ဘဝ မလုံခြုံ
သိုက်မြုံတွေ ပျက်ကြေပြုန်း၊
စစ်ဘေးရှောင် ဟိုသည်ပုန်း
မြင်လှည့်ပါအုံး။

❖ စိန်ခေါ်မှု ကျော်ကာဖြတ်
ရလဒ်က ရောင်နီဖြာ၊
ဖိတ်ခေါ်ကာ ခါခါကမ်း
ဖက်ယမ်းကြိုမှာ။
သွေးချင်းမို့ အခါခါ
နွေးထွေးစွာစောင့်စား၊
အမှောင်ကို ရှောင်ဖယ်ရှား
ပန်းတိုင်ဆီ အတူသွားဖို့
လှမ်းခဲ့ပါလား။

**ကျော်စောဟန်**

[NCA (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုပါသည်။]

## ၂၀၂၅–၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူများအား ဒုတိယအကြိမ် ပညာသင်စရိတ်၊ စာရေးကိရိယာနှင့် ကျောင်းဝတ်စုံများ ပေးအပ်




နေပြည်တော် အောက်တိုဘာ ၁၂

၂၀၂၅–၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက် ပညာသင်ကြားလျက်ရှိသည့် ရန်ကုန်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှ တပ်မတော်သားမိသားစုဝင် ကျောင်းသား ကျောင်းသူများအား ဒုတိယအကြိမ် ပညာသင်စရိတ်၊ စာရေးကိရိယာနှင့် ကျောင်းဝတ်စုံများ ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် အနော်ရထာခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ် ပြည့်စုံလင်းနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်ကျောင်းသား ကျောင်းသူများအတွက် ပညာသင်စရိတ်၊ ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ (အပေါ်ပုံ) သတင်းစဉ်

## ကျွန်းစုမြို့၌ မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် ဆန္ဒမဲပေးခြင်းဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

ကျွန်းစု စက်တင်ဘာ ၁၂

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်၌ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ မြန်မာအီလက်ထရောနစ် (MEVM) မဲပေးစက်အသုံးပြု၍ ဆန္ဒမဲပေးခြင်းဆိုင်ရာများ အသိပညာပေးခြင်းကို စက်တင်ဘာ ၁၂ ရက်က ပထော်ကျေးရွာနှင့် ပထက်ကျေးရွာသို့ ကွင်းဆင်းဆောင်ရွက်သည်။

ဦးစွာ မြိတ်ခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၊ ရွေးကောက်ပွဲအရာရှိ ဦးလှိုင်ဘွားနှင့် တာဝန်ရှိသူများက MEVM စနစ်ဖြင့် မဲပေးခြင်းဆိုင်ရာနည်းစနစ်များ၊ မဲပေးစက်နှင့် မဲပေးပုံအဆင့်ဆင့်တို့ကို လက်တွေ့သရုပ်ပြခဲ့ကြကာ အဆိုပါကျေးရွာရှိ မဲဆန္ဒရှင်များအား MEVM စနစ်ဖြင့် လက်တွေ့မဲပေးခြင်းလုပ်ငန်းများကို စမ်းသပ်လေ့ကျင့်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (အောက်ပုံ) ထက်မြင့် (ကျွန်းစု)



❏ နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

*စာမျက်နှာ ၆ မှ*

ငြိမ်းချမ်းရေးညီလာခံရလဒ်များမှ စုစည်းထားသည့် ပြည်ထောင်စုသဘောတူညီချက် (Union Accord) ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့မှ စတင်ကျင်းပမည့် ရွေးကောက်ပွဲမှ ပေါ်ပေါက်လာသည့် ပြည်ထောင်စုလွှတ်တော်ကို စုစည်းတင်ပြပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ဖြည့်စွက်နိုင်ရေး လုပ်ငန်းစဉ်များကို ပြန်လည်ဆောင်ရွက်သွားမည်ဟု သိရသည်။

### ထာဝရငြိမ်းချမ်းရေးဖော်ဆောင်

ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာဝပြောရေး၊ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထာဝရငြိမ်းချမ်းရေးရရှိရေးတို့သည် ပြည်ထောင်စုကြီး၏ အကျိုး၊ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး၏ အလိုလားဆုံးဆန္ဒဖြစ်သည့်အတွက် စစ်ကိုလိုလားပြီး တိုက်ပွဲဖော်ဆောင်နေသူများကို စစ်ရေးနည်းလမ်းဖြင့် ထိရောက်စွာ ဖြေရှင်းရမည်သာဖြစ်သည်။ စစ်ရေးကို မလိုလားသည့် တိုင်းရင်းသားပြည်သူများ၏ အကျိုးစီးပွားကို လိုလားသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်နေကြသည့် သက်ဆိုင်သူများအားလုံးသည် ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ဆွေးနွေးညှိနှိုင်းအဖြေရှာပြီး ထာဝရငြိမ်းချမ်းရေးကို အမြန်ဆုံး အကောင်အထည်ဖော်နေကြသည်။ လက်ရှိဖြစ်ပေါ်နေသော လက်နက်ကိုင်ပဋိပက္ခများသည် မူလကတည်းကပင်ရှိခဲ့ပြီးဖြစ်သည်။ နိုင်ငံတော်ကို အရေးပေါ်ကြေညာလိုက်သောကြောင့် ဖြစ်ပေါ်လာသော ကိစ္စမဟုတ်ပေ။ လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် အချိန်ယူပြီး စေ့စပ်ဆွေးနွေးညှိနှိုင်းမှသာ စစ်မှန်သည့် ထာဝရငြိမ်းချမ်းရေးကို တည်ဆောက်နိုင်မည်ဖြစ်သည်။ နိုင်ငံတော်ကို ဒီမိုကရေစီစနစ်ဖြင့် လျှောက်လှမ်းရန်ဆိုပါက ရွေးကောက်ပွဲကို မဖြစ်မနေကျင်းပပေးရန် လိုအပ်သည်။ ယနေ့ နိုင်ငံတော်အစိုးရကို ဆန့်ကျင်တိုက်ခိုက်နေသည့် လက်နက်ကိုင်အဖွဲ့အစည်းများအားလုံးအနေဖြင့် ယခုကျင်းပမည့် ရွေးကောက်ပွဲကို အောင်မြင်အောင် ပူးပေါင်းဆောင်ရွက်မှသာ ပေါ်ပေါက်လာမည့် လွှတ်တော်များတွင် မိမိတို့၏ လိုလားချက်များကို ဥပဒေနှင့် တရားဝင်တင်ပြဆောင်ရွက်ခွင့်ရမည်ဖြစ်သည်။

### လက်နက်ကိုင်လမ်းစဉ်ချုပ်ငြိမ်း

မိမိတို့လူမျိုးအကျိုး၊ မိမိတို့ဒေသအကျိုး၊ မိမိတို့အလိုရှိကြသော အခွင့်အလမ်းများကို ရရှိလိုပါလျှင် လက်နက်ကိုင်နည်းလမ်းဖြင့် ဆောင်ရွက်၍ မည်သည့်အခါမျှ ရရှိလိမ့်မည်မဟုတ်ပါ။ လွတ်လပ်ရေးရပြီး ကာလမှ ယနေ့ကာလအထိ တိုက်ပွဲဝင်ခဲ့သော လက်နက်ကိုင်လမ်းစဉ်သည် နှစ်ပေါင်း ၇၀ ကျော်၊ ၈၀ ကြာသည့်တိုင် မရနိုင်သည်ကို သင်ခန်းစာယူကြရမည်ဖြစ်သည်။ လက်နက်အားကိုး၊ အင်အားအလုံးအရင်းဖြင့် အနိုင်ရသည်ဟုဆိုသည်မှာလည်း တဒင်္ဂသာဖြစ်သည်။ လက်နက်အားကိုး အနိုင်ကျင့်ဗိုလ်ကျမှုကို ပြည်သူအားလုံးက မလိုလားသဖြင့် ပြည်သူမပါသည့် လက်နက်ကိုင်လမ်းစဉ်သည် တစ်ချိန်တွင် နိဂုံးချုပ်မည်သာဖြစ်သည်။

ယခုအခါ ငြိမ်းချမ်းရေး၏ ရှေ့ခရီးဖြစ်သည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ၁၀ ဖွဲ့နှင့် လက်မှတ်ရေးထိုး ဆောင်ရွက်နိုင်ခဲ့သည်မှာ (၁၀) နှစ်ပြည့်ကာလသို့ ရောက်ရှိခဲ့ပြီဖြစ်သည်။ ရှေ့မတိုးသာ နောက်မဆုတ်သာ လိပ်ခဲတည်းလည်းအခြေအနေမှ ကျော်လွှားနိုင်ရန် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး၊ ငြိမ်းချမ်းရေး ဆွေးနွေးအဖြေရှာရေး လုပ်ငန်းစဉ်များတွင် အားလုံးပါဝင်ဆောင်ရွက်ကြမှသာ ငြိမ်းချမ်းရေးရှေ့ခရီးကို ဆက်နိုင်မည်ဖြစ်သည်။ NCA သည် တစ်နိုင်ငံလုံးအတွက် ရည်ရွယ်သဖြင့် လက်မှတ်ရေးထိုးသူအားလုံးက တိတိကျကျအကောင်အထည်ဖော်မှသာ အောင်မြင်မည်ဖြစ်သည်။ NCA ၏ အနှစ်သာရသည် နိုင်ငံရေးပြဿနာကို စစ်ရေးနည်းဖြင့် မဖြေရှင်းဘဲ နိုင်ငံရေးယဉ်ကျေးမှုတစ်ရပ်ထူထောင်ပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကို တည်ဆောက်ရန် ဖြစ်သည်။

ပြီးခဲ့သည့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး အခြေအနေများနှင့် ငြိမ်းချမ်းရေးအတွက် မလျော့သောဇွဲ၊ လုံ့လ၊ ဝီရိယဖြင့် ကြိုးပမ်းဆောင်ရွက်မှုများကို သုံးသပ်ကြည့်မည်ဆိုလျှင် ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းရေးကို နိုင်ငံတော်အစိုးရနှင့် တပ်မတော်က ပြင်းပြသည့်ဆန္ဒဖြင့် ဆောင်ရွက်နေသည်မှာ ထင်ရှားသည်။ ငြိမ်းချမ်းရေးကို လိုလားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များက နိုင်ငံရေးကို နိုင်ငံရေးနည်းလမ်းဖြင့် ဆက်လက်ဆွေးနွေး အဖြေရှာနေသည်မှာ ပေါ်လွင်သည်။ သို့ဖြစ်ပါ၍ ထာဝရငြိမ်းချမ်းရေးအတွက် ကနဦးခြေလှမ်းဖြစ်သည့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လုပ်ငန်းစဉ်များကို မသွေဖည်ဘဲ တစ်စည်းတစ်လုံးတည်း ဆက်လက်အကောင်အထည်ဖော်ကြရမည်ဖြစ်ပါကြောင်း။ ။

# လျှောင်ဘေးသင့်ပြည်သူများအတွက် ဆိုလာမီးအိမ်နှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်း




**နေပြည်တော် အောက်တိုဘာ ၁၂**

မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း(ဗဟို)နှင့် Myanmar Blue Sky Rescue Development Council တို့ ပူးပေါင်း၍ ငလျင်ဘေးသင့်ပြည်သူများအတွက် ပေးပို့ လှူဒါန်းထားသော ဆိုလာမီးအိမ် အလုံး ၃၀၀ နှင့် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၅၀၁၀၀ တန်ဖိုးရှိ ထောက်ပံ့ပစ္စည်းများကို မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ငလျင်ဘေးသင့်ဝန်ထမ်း အိမ်ထောင်စု ၅၀၀ နှင့် အောင်မြေသာစံမြို့နယ် ငလျင်ဘေးသင့် အိမ်ထောင်စု ၁၅၀၀ တို့အတွက် ပေးအပ်ခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ် ကမ်းနားလမ်းရှိ ကြင်းတောယန် ဗုဒ္ဓဘာသာကျောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးမှ တာဝန်ရှိသူများ၊ မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း(ဗဟို)နှင့် အသင်းခွဲ(မန္တလေး)တို့မှ ဥက္ကဋ္ဌများ၊ ခရိုင်/မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ အသင်းအဖွဲ့များ၊ Myanmar Blue Sky Rescue Development Council မှ တာဝန်ရှိသူများ၊ ငလျင်ဘေးသင့်ပြည်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားပြီး မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း(ဗဟို)ဥက္ကဋ္ဌ ဦးတင်ဦးနှင့် မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်းခွဲ (မန္တလေး) ဥက္ကဋ္ဌ ဦးကျော်မင်းတို့က နှစ်နိုင်ငံချစ်ကြည်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများတွင် အသင်းမှ ပါဝင်ဆောင်ရွက်နေမှုများ၊ မန္တလေးငလျင်ကြီးနှင့် ပတ်သက်၍ ငလျင်ကာလနှင့်ငလျင်အလွန်ကာလများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကာ တိုင်းဒေသကြီးဝန်ကြီးချုပ်ထံ ငလျင်ဘေးသင့်ဝန်ထမ်းအိမ်ထောင်စု ၅၀၀ အတွက် လှူဒါန်းပစ္စည်းများကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း(ဗဟို)နှင့် အသင်းခွဲ(မန္တလေး)တို့မှ တာဝန်ရှိသူများက အောင်မြေသာစံမြို့နယ်နှင့် မဟာအောင်မြေမြို့နယ်များမှ ငလျင်ဘေးသင့်ပြည်သူများထံ လှူဒါန်းပစ္စည်းများ ပေးအပ်ကြသည်။

ယမန်နေ့ကလည်း တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ မန္တလေးတိုင်းဒေသကြီးအတွင်း ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အသုံးပြုမည့် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) နှင့် ဆက်စပ်ပစ္စည်းများ မန္တလေးမြို့သို့ ရောက်ရှိလာမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ကြည့်ရှုစစ်ဆေးစဉ် တိုင်းဒေသကြီးဝန်ကြီးချုပ်က မဲပေးစက်(MEVM)နှင့် ဆက်စပ်ပစ္စည်းများ ပျက်စီးမှုများမရှိစေရေး အထူးဂရုစိုက် ကြပ်မတ်ထိန်းသိမ်းဆောင်ရွက်သွားကြရန် မှာကြားပြီး စက်ပစ္စည်းများ စီစဉ်နေရာချထားမှုကို ကြည့်ရှုကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် အောင်မြေသာစံမြို့နယ်ရှိ မန်းအောင်ဆွေလင်း ဘော်လီဘောကလပ်တွင် ကျင်းပသည့် အဆင့်မြင့်အလွတ်တန်းဖိတ်ခေါ် အမျိုးသားဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ တက်ရောက်ပြီး မန်းအောင်ဆွေလင်းအသင်းနှင့် မျိုးဆက်သစ်အသင်းတို့ ဗိုလ်လုပွဲယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးရာ ပြိုင်ပွဲအပြီးတွင် မန်းအောင်ဆွေလင်းအသင်းက အနိုင်ရဗိုလ်စွဲ၍ ပထမဆုကို ဆွတ်ခူးရရှိသည်။

ယင်းနောက် ဆုချီးမြှင့်ပွဲ ဆက်လက် ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆုရရှိကြသူများကို ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးထိန်လင်း ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက်(၂၅)နှစ်အောက် (အမျိုးသမီး)ဘောလုံးပြိုင်ပွဲ ကြည့်ရှုအားပေး




**နေပြည်တော် အောက်တိုဘာ ၁၂**

အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းသည် ယမန်နေ့က ဧရာဝတီတိုင်းဒေသကြီး (ပုသိမ်ဇုန်)တွင် ကျင်းပလျက်ရှိသည့် အသက်(၂၅)နှစ်အောက် (အမျိုးသမီး) ဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည် ပထမပြိုင်ပွဲ ယှဉ်ပြိုင်မည့် ဧရာဝတီတိုင်းဒေသကြီး အမျိုးသမီးအသင်းနှင့် မန္တလေးတိုင်းဒေသကြီးအမျိုးသမီးအသင်းတို့ကို ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ ပြိုင်ပွဲမစတင်မီ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ ပြိုင်ပွဲကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ဧရာဝတီတိုင်းဒေသကြီးရှိ အားကစားနှင့် ကာယပညာသိပ္ပံ(ပုသိမ်)သုံးထပ်သင်တန်းသားအိပ်ဆောင် တည်ဆောက်နေမှုကို လိုက်လံကြည့်ရှုစစ်ဆေးကာ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး၊ စံချိန်စံညွှန်း အရည်အသွေး ပြည့်မီစေရေး အလေးအနက်ထား ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားသည်။

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးနှင့်အတူ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဟင်္သာတမြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနသို့ သွားရောက်၍ မြို့နယ်အားကစားခန်းမ ကြမ်းခင်းပြုပြင်ခြင်းလုပ်ငန်းပြီးစီးမှုကို ကြည့်ရှုစစ်ဆေးကာ အားကစားခန်းမ ရေရှည်တည်တံ့နိုင်ရေး အမြဲထိန်းသိမ်းဆောင်ရွက်သွားရန်၊ အစဉ်အမြဲသန့်ရှင်းသာယာလှပစေရေးတို့အတွက် အလေးအနက်ထား ဆောင်ရွက်သွားရန်နှင့် အားကစားပြိုင်ပွဲများ စဉ်ဆက်မပြတ် ကျင်းပသွားရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည် ဆိုသည့်အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့်ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

❑ *ကျော်ဖုံးမှ*

မွန်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မွန်ပြည်နယ်အသင်းက ကချင်ပြည်နယ်အသင်းကို လေးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိသည်။

အဆိုပါ ပြိုင်ပွဲ အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များကို ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ဇုန်(၄)ဇုန်ခွဲ၍ အောက်တိုဘာ ၁၈ ရက်အထိ ကျင်းပခြင်းဖြစ်ပြီး ရှုံးထွက်ပွဲစဉ်များ၊ တတိယလုပွဲ ပွဲစဉ်နှင့် ဗိုလ်လုပွဲ ပွဲစဉ်များကို အောက်တိုဘာ ၂၁ ရက်၊ ၂၃ ရက်နှင့် ၂၅ ရက်တို့တွင် ရန်ကုန်မြို့ရှိ အားကစားကွင်းများတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အောက်တိုဘာ ၁၃ ရက်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ညနေ ၃ နာရီမှစတင်ကာ ဘားအံမြို့ ဇွဲကပင် အားကစားကွင်း၌ ကရင်ပြည်နယ်အသင်းနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်း၊ ပဲခူးမြို့ အားကစားဥယျာဉ်ကွင်း၌ ပဲခူးတိုင်းဒေသကြီးအသင်းနှင့် ကယားပြည်နယ်အသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည့်အတွက် အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှု အားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

❍ *ကျော်ဖုံးမှ*

အိုင်ယာလန်အသင်းဂိုးသမား ကယ်လာဟာသည် ပွဲကစားချိန် ၇၅ မိနစ်တွင် ခွင့်ပြုပေးခဲ့ရသော ခရစ္စတီယာနို စီရော်နယ်ဒို၏ ပယ်နယ်တီကန်သွင်းမှုကို လက်စွမ်းပြ ကာကွယ်နိုင်ခဲ့သည်။ အိုင်ယာလန်အသင်းသည် ပေါ်တူဂီအသင်းဘက်သို့ ဂိုးပေါက်ကန်သွင်းခွင့် နှစ်ကြိမ်သာရရှိခဲ့ပြီး ဂိုးပေါက်တည့်မတ်မှု မရှိခဲ့ပေ။ ပြိုင်ဘက် ပေါ်တူဂီအသင်းက အိုင်ယာလန်အသင်းဘက်သို့ ဂိုးပေါက်ကန်သွင်းခွင့် အကြိမ်ရေ ၃၀ အထိရှိခဲ့ပြီး ဂိုးပေါက်တည့်မတ်မှု ခြောက်ကြိမ်ရှိခဲ့သည်။

ပေါ်တူဂီအသင်းသည် ယခုပွဲစဉ်တွင် နိုင်ပွဲရရှိခဲ့သည့်အတွက် ကမ္ဘာ့ဖလားခြေစစ်ပွဲတွင် သုံးပွဲကစားပြီး သုံးပွဲစလုံးနိုင်ပွဲရရှိကာ ရာနှုန်းပြည့်နိုင်ပွဲကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့သည်။ ပြိုင်ဘက် အိုင်ယာလန်အသင်းက သုံးပွဲကစားပြီးချိန်တွင် နိုင်ပွဲရရှိထားခြင်းမရှိသေးဘဲ တစ်ပွဲသရေနှင့် နှစ်ပွဲရှုံးရလဒ်ရရှိထားသည်။

အခြားပွဲစဉ်ရလဒ်များတွင် တူကီယဲက ဘူလ်ဂေးရီးယားကို ခြောက်ဂိုး-တစ်ဂိုး၊ စပိန်က ဂျော်ဂျီယာကို နှစ်ဂိုး-ဂိုးမရှိ၊ အီတလီက အက်စ်တိုးနီးယားကို သုံးဂိုး-တစ်ဂိုး၊ အယ်ဘေးနီးယားက ဆားဘီးယားကို တစ်ဂိုး-ဂိုးမရှိဖြင့် အသီးသီးနိုင်ပွဲရရှိခဲ့သည်။

**အောင်ဇော်**

# မဲစာရင်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် မဲစာရင်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ မဲဆန္ဒရှင်ပြည်သူများက သိရှိလိုသည်များကို စုံစမ်းမေးမြန်းနိုင်ရန်နှင့် ကြုံတွေ့ရသည့် အခက်အခဲများကိုသတင်းပို့နိုင်ရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက တာဝန်ခံဖြေကြားပေးမည့် Call Centre များကို ဖွင့်လှစ်ထားရှိပေးထားပါသည်။ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် အောက်ပါ Call Centre ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်(နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၃၀၂ (၂) ၀၆၇-၃၄၀၄၃၀၃
- (၃) ၀၆၇-၃၄၀၄၃၀၄ (၄) ၀၉-၂၅၂၁၁၆၉၉၆
- (၅) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၂၁၁၆၉၉၆

(ခ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၁၇၉၆၇ (၂) ၀၆၇-၄၁၇၉၆၃
- (၃) ၀၆၇-၈၈၁၇၅၀၂၅၆ (၄) ၀၉-၅၃၃၀၁၃၀
- (၅) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၈၁၇၅၀၂၅၆

(ဂ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ကချင်ပြည်နယ်)
- (၁) ၀၁-၃၃၃၁၆၃၅
- (၂) ၀၉-၄၂၂၅၄၄၆၆၉
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၀၀၂၁၃၀၃

(ဃ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ကယားပြည်နယ်)
- (၁) ၀၉-၈၈၁၄၄၆၆၈၆
- (၂) ၀၉-၈၈၆၈၃၄၂၃၃
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၈၅၆၃၆၈၁၁

(င) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၁၁၇၅
- (၂) ၀၅၈-၂၃၄၃၂
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၇၇၈၇၁၀၁၄၆

(စ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ချင်းပြည်နယ်)
- (၁) ၀၁-၃၃၃၆၆၁၁
- (၂) ၀၁-၃၃၃၆၆၂၂
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၄၂၉၉၃၂၃၃

(ဆ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၅
- (၂) ၀၇၁-၂၀၃၂၀၉၆
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၇၉၇၇၉၅၂၀

(ဇ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၁၂၁၁
- (၂) ၀၅၉-၂၀၂၃၅၂၅
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၃၇၂၉၉၀

(ဈ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၂၁၂၆၈
- (၂) ၀၅၂- ၂၂၀၁၉၉၁
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉- ၂၅၁၁၃၃၁၈၇

(ည) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၈၉
- (၂) ၀၆၃-၂၀၂၈၈၉၀
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉- ၅၂၀၂၆၅၉

(ဋ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၆၉၀၄၂
- (၂) ၀၂-၄၀၆၇၃၄၄
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၆၀၂၂၇၇၇

(ဌ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၂၅၆
- (၂) ၀၅၇-၂၀၂၄၃၉၁
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၀၀၇၀၉၀၃

(ဍ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၄၂၁၇၄၂၄၂၈
- (၂) ၀၉-၄၃၀၉၄၄၅၇
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၂၁၇၁၅၄၉၄

(ဎ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၂၅၀၆၂၉၃
- (၂) ၀၁-၂၃၀၆၂၅၀
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၄၄၁၆၅၁၄၁၆

(ဏ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၉၉၅
- (၂) ၀၈၁-၂၁၂၄၅၄၀
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၄၁၀၁၅၀၈

(တ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၄၆၁၆
- (၂) ၀၄၂-၂၃၇၈၃
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၆၉၅၈၃၇၀၃၀

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပေးပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေး ဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

---

- ❖ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင်စတင်၍ အပိုင်းလိုက်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို လေ့လာလိုသည့် ပြည်တွင်းရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် လေ့လာလိုသည့် တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အလိုက် သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများတွင် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခွင့်ကို ၁၆-၉-၂၀၂၅ ရက်နေ့မှစတင်ကာ ၅-၁၂-၂၀၂၅ ရက်နေ့အထိ လျှောက်ထားနိုင်ကြောင်း၊
- ❖ လွှတ်တော်ရွေးကောက်ပွဲများ စောင့်ကြည့်လေ့လာရာတွင် ပြည်တွင်းရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ လိုက်နာရမည့်ကျင့်ဝတ်ကို အမိန့်ကြော်ငြာစာအမှတ် (၆၈/၂၀၂၅) ဖြင့်လည်းကောင်း၊ ပြည်တွင်းရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အမိန့်ကြော်ငြာစာအမှတ် (၆၉/၂၀၂၅) ဖြင့်လည်းကောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၆-၉-၂၀၂၅ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။ အဆိုပါ အမိန့်ကြော်ငြာစာများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ **Official Website** ဖြစ်သည့် **www.uec.gov.mm** တွင် ဝင်ရောက်ကြည့်ရှု၍ **Download** ရယူနိုင်ကြောင်း၊
- ❖ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် သက်ဆိုင်ရာနိုင်ငံများနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များကို တိုက်ရိုက်ဖိတ်ကြားစာ ပေးပို့၍သော်လည်းကောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် သံတမန်ဆက်သွယ်မှုပြုထားသည့် နိုင်ငံခြား သံရုံးများ၊ ကောင်စစ်ဝန်ရုံးများနှင့် အမြဲတမ်းကိုယ်စားလှယ်ရုံးများမှ ကိုယ်စားလှယ်များကိုလည်း နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ဖိတ်ကြား၍သော်လည်းကောင်း နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများအဖြစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို စောင့်ကြည့်လေ့လာခွင့်ပြုသွားမည်ဖြစ်ကြောင်း။

---

## အမြဲတမ်းနေရပ်သို့ ပြန်လည်၍ မဲပေးလိုခြင်းမရှိပါက ရောက်ရှိနေရာတွင် မဲပေးနိုင်ရေး မဲစာရင်းထည့်သွင်းရန် ဆောင်ရွက်ရမည့်နည်းလမ်း

- ❖ အနည်းဆုံးရက်ပေါင်း (၁၈၀) ထက်မနည်း မဲစာရင်းပါရှိသည့် သက်ဆိုင်ရာ မြို့နယ်ပြင်ပသို့ ရောက်ရှိနေပြီး မိမိ၏ အမြဲတမ်းနေရပ်သို့ ပြန်လည်၍ မဲပေးလိုခြင်းမရှိပါက မိမိ ရောက်ရှိနေသော မဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်သော လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ဆန္ဒမဲပေးပိုင်ခွင့်ရရှိရေးအတွက် မိမိအမည်ကို မဲစာရင်းတွင် ထည့်သွင်းပေးရန် တောင်းဆိုလွှာပုံစံ (၃-က) ဖြင့် ရွေးကောက်ပွဲကျင်းပမည့်နေ့မတိုင်မီ ရက်ပေါင်း ၆၀ ထက် နောက်မကျစေဘဲ သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြလျှောက်ထားရန်။

---

❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်း အသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ကယားပြည်နယ်ဝန်ကြီးချုပ် လွိုင်ကော်တက္ကသိုလ်တွင် တာဝန်ထမ်းဆောင်ကြမည့် ဆရာ ဆရာမများနှင့် ဝန်ထမ်းများအား တွေ့ဆုံအားပေး၊ ငွေပဒေသာပင်၊ ချီးမြှင့်ငွေနှင့် အခြေခံစားကုန်များပေးအပ်

**လွိုင်ကော် အောက်တိုဘာ ၁၂**

ကယားပြည်နယ် လွိုင်ကော်တက္ကသိုလ်အား အောက်တိုဘာ ၁၃ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ရာ တာဝန်ထမ်းဆောင်ကြမည့် သင်ကြားရေး ဆရာ/ဆရာမများနှင့် ဝန်ထမ်းများအား တွေ့ဆုံအားပေးစကားပြောကြားခြင်း၊ ငွေပဒေသာပင်၊ ချီးမြှင့်ငွေနှင့်အခြေခံစားကုန်များပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက လွိုင်ကော်တက္ကသိုလ် စုဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ်ဝန်ကြီးများ၊ လွိုင်ကော်တက္ကသိုလ် ဒုတိယပါမောက္ခချုပ်၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် ပြည်နယ်အဆင့်တာဝန်ရှိသူများ၊ လွိုင်ကော်တက္ကသိုလ်တွင် တာဝန်ထမ်းဆောင်ကြမည့် ပါမောက္ခများ၊ ကထိကများ၊ နည်းပြများနှင့် ဝန်ထမ်းများ၊ အထောက်အကူပြုအဖွဲ့များ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှု၊ ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဒေသခံ ကျောင်းသား ကျောင်းသူများကို စိတ်အေးချမ်းသာစွာ မိမိဒေသတွင် တက္ကသိုလ်ပညာ ပြန်လည်သင်ကြားနိုင်ရေး၊ ပညာရေးနောက်ကျကျန်ရစ်မှုမရှိစေရေး လွိုင်ကော်တက္ကသိုလ်အား ပြန်လည်ဖွင့်လှစ်နိုင်ရန် ဇွန် ၅ ရက်မှစ၍ စီစဉ်ဆောင်ရွက်ခဲ့ပါကြောင်း၊ ယခုအခါ လွိုင်ကော်တက္ကသိုလ်တွင် သင်ကြားနိုင်ရန် အသင့်အနေအထားရှိပြီဖြစ်ကြောင်း၊ ဆရာ ဆရာမများအနေဖြင့် တာဝန်ထမ်းဆောင်ရာတွင် မိမိတာဝန်များကို ကျေပွန်အောင်ထမ်းဆောင်ကြရန်နှင့် လိုအပ်ချက်များ၊ အခက်အခဲများရှိပါက တင်ပြပေးကြရန်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက္ကသိုလ်ဒုတိယပါမောက္ခချုပ် ဒေါက်တာမင်းသောင်က တက္ကသိုလ်ဖွင့်လှစ်မည့် အခြေအနေများ၊ ဝန်ထမ်းများ ပြန်လည်ရောက်ရှိ တာဝန်ထမ်းဆောင်မှု၊ စာသင်ဆောင်များ၊ စာကြည့်တိုက်၊ တက္ကသိုလ်ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၏ အိပ်ဆောင်များ၊ ကျောင်းသုံးပရိဘောဂနှင့် အသုံးအဆောင်များ ဖြည့်တင်းထားရှိမှု၊ တက္ကသိုလ်ဓမ္မာရုံနှင့် အားကစားကွင်း ပြင်ဆင်ဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က တက္ကသိုလ်အတွက် ငွေပဒေသာပင်နှင့် တာဝန်ထမ်းဆောင်ကြမည့် ဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ ဒုတိယပါမောက္ခချုပ်ကလည်းကောင်း၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ သယံဇာတရေးရာဝန်ကြီးတို့က ဆန်၊ ဆီ၊ ကြက်ဥ၊ ခေါက်ဆွဲခြောက်စသည့် အခြေခံစားသောက်ကုန်များကို ပေးအပ်ရာ ဝန်ထမ်းကိုယ်စားလှယ်များကလည်းကောင်း လက်ခံရယူကာ ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ဆောင်ရွက်ပေးသွားမည့် အခြေအနေများကို ပြန်လည်ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လွိုင်ကော်တက္ကသိုလ်ပင်မဆောင် ဆောင်ရွက်ပြီးစီးမှု၊ တက္ကသိုလ်စာကြည့်တိုက်တွင် ကျောင်းသား ကျောင်းသူများ စာပေလေ့လာ ဖတ်ရှုနိုင်ရန် ရည်ညွှန်းစာဖတ်ခန်း၊ စာဖတ်ခန်းနှင့် စာအုပ်ခင်းကျင်းထားသိုမှု၊ တာဝန်ထမ်းဆောင်ကြမည့် ပါမောက္ခ၊ ကထိက၊ နည်းပြများ၏ အိပ်ဆောင်များ၌ နေရာချထားမှုများ၊ တက်ရောက်ပညာသင်ကြားမည့် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်ရေးအတွက် ကျောင်းသား ကျောင်းသူများ၏ အိပ်ဆောင်များ၊ ရေချိုးခန်း၊ သန့်စင်ခန်းနှင့် စားရိပ်သာများ ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ စာသင်ခန်းများ၊ Theatre များ၊ ပရိဘောဂများ၊ သန့်စင်ခန်းများ ပြင်ဆင်ထားရှိမှုအခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

၂၀၂၅ ပညာသင်နှစ် လွိုင်ကော်တက္ကသိုလ် (အဝေးသင်သင်တန်း) ဒုတိယသုတ်နှင့် တတိယသုတ် အနီးကပ်သင်တန်းနှင့် စာမေးပွဲကို လွိုင်ကော်တက္ကသိုလ်တွင် တက်ရောက်ဖြေဆိုရမည်ဖြစ်ပြီး ဒုတိယသုတ်ကို အောက်တိုဘာ ၁၃ ရက်မှ ၂၂ ရက်အထိလည်းကောင်း၊ တတိယသုတ်ကို နိုဝင်ဘာ ၁ ရက်မှ ၁၁ ရက်အထိ လည်းကောင်း အနီးကပ်သင်တန်း ပို့ချဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

## ရတနာပုံတက္ကသိုလ်၌ တက္ကသိုလ်ဝင်လမ်းညွှန်ဘာသာရပ်များအကြောင်း မိတ်ဆက်

**မန္တလေး အောက်တိုဘာ ၁၂**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ရတနာပုံတက္ကသိုလ်တွင် အမရပူရခရိုင်အတွင်းရှိ အခြေခံပညာကျောင်းခုနစ်ကျောင်း၊ အထက (ခွဲ) ကျောင်း ငါးကျောင်းနှင့် ကိုယ်ပိုင်ကျောင်း တစ်ကျောင်းတို့မှ တက္ကသိုလ်ဝင် Grade – 12 အတန်းများတွင် တက်ရောက်ပညာသင်ကြားနေသည့် ကျောင်းသား ကျောင်းသူ ၃၈၉ ဦးတို့အား တက္ကသိုလ်ဝင်လမ်းညွှန် ဘာသာရပ်များအကြောင်း မိတ်ဆက်ခြင်းနှင့် ရတနာပုံတက္ကသိုလ်တွင် ပို့ချသင်ကြားပေးနေသည့် အထူးပြုဘာသာရပ် ၂၈ ခုတို့အား မိတ်ဆက်ခြင်းအခမ်းအနားကိုအောက်တိုဘာ ၁၀ ရက် နံနက် ၉ နာရီက ကျင်းပသည်။



ဦးစွာ ပါမောက္ခချုပ် ဒေါက်တာတင့်မိုးသူဇာက အမှာစကားနှင့် တက္ကသိုလ်ဝင် လမ်းညွှန်ပါ ဘာသာရပ်များအကြောင်း မိတ်ဆက်ရှင်းလင်း ပြောကြားသည်။ ထို့နောက် Yadanabon University Documentairy Video Clip ကို ပြသသည်။

ထို့နောက် ပထမပိုင်းအစီအစဉ်တွင် ဥပဒေပညာ၊ ရှေးဟောင်းသုတေသနပညာ၊ ဒဿနိကဗေဒ၊ မနုဿဗေဒ၊ နိုင်ငံတကာဆက်ဆံရေးပညာ၊ စိတ်ပညာ၊ အရှေ့တိုင်းပညာနှင့် အားကစားပညာ၊ စာကြည့်တိုက်နှင့် သုတပညာ၊ မှတ်တမ်းနှင့် မော်ကွန်းစီမံခန့်ခွဲမှုပညာ၊ စီးပွားရေးပညာ စသည့် ဘာသာရပ်အသီးသီးမှ ပါမောက္ခ (ဌာနမှူး)များ၊ ပါမောက္ခများနှင့် ဆရာ၊ ဆရာမများက သင်ကြားပို့ချပေးနေသည့် ဝိဇ္ဇာဘာသာရပ်များအကြောင်းကို လည်းကောင်း၊ ကုန်ထုတ်ဓာတုဗေဒ၊ ဓာတုဗေဒနှင့် ဇီဝဓာတုဗေဒ၊ ဘူမိဗေဒ၊ ရုက္ခဗေဒနှင့် အဏုဇီဝဗေဒ၊ သတ္တဗေဒ၊ ရူပဗေဒ၊ ကွန်ပျူတာသိပ္ပံပညာ၊ သင်္ချာ၊ မြန်မာစာ၊ မြန်မာမှု၊ အင်္ဂလိပ်စာ၊ ပထဝီဝင်၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လေ့လာမှုပညာ၊ သမိုင်း စသည့် ဘာသာရပ်အသီးသီးမှ ပါမောက္ခ(ဌာနမှူး)များ၊ ပါမောက္ခများနှင့် ဆရာ ဆရာမများက သင်ကြားပို့ချပေးနေသည့် ဝိဇ္ဇာဘာသာရပ်များနှင့် သိပ္ပံဘာသာရပ်များအကြောင်းကို လည်းကောင်း မိတ်ဆက်ရှင်းလင်းကြသည်။

**မြို့နယ်(ပြန်/ဆက်)**



## သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေများပေးအပ်လှူဒါန်း

**နေပြည်တော် အောက်တိုဘာ ၁၂**

မြန်မာနိုင်ငံ စာရေးဆရာအသင်းက ၁၃၈၇ ခုနှစ် စာဆိုတော်နေ့အထိမ်းအမှတ်(၃၈)ကြိမ်မြောက် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေများလက်ခံလျက်ရှိရာ ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် ဒက္ခိဏသီရိခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံး၌ ကျင်းပသော အလှူငွေပေးအပ်ပွဲ၌ နေပြည်တော်စာပေဝိုင်းက လှူဒါန်းသည့် ငွေကျပ် ၂၇၀၀၀၀ ကို စာရေးဆရာမကြီး တင်ရီမ(ညောင်ဦး)ကလည်းကောင်း၊ စာရေး ဆရာ စိုးတင့် (ရေဝတီ)က ငွေကျပ် ၂၀၀၀၀၀ ကိုလည်းကောင်း၊ ပုဗ္ဗသီရိမြို့နယ် စာရေးဆရာအသင်းက ငွေကျပ် ၁၀၀၀၀ ကိုလည်းကောင်း ပေးအပ်ရာ မြန်မာနိုင်ငံစာရေးဆရာအသင်း ဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)က လက်ခံခဲ့သည်။ **သတင်းစဉ်**

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော် အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် NUG, CRPH လက်အောက်ခံအကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် အောက်တိုဘာ ၁၂**

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မိုး/ဇလ**

# MSME ထုတ်ကုန်ပစ္စည်းပြိုင်ပွဲကျင်းပနိုင်ရေး ဆွေးနွေး




**နေပြည်တော် အောက်တိုဘာ ၁၂**
ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားခရိုင်နှင့် လယ်ဝေးခရိုင်တို့တွင် ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်စာရင်းများအား ပထမအကြိမ် ကပ်ထားကြေညာပေးထားရာ MSME လုပ်ငန်းရှင်များအနေဖြင့် မိမိတို့လုပ်ငန်းအတွင်းရှိ လုပ်သားများ မဲစာရင်းတွင် မကျန်ရှိစေရေး အလေးထားကြည့်ရှုပေးရန်နှင့် MSME လုပ်ငန်းများ အဆင့်မြှင့်တင်ဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က ဒက္ခိဏသီရိမြို့နယ် စက်မှုဇုန်စီမံခန့်ခွဲမှုကော်မတီရုံး၌ ကျင်းပသည်။

ဦးစွာ နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းက ပထမအကြိမ် မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာစဉ် မဲဆန္ဒရှင်များအနေဖြင့် မဲစာရင်းသွားရောက်ကြည့်ရှုပြီး မိမိအမည် မဲစာရင်းတွင် မပါဝင်ပါက ပုံစံ(၃)ဖြင့် မဲစာရင်းတွင် အမည်ထည့်သွင်းပေးရန် လျှောက်ထားခြင်း၊ မပါဝင်သင့်သူများ ပါဝင်နေပါက ပုံစံ(၄)ဖြင့် ကန့်ကွက်ခြင်း၊ မဲစာရင်းပါ အချက်အလက်များ မှားယွင်းနေပါက ပုံစံ(၄-က) ဖြင့် ပြင်ဆင်လွှာတင်သွင်းခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်ပြီး လိုအပ်သောပုံစံများကို ရပ်ကွက်/ကျေးရွာ အုပ်စုကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ရယူနိုင်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ နေပြည်တော် MSME အေဂျင်စီ ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဝင်က ဒေသတွင်းထွက်ရှိသည့် ထုတ်ကုန်လုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ မြို့နယ်အဆင့် ထုတ်လုပ်သည့်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး MSME ပြပွဲ၊ ပြိုင်ပွဲများကို လုပ်ငန်းရှင်များ၊ အသင်းဝင်များနှင့် ပေါင်းစပ်၍ ကျင်းပဆောင်ရွက်စေလိုကြောင်း၊ စိုက်ပျိုး၊ မွေးမြူရေးကို အခြေခံသည့် သွင်းကုန်အစားထိုး စက်မှုလုပ်ငန်းများနှင့် ပြည်ပတင်ပို့နိုင်သည့် စက်မှုလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်နိုင်ရေး ဈေးကွက်အဆင့်မြှင့်တင်ရန် လိုအပ်ကြောင်း၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ကျင်းပသည့် MSME ထုတ်ကုန်ပြိုင်ပွဲများအတွက် တာဝန်ရှိသူများအနေဖြင့် ဝိုင်းဝန်း အကြံပြုဆွေးနွေးစေလိုကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် အောက်တိုဘာ ၁၂**
ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မိုး/ဇလ

- ■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- ■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

## ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်မှုမှ ကြိုတင်ကာကွယ်ရေးသတိပေးနှိုးဆော်ချက်

နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံအနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှုလျော့နည်းစေရေးအတွက် အောက်ဖော်ပြပါအချက်များကို ငါးပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန် သတိပေးနှိုးဆော်အပ်ပါသည် -

- ➢ ငါးမွေးမြူရေးကန်များ၏ ကန်ပေါင်များခိုင်ခံ့ရန်အတွက် ကန်ပေါင်ပါးသောနိမ့်သော နေရာများတွင် သဲအိတ်များဖို့၍ ကန်ပေါင်ခိုင်ခံ့အောင်ပြုလုပ်ထားပါရန်၊
- ➢ အကယ်၍ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှုမရှိစေရေးအတွက် ဇာပြာပိုက်များဖြင့် ကာရံထားပါရန်၊
- ➢ ရေစီးကြောင်းနှင့်နီးသောငါးကန်များတွင် ရေတိုက်စားမှုကာကွယ်ရန်အတွက် တုတ်ရိုက်ပြီးဝါးထရံများဖြင့်ကာရံ၍ သဲအိတ်များဖို့ထားပါရန်၊
- ➢ လိုအပ်ပါက ငါးများရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့် စက်ပစ္စည်းများအား ကြိုတင်ပြင်ဆင်ထားပါရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းထားပါရန်၊
- ➢ သိုလှောင်ထားသော ငါးအစာနှင့် လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ ရွှေ့ပြောင်းထားပါရန်၊
- ➢ ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများလွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားပါရန်၊
- ➢ မွေးမြူရေးကန်၏ ရေထွက်/ရေလျှံပေါက်များ၊ ရေကျော်မည့်နေရာများအား အစဉ်ဂရုတစိုက် စစ်ဆေးနေပါရန်၊
- ➢ ထူးခြားသည့်အခြေအနေများ အချိန်နှင့်တစ်ပြေးညီသိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပို့နိုင်မည့်နည်းလမ်းများ ကြိုတင်ပြင်ဆင်ထားပါရန်၊
- ➢ နိုင်ငံပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသော အရေးပေါ်မိုးလေဝသ သတိပေးချက်များနှင့်ပတ်သက်သည့်သတင်းများကို အမြဲဂရုတစိုက်နားထောင်ပါရန်နှင့် ပြည်တွင်းထုတ်နေ့စဉ်သတင်းစာများတွင်ပါရှိသည့် မိုးလေဝသနှင့်ပတ်သက်သည့် သတင်း၊ ဆောင်းပါးများအား အမြဲမပြတ် ဖတ်ရှုသတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက်ဖလှယ်ကြပါရန်၊
- ➢ ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများဖြစ်ပေါ်ပါက နီးစပ်ရာငါးလုပ်ငန်းဦးစီးဌာနများနှင့်ဆက်သွယ်အကူအညီတောင်းခံကြပါရန်၊

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

## အာဖရိကဝက်အပြင်းဖျားရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

၁။ အာဖရိကဝက်အပြင်းဖျားရောဂါသည် ယခင်က အာဖရိကနိုင်ငံများတွင်သာ ဖြစ်ပွားကျရောက်ခဲ့သော်လည်း ၂၀၁၈ ခုနှစ် ဩဂုတ်လမှစ၍ အာရှနိုင်ငံများဖြစ်သည့် တရုတ်၊ မွန်ဂိုလီးယား၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ ဟောင်ကောင်၊ မြောက်ကိုရီးယားနိုင်ငံများသို့ ကူးစက်ပျံ့နှံ့ခဲ့ပြီး (၂-၆-၂၀၁၉) ရက်မှစတင်၍ မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် လာအိုနိုင်ငံတွင် ရောဂါကူးစက်ပျံ့နှံ့လျက်ရှိသောကြောင့် ရောဂါထိန်းချုပ်ရေးလုပ်ငန်းများကို အာဖရိကဝက်အပြင်းဖျားရောဂါ ကူးစက်ပျံ့နှံ့မှုမရှိစေရေးအတွက် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) အာဖရိကဝက်အပြင်းဖျားရောဂါသည် လူသို့ လုံးဝ(လုံးဝ)ကူးစက်ခြင်းမရှိပါ၊
(ခ) ဝက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုမြှင့်တင်ရန်၊
(ဂ) ဝက်ခြံများနှင့် သားငါးဈေးများတွင် စနစ်တကျပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊
(ဃ) ဝက်များကို စားသောက်ဆိုင်/အိမ်များမှ စားကြွင်း/ကျန်ကျွေးခြင်း ပြုလုပ်ပါက အပူပြင်းပြင်းဖြင့် ချက်ပြုတ်ပြီးမှ ကျွေးမွေးရန်၊
(င) အခြားခြံမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်းမပြုရန်နှင့် လူအဝင်အထွက် ထိန်းချုပ်ရန်၊
(စ) အသက်အရွယ်တူ ဝက်များကိုသာ အတူတူ မွေးမြူရန်၊
(ဆ) ဝက်ခြံများ အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက်ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊
(ဇ) ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှ ဝက်များကို ဝယ်ယူမွေးမြူရန်၊
(ဈ) ဝယ်ယူသည့် ဝက်များကို မိမိခြံရှိ ဝက်များနှင့် မရောမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်၊
(ည) ပြည်ပမှ တရားမဝင်တင်သွင်းလာသော ဝက်အရှင်နှင့် ဝက်ထွက်ပစ္စည်းများဖြစ်သည့် ဝက်သား၊ အေးခဲဝက်သား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းနှင့် အခြားဝက်ထွက်ပစ္စည်းများ တင်သွင်းခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်းမပြုရန်၊
(ဋ) တောဝက်နှင့် အိမ်မွေးဝက်များ ရောနှောထိတွေ့ခြင်းမှ ကာကွယ်ရန်၊
(ဌ) တောဝက်နှင့် အိမ်မွေးဝက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ထံသို့ ချက်ချင်းသတင်းပို့ရန်၊
(ဍ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး လယ်ဝေးမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများ၌ မဲဆန္ဒရှင်စာရင်းကပ်ထားကြေညာထားရှိမှုကြည့်ရှု

လယ်ဝေး အောက်တိုဘာ ၁၂ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးနှင့်တာဝန်ရှိသူများသည် လယ်ဝေးမြို့နယ် ဂုဏ်မင်းအိုင်ကျေးရွာနှင့် ပိတောက်ချောင်ကျေးရွာ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲရုံးများ၌ ပထမအကြိမ် မဲဆန္ဒရှင်စာရင်းကပ်ထားမှုအား လာရောက်ကြည့်ရှုနေသည့် ကျေးရွာပြည်သူများနှင့် အုပ်ချုပ်ရေးမှူးများအားတွေ့ဆုံ၍ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မဲစာရင်းတွင် မပါဝင်သေးသူများ ပါဝင်ဆန္ဒမဲပေးနိုင်ရေး၊ အကြောင်း အမျိုးမျိုးကြောင့် ရောက်ရှိလာသည့် ယာယီနေရပ်စွန့်ခွာပြည်သူများ မဲပေးနိုင်ရေး၊ မသန်စွမ်းသူများ မဲပေးနိုင်ရေး၊ သေဆုံးစာရင်းများ မဲအမည်စာရင်းမှ ပယ်ဖျက်နိုင်ရေး စသည့် အချက်အလက်များ မှန်ကန်မှုရှိစေရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများက လုပ်ထုံးလုပ်နည်းများနှင့်အညီ ပူးပေါင်းဆောင်ရွက်သွားကြရေး ရှင်းလင်းမှာကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများသည် နေပြည်တော်အပြည်ပြည်ဆိုင်ရာ လေဆိပ်လမ်းမတစ်လျှောက် ပန်းအလှပင်၊ အရိပ်ရပင်များ စိုက်ပျိုးပြီးစီးမှုများကို သွားရောက်ကြည့်ရှု၍ ရာသီအလိုက် သန့်ရှင်းသာယာလှပစေရေး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်သည် မွန်းလွဲပိုင်းတွင် လယ်ဝေးမြို့နယ် အမှတ်(၇)



ရပ်ကွက်နှင့် သက်ကယ်ချင်း ကျေးရွာ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများ၌ ပထမအကြိမ်မဲဆန္ဒရှင်စာရင်း ကပ်ထားကြေညာထားမှုအား ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### နေ့အပူချိန်မြင့်မားခဲ့သော စခန်းများ၏ ၁၂-၁၀-၂၀၂၅ ရက်နေ့ အမြင့်ဆုံးနေ့အပူချိန်များ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်များရှိမြို့များ | အမြင့်ဆုံးအပူချိန် ဒီဂရီဆဲလ်စီးယပ် | အမြင့်ဆုံးအပူချိန် ဒီဂရီဖာရင်ဟိုက် |
|---|---|---|---|
| ၁။ | မြင်းမူ | ၃၇.၀ | ၉၈.၆ |
| ၂။ | ဂန့်ဂေါ | ၃၆.၆ | ၉၇.၉ |
| ၃။ | စစ်ကိုင်း | ၃၆.၅ | ၉၇.၇ |
| ၄။ | ပြည် | ၃၆.၄ | ၉၇.၅ |
| ၅။ | မုံရွာ | ၃၆.၂ | ၉၇.၂ |
| ၆။ | ကျောက်ဆည်(လွန်ကျော်) | ၃၆.၀ | ၉၆.၈ |
| ၇။ | တံတားဦး(လေကြောင်းမိုးလေဝသ) | ၃၆.၀ | ၉၆.၈ |
| ၈။ | သာယာဝတီ | ၃၆.၀ | ၉၆.၈ |
| ၉။ | မကွေး | ၃၆.၀ | ၉၆.၈ |
| ၁၀။ | ရွှေဘို | ၃၆.၀ | ၉၆.၈ |
| ၁၁။ | ဘားအံ(စိုက်ပျိုးရေးမိုးလေဝသ) | ၃၆.၀ | ၉၆.၈ |

## မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်ချက်

အိမ်တိုင်းအိမ်တိုင်းက မီးကိုကြိုတင်ကာကွယ်တားဆီးနိုင်ရန် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ အောက်ပါစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံထားသည် -

(၁) မိမိနေအိမ်ခြံဝင်းကို သန့်ရှင်းသပ်ရပ်စွာထားပါ။

(၂) မီးလောင်လွယ်သော အရာဝတ္ထုများကို သေချာစွာထုပ်ပိုးသိမ်းဆည်းခြင်း၊ အသုံးမပြုလိုလျှင် စနစ်တကျ စွန့်ပစ်ခြင်းများ ဆောင်ရွက်ပါ။

(၃) အမှိုက်မီးရှို့လိုလျှင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သို့ ကြိုတင်အကြောင်းကြား၍ ခွင့်ပြုမှသာ ဆောင်ရွက်ပါ။

(၄) ထင်းမီးဖိုအသုံးပြုလျှင် လုံခြုံစွာကာရံခြင်း၊ ကျင်းတူး၍ အသုံးပြုခြင်းများ ဆောင်ရွက်ပါ။

(၅) ဓာတ်ငွေ့မီးဖြင့် အသုံးပြုချက်ပြုတ်လျှင် အသုံးမပြုမီ နားလည်တတ်ကျွမ်းသူများဖြင့် သေချာစွာ စစ်ဆေးပါ။

(၆) လျှပ်စစ်မီးကို အသုံးပြုချက်ပြုတ်လျှင် ဝန်အားမျှတသည့် ဝိုင်ယာကြိုးများကို အသုံးပြုခြင်း၊ လျှပ်စီးပတ်လမ်းကို အလိုအလျောက်ဖြတ်တောက်ပေးသော ပစ္စည်းကိရိယာများကို အသုံးပြုခြင်း၊ ဝန်အားမနိုင်လျှင် လျှပ်စီးပတ်လမ်းကို ဖြတ်တောက်ပေးသည့် ပစ္စည်းကိရိယာများတပ်ဆင်ထားရှိခြင်းများကို နားလည်တတ်ကျွမ်းသော ပညာရှင်များ၏ အကူအညီရယူဆောင်ရွက်ပါ။

(၇) နေအိမ်တွင် အသုံးပြုထားရှိသော လျှပ်စစ်ပစ္စည်းများကို နှစ်စဉ်စစ်ဆေးပြီး အသုံးပြုရန် မသင့်လျော်သော ဟောင်းနွမ်းခြင်း၊ ပေါက်ပြဲခြင်း၊ ဝန်အားမမျှခြင်း စသည့်အန္တရာယ်ရှိသည့် အစိတ်အပိုင်းများကို အစားထိုးလဲလှယ်ပါ။

(၈) နေအိမ်ခြံဝင်းအတွင်း လောင်စာဆီ၊ စားသုံးဆီ၊ စက်သုံးဆီ၊ အမွှေးဆီ စသည့်မီးလောင်လွယ်သော ဆီအမျိုးမျိုးကို သိုလှောင်ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ မပြုပါနှင့်။

(၉) မီးခြစ်အစရှိသော မီးဖြစ်စေသော ပစ္စည်းများကို ကလေးသူငယ်များ လက်လှမ်းမမီသောနေရာ၊ အပူဒဏ် မခံစားရသောနေရာများတွင် သေချာစွာသိမ်းဆည်းထားရှိပါ။

(၁၀) ကလေးငယ်များကို မီးဖြစ်ပေါ်စေသောပစ္စည်းများ သို့မဟုတ် မီးလောင်လွယ်သောပစ္စည်းများနှင့် အသုံးပြု ချက်ပြုတ်စေခြင်း၊ ဆေးလိပ်၊ ခြင်ဆေးခွေနှင့် အမွှေးတိုင်အစရှိသော ပစ္စည်းများအား မီးညှိစေခြင်း၊ ဆော့ကစားခြင်းများ မပြုပါစေနှင့်။

(၁၁) ဆေးလိပ်ကို မီးငြိမ်းသည်ဟု သေချာမှသာ စနစ်တကျစွန့်ပစ်ပါ။

(၁၂) အိပ်ရာ၊ အဝတ်တန်း၊ အဝတ်ပုံနှင့် လောင်စာဆီများအနီးတွင် ခြင်ဆေးခွေထွန်းညှိထားခြင်း၊ ဖယောင်းတိုင် မီးထွန်းခြင်း၊ အမွှေးတိုင်ထွန်းညှိ ထားခြင်းများ မပြုပါနှင့်။

(၁၃) ဘုရားရှိခိုးအပြီး လူစောင့်မထားရှိဘဲ မီးပူဖော်ထားရှိခြင်း၊ အမွှေးတိုင် ထွန်းညှိပူဇော်ထားရှိခြင်းများ မပြုပါနှင့်။

(၁၄) ထမင်းဟင်းချက်ပြုတ်ခြင်း၊ မီးပူတိုက်ခြင်း၊ အမှိုက်မီးရှို့ခြင်းနှင့် မီးနှင့်ပတ်သက်သော သို့မဟုတ် မီးလောင်နိုင်သော ပစ္စည်းများကို ကိုင်တွယ်အသုံးပြုပြီးတိုင်း သေချာစွာစစ်ဆေးဖြတ်သိမ်းခြင်း၊ ငြိမ်းသတ်ခြင်း၊ လူစောင့်ထားရှိခြင်းများ ဆောင်ရွက်ပါ။

(၁၅) အကြောင်းကိစ္စ တစ်စုံတစ်ရာကြောင့် နေအိမ်မှထွက်ခွာလိုလျှင် မထွက်ခွာမီ မီးလောင်နိုင်သော ကိစ္စဟူသမျှသေချာစွာ စစ်ဆေးပြီး မီးမလောင်နိုင်ဟု သေချာမှသာ နေအိမ်မှထွက်ခွာပါ။

(၁၆) လူမနေသော အဆောက်အအုံ၊ ဂိုဒေါင်များကို ညစောင့်ထားရှိပါ။

(၁၇) နေအိမ်များတွင် မီးချိတ်၊ မီးကပ်၊ လှေကား၊ ရေနှင့် သဲအစရှိသော မီးငြိမ်းသတ်ရေးကိရိယာများ စုံလင်စွာထားရှိပါ။ ငွေကြေးတတ်နိုင်ပါက မီးသတ်ဆေးဘူးထားရှိပါ။ အထပ်မြင့်အဆောက်အအုံဖြစ်ပါက အထပ်တိုင်းတွင် မီးသတ်ဆေးဘူးထားရှိပါ။

(၁၈) မီးငြိမ်းသတ်ရေးကိရိယာများကို အသုံးပြုတတ်စေရန် လေ့ကျင့်သင်ကြားပါ။ နေအိမ်ရှိလူတိုင်း အသုံးပြုတတ်အောင်လည်း သင်ကြား၍ အခါအားလျော်စွာ လေ့ကျင့်ပါ။

(၁၉) မီးချိတ်၊ မီးကပ်၊ လှေကား၊ ရေနှင့် သဲများထားရှိရာတွင် မီးချိတ်သည် အရှယ်ရောက်ပြီး လူငယ်တစ်ဦး ခိုစီးနိုင်လောက်အောင် ခိုင်ခံ့ရမည်။ မီးကတ်သည် လွှဲယမ်းခံနိုင်လောက်အောင် တောင့်တင်းရမည်၊ လှေကားသည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူနိုင်ရမည်ဖြစ်ပြီး လူကြီးနှစ်ဦးအတက်ခံနိုင်သည်အထိ ပေါ့ပါးခိုင်ခံ့ရမည်၊ ရေနှင့်သဲကို အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူပက်ဖျန်းစေနိုင်သော ပုံးဖြင့်ဖြစ်စေ အများအပြားထားရှိပါက အလွယ်တကူ သယ်ယူပက်ဖျန်းနိုင်စေရန် မီးသတ်ရေပုံးထားရှိ ဆောင်ရွက်ရပါမည်။

(၂၀) မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အခါအားလျော်စွာ ထုတ်ပြန်သောညွှန်ကြားချက်များ၊ စည်းကမ်းများ၊ တားမြစ်ချက်များကို တိကျစွာလိုက်နာဆောင်ရွက်ပါ။

# (၈၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့် ဝတ္ထုပြိုင်ပွဲစာမူများဖိတ်ခေါ်ခြင်း

၁။ ၂၀၂၆ ခုနှစ်၊ (၈၁)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသော ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည် တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

၂။ **ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့သည့် အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာ ရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်း ပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်းရေးသား၊ စပ်ဆိုဖွဲ့နွဲ့သီကုံးနိုင်သည်။

(ခ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာသုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသား လုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့်အားလျော်စွာ ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန် နားချိန်မရှိဘဲ အချိန်ပြည့် တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်လျက်ရှိကြောင်းများကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆိုရေးသားနိုင်သည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများ ပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများ ဖြစ်ရမည်။

(ဃ) အသံသွင်းပြီး သီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန် အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) မြန်မာဂန္ထဝင်ကဗျာရေးထုံးနှင့် ကိုက်ညီသည့်ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀ အတွင်း၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်) ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်)နှင့် ကဗျာ(ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက် ဝင်ရောက်ယှဉ်ပြိုင်ခြင်း မပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူဦးအုံးဖေစာပေဆု (ကဗျာ) ရရှိပြီးသူများ၊ ယခင် တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ကဗျာ(ပထမ၊ ဒုတိယ၊ တတိယ)ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်း/ဝါသနာရှင်) စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့် ညီညွတ်ရမည်။

(ခ) ရသမြောက်စွာ ရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန် ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက် မနည်းစေရ၊ ၆၀၀၀၀ ထက်မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာ ရေးသားဖော်ပြရမည်။

(င) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(စ) အမျိုးသားစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်) ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့ အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုက်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသော လက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (Pyidaungsu font စာလုံးအရွယ်အစား ၁၃) ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်း ဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏ နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန် ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက်ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက် နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ ပေးပို့ရမည်။

၁၁။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

- (က) ပထမဆု ၁,၀၀၀,၀၀၀ ကျပ်
- (ခ) ဒုတိယဆု ၈၀၀,၀၀၀ ကျပ်
- (ဂ) တတိယဆု ၇၀၀,၀၀၀ ကျပ်
- (ဃ) စတုတ္ထဆု ၆၀၀,၀၀၀ ကျပ်
- (င) ပဉ္စမဆု ၅၀၀,၀၀၀ ကျပ်

၁၂။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

- (က) ပထမဆု ၁,၀၀၀,၀၀၀ ကျပ်
- (ခ) ဒုတိယဆု ၈၀၀,၀၀၀ ကျပ်
- (ဂ) တတိယဆု ၇၀၀,၀၀၀ ကျပ်
- (ဃ) စတုတ္ထဆု ၆၀၀,၀၀၀ ကျပ်
- (င) ပဉ္စမဆု ၅၀၀,၀၀၀ ကျပ်

၁၃။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

- (က) ပထမဆု ၅၀၀,၀၀၀ ကျပ်
- (ခ) ဒုတိယဆု ၄၀၀,၀၀၀ ကျပ်
- (ဂ) တတိယဆု ၃၀၀,၀၀၀ ကျပ်
- (ဃ) စတုတ္ထဆု ၂၀၀,၀၀၀ ကျပ်
- (င) ပဉ္စမဆု ၁၅၀,၀၀၀ ကျပ်

၁၄။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

- (က) ပထမဆု ၇၀၀,၀၀၀ ကျပ်
- (ခ) ဒုတိယဆု ၅၀၀,၀၀၀ ကျပ်
- (ဂ) တတိယဆု ၄၀၀,၀၀၀ ကျပ်
- (ဃ) စတုတ္ထဆု ၃၀၀,၀၀၀ ကျပ်
- (င) ပဉ္စမဆု ၂၀၀,၀၀၀ ကျပ်

၁၅။ **ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

- (က) ပထမဆု ၅၀၀,၀၀၀ ကျပ်
- (ခ) ဒုတိယဆု ၄၀၀,၀၀၀ ကျပ်
- (ဂ) တတိယဆု ၃၀၀,၀၀၀ ကျပ်
- (ဃ) စတုတ္ထဆု ၂၀၀,၀၀၀ ကျပ်
- (င) ပဉ္စမဆု ၁၅၀,၀၀၀ ကျပ်

၁၆။ **ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

- (က) ပထမဆု ၇၀၀,၀၀၀ ကျပ်
- (ခ) ဒုတိယဆု ၅၀၀,၀၀၀ ကျပ်
- (ဂ) တတိယဆု ၄၀၀,၀၀၀ ကျပ်
- (ဃ) စတုတ္ထဆု ၃၀၀,၀၀၀ ကျပ်
- (င) ပဉ္စမဆု ၂၀၀,၀၀၀ ကျပ်

၁၇။ **ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

- (က) ပထမဆု ၇၀၀,၀၀၀ ကျပ်
- (ခ) ဒုတိယဆု ၆၀၀,၀၀၀ ကျပ်
- (ဂ) တတိယဆု ၅၀၀,၀၀၀ ကျပ်
- (ဃ) စတုတ္ထဆု ၄၀၀,၀၀၀ ကျပ်
- (င) ပဉ္စမဆု ၃၀၀,၀၀၀ ကျပ်

၁၈။ **ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

- (က) ပထမဆု ၁,၀၀၀,၀၀၀ ကျပ်
- (ခ) ဒုတိယဆု ၇၀၀,၀၀၀ ကျပ်
- (ဂ) တတိယဆု ၆၀၀,၀၀၀ ကျပ်
- (ဃ) စတုတ္ထဆု ၅၀၀,၀၀၀ ကျပ်
- (င) ပဉ္စမဆု ၄၀၀,၀၀၀ ကျပ်

၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

**ပြိုင်ပွဲကျင်းပရေးကော်မတီ**

---

## မော်တော်ယာဉ်မောင်းနှင်သူသည် မိမိရှေ့မှယာဉ်ကို ကျော်တက်လိုပါက ဂရုပြုရမည့်အချက်များ {နည်းဥပဒေ ၂၉၀(က)}

မော်တော်ယာဉ်မောင်းနှင်သူသည် မိမိရှေ့မှ မော်တော်ယာဉ်ကို ကျော်တက်လိုလျှင် အောက်ပါအချက်များကို ဂရုပြုရပါမည်–

(က) နောက်မှလိုက်ပါနေသော မော်တော်ယာဉ်သည် မိမိမော်တော်ယာဉ်ကို ကျော်တက်ရန် ပြင်ဆင်နေခြင်းရှိ မရှိ၊

(ခ) မိမိကျော်တက်လိုသော မော်တော်ယာဉ်သည် ယင်း၏ရှေ့ရှိ မော်တော်ယာဉ်ကို ကျော်တက်ရန် ပြင်ဆင်ခြင်း ရှိ မရှိ၊

(ဂ) ကျော်တက်ရာတွင် မိမိအသုံးပြုမည့် ယာဉ်ကြောသွားလာမှု ရှင်း မရှင်း။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

# ဂါဇာကမ်းမြောင်ဒေသ ငြိမ်းချမ်းရေးထိပ်သီးဆွေးနွေးပွဲ အီဂျစ်နိုင်ငံ၌ ပြုလုပ်မည်

**ကိုင်ရို အောက်တိုဘာ ၁၂**

ဂါဇာကမ်းမြောင်ဒေသ ငြိမ်းချမ်းရေးနှင့် တိုက်ပွဲများ ချုပ်ငြိမ်းရေးတို့အတွက် ဆွေးနွေးရန် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် ပူးတွဲဥက္ကဋ္ဌ ပြုလုပ်သည့် အပြည်ပြည်ဆိုင်ရာ ထိပ်သီးအစည်းအဝေးကို အီဂျစ်နိုင်ငံကအိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဟု ကြေညာခဲ့သည်။




အစ္စရေးနှင့်ဟားမားစ်တို့ ပဋိပက္ခတွင် အီဂျစ်နိုင်ငံသည် ကြားဝင်စေ့စပ်ညှိနှိုင်းပေးသည့် နိုင်ငံအဖြစ် ဆောင်ရွက်ခဲ့သည်။ ယခုအခါ အမေရိကန်သမ္မတ ထရမ့်ဦးဆောင်သည့် ငြိမ်းချမ်းရေးအစီအစဉ်ပထမအဆင့်ကို နှစ်ဖက်စလုံးက သဘောတူထားသည်။ အစ္စရေးနှင့် ဟားမားစ်တို့၏အပစ်အခတ်ရပ်စဲရေး ဒုတိယမြောက်နေ့တွင် အဆိုပါထိပ်သီးအစည်းအဝေးပြုလုပ်မည်ဟူသော ကြေညာချက်ထွက်ပေါ်လာခြင်းဖြစ်သည်။

ဂါဇာတွင် နောက်ထပ်တိုက်ပွဲများ ဖြစ်ပေါ်လာခြင်းမရှိဘဲ ဒေသခံများလည်း ကယ်ဆယ်ရေးစခန်းများမှ ၎င်းတို့၏နေရပ်သို့ ပြန်နေကြပြီဖြစ်သည်။ အီဂျစ်နိုင်ငံအရှေ့ပိုင်း ရှာမယ်ရှိတ်ခ်မြို့၌ ထိပ်သီးအစည်းအဝေးကို အောက်တိုဘာ ၁၃ ရက် မွန်းလွဲပိုင်းတွင် ကျင်းပမည်ဟု အီဂျစ်သမ္မတရုံးက ပြောသည်။

ဂါဇာဒေသ အပစ်အခတ်ရပ်စဲရေး၊ ငြိမ်းချမ်းရေးကြိုးပမ်းအားထုတ်မှု အားကောင်းလာစေရန်နှင့် အရှေ့အလယ်ပိုင်းဒေသ ငြိမ်းချမ်းရေးတို့အတွက် ရည်ရွယ်ကာ ကျင်းပခြင်းဖြစ်သည်ဟု ဆက်လက်ပြောကြားခဲ့သည်။ နိုင်ငံပေါင်း ၂၀ ကျော်ပါဝင်မည်ဟုလည်း သိရသည်။

ဗြိတိန်ဝန်ကြီးချုပ် ကီရာစတာမား၊ ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်နှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်တို့လည်း အဆိုပါအစည်းအဝေးသို့ တက်ရောက်ကြမည်ဖြစ်သည်။ အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုသည် အဆိုပါအစည်းအဝေးသို့ တက်ရောက်မည်မဟုတ်ဟု အချို့မီဒီယာများတွင် ဖော်ပြကြသည်။ ဟားမားစ်တို့လည်း ယင်းအစည်းအဝေးတွင် ပါဝင်မည်မဟုတ်ဟု သိရသည်။ **ဆင်ဟွာ**

# ဘာဂရမ်လေတပ်စခန်းကို မည်သည့်နိုင်ငံကိုမျှ လွှဲပြောင်းပေးမည်မဟုတ်ဟု အာဖဂန်အစိုးရပြောကြား

**ကဘူးလ် အောက်တိုဘာ ၁၂**

ဘာဂရမ် လေတပ်စခန်းနှင့်ပတ်သက်၍ အမေရိကန်နှင့် သဘောတူညီချက် ယူထားသည်ဟူသော သတင်းများကို အာဖဂန်အစိုးရပြောရေးဆိုခွင့်ရှိသူ ဇာဘိုင်ဟူလာမူဂျာဟစ်က ပယ်ချခဲ့သည်။

အာဖဂန်သည် ၎င်းတို့မြေကို မည်သည့်နိုင်ငံကိုမျှ ပေးမည်မဟုတ်ဟု ဆက်ပြောသည်။ အာဖဂန်နစ္စတန်နိုင်ငံနှင့် နိုင်ငံသားတို့၏ ဆန္ဒပင်ဖြစ်သည်ဟု အောက်တိုဘာ ၁၂ ရက်တွင် ၎င်းက သတင်းထောက်များကို ပြောကြားခဲ့သည်။

ဘာဂရမ် လေတပ်စခန်းကို အမေရိကန်သမ္မတ ထရမ့်က ပြန်လည်ရယူပြီး အမေရိကန်တပ်ဖွဲ့ဝင်များ တပ်ဖြန့်ချထားမည်ဟု သတင်းများထွက်ပေါ်လာချိန် အာဖဂန်အစိုးရက ယခုလို ပြောကြားခဲ့ခြင်းဖြစ်သည်။

ကဘူးလ်မြို့ မြောက်ဘက် ကီလိုမီတာ ၅၀ အကွာရှိ ဘာဂရမ်လေတပ်စခန်းသည် အမေရိကန်ဦးဆောင်သည့် မဟာမိတ်တပ်များ အာဖဂန်နစ္စတန်တွင်ရှိစဉ် အသုံးပြုခဲ့သည့်စခန်းဖြစ်သည်။ ၂၀၂၁ ခုနှစ် ဩဂုတ်လအတွင်း အာဖဂန်နစ္စတန်မှ နိုင်ငံခြားတပ်များ ဆုတ်ခွာစဉ် အဆိုပါစခန်းကို အသုံးပြုမှု အဆုံးသတ်ခဲ့သည်။

**ဆင်ဟွာ**






# မက္ကဆီကို၌ ရေကြီးမြေပြိုမှုများကြောင့် ၂၇ ဦးထက်မနည်းသေဆုံး

**မက္ကဆီကိုစီးတီး အောက်တိုဘာ ၁၂**

မက္ကဆီကိုတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးမှုနှင့် မြေပြိုမှုများဖြစ်ပေါ်ပြီး သေဆုံးသူ ၂၇ ဦးထက်မနည်းရှိသည်ဟု သိရသည်။

အောက်တိုဘာ ၉ ရက်နှင့် ၁၀ ရက်တို့တွင် ရုတ်တရက် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နိုင်ငံအလယ်ပိုင်းနှင့် အရှေ့တောင်ဘက်ပိုင်းတို့တွင် ရေကြီးမှုများနှင့် မြေပြိုမှုများဖြစ်ပေါ်ခဲ့သည်။

နေအိမ်များ၊ စာသင်ကျောင်းများနှင့် အခြားသော အဆောက်အအုံများ ပျက်စီးခဲ့ရသည်။ အချို့သော ဗီဒီယိုဖိုင်များတွင် လမ်းများမှာ ရေလွှမ်းမိုးနေပြီး ဒူးလောက်ရှိသည့် ရေထဲတွင် လူများ လမ်းလျှောက်သွားနေသည်ကိုလည်း တွေ့မြင်ရသည်။ ရေပြန်ကျသွားသည့် ဒေသများတွင် လဲနေသည့်ကားများ၊ ပရိဘောဂများ လမ်းမပေါ်တွင် ပြန့်ကျဲနေသည်ကို တွေ့ရသည်။

ရေဘေးသင့်ဒေသများရှိ ပြည်သူများကိုကူညီရန် ကာကွယ်ရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင် ၅၄၀၀ ခန့် စေလွှတ်ထားကြောင်း မက္ကဆီကိုသမ္မတ ကလော်ဒီယာရှိုင်းဘန်းက အောက်တိုဘာ ၁၀ ရက်တွင် လူမှုကွန်ရက်မီဒီယာပေါ်၌ ရေးသားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# ငြိမ်းချမ်းရေးနိုဘယ်ဆုရသူ၏အမည် ပေါက်ကြားမှုဖြစ်နိုင်ခြေအပေါ် နော်ဝေနိုဘယ်အင်စတီကျု စုံစမ်းစစ်ဆေး

**အော့စလို အောက်တိုဘာ ၁၂**

ယခုနှစ်၏ နိုဘယ်ငြိမ်းချမ်းရေးဆုရရှိမှုနှင့်ပတ်သက်ပြီး သတင်းအချက်အလက် ပေါက်ကြားမှုဖြစ်နိုင်ခြေရှိခြင်းအပေါ် စုံစမ်းစစ်ဆေးမှုတစ်ရပ်ကို စတင်လိုက်ပြီဖြစ်ကြောင်း နော်ဝေနိုဘယ်အင်စတီကျုက ပြောကြားလိုက်သည်။



ဗင်နီဇွဲလား အတိုက်အခံခေါင်းဆောင် မာရီယာကော်ရီနာမာချာဒိုသည် ၎င်းနိုင်ငံအတွင်း ဒီမိုကရေစီမြှင့်တင်ရေး ကြိုးပမ်းမှုအတွက် အောက်တိုဘာ ၁၀ ရက်တွင် နိုဘယ်ဆုကို ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်သည်။ အောက်တိုဘာ ၁၀ ရက်အစောပိုင်းအတွင်း အွန်လိုင်းလောင်းကစား ဝက်ဘ်ဆိုဒ်တစ်ခုတွင် မာချာဒို နိုဘယ်ဆုရမှုနှင့်ပတ်သက်ပြီး အလောင်းအစားများမှာ တစ်ဟုန်ထိုးမြင့်တက်လာခဲ့ကြောင်း နော်ဝေမီဒီယာတစ်ခုက ဖော်ပြထားသည်။

အဆိုပါ ဝက်ဘ်ဆိုဒ်တွင် နော်ဝေနိုဘယ်ကော်မတီက ဆုရရှိသူကို ထုတ်ပြန်မကြေညာမီ ၁၂ နာရီအလိုတွင် မာချာဒိုဆုရနိုင်ခြေမှာ ၂ ရာခိုင်နှုန်းသာရှိကြောင်း သိရသည်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ ဆုရနိုင်ခြေမှာ ၄ ရာခိုင်နှုန်းကျော်ရှိကြောင်း အဆိုပါဝက်ဘ်ဆိုဒ်တွင် ဖော်ပြထားသည်။ သို့သော်လည်း သုံးနာရီအကြာတွင် မာချာဒို၏ ဆုရနိုင်ခြေမှာ ၇၀ ရာခိုင်နှုန်းကျော်အထိ မြင့်တက်လာကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# ဩစတြေးလျနိုင်ငံ၌ ငါးမန်းကိုက်ခံရမှုဖြစ်ပွား

**ဆစ်ဒနီ အောက်တိုဘာ ၁၂**

ဩစတြေးလျနိုင်ငံမြောက်ဘက်အစွန်း၌ ဆယ်ကျော်သက်တစ်ဦးမှာ ငါးမန်းတစ်ကောင် ကိုက်ခံရပြီးနောက် အသက်အန္တရာယ်ရှိသည့် ဒဏ်ရာများဖြင့် ဆေးရုံတက်ရောက်လျက်ရှိကြောင်း သိရသည်။ ၎င်းသည် အောက်တိုဘာ ၁၂ ရက် နံနက်ပိုင်းတွင် စိုးရိမ်ရသည့်အခြေအနေတွင်ရှိကြောင်း သိရသည်။

ဆယ်ကျော်သက်အမျိုးသားတစ်ဦး ရေကူးနေစဉ် ငါးမန်းတစ်ကောင်၏ တိုက်ခိုက်ခြင်းခံရသည့် သတင်းများ ထွက်ပေါ်ပြီးနောက် ဩစတြေးလျနိုင်ငံ ကွင်းစလန်းပြည်နယ်၌ အောက်တိုဘာ ၁၁ ရက် ဒေသစံတော်ချိန် ညနေ ၆ နာရီ မိနစ် ၂၀ ခန့်က မြောက်ဘက်ကမ်းလွန်ရှိ Thursday ကျွန်းသို့ အရေးပေါ်ဝန်ဆောင်မှုခေါ်ဆိုခဲ့ကြောင်း သိရသည်။

ငါးမန်းကိုက်ခံရသူအား ကွင်းစလန်းပြည်နယ် တောင်းစဗယ်လီ (Townsville) မြို့ရှိ ဆေးရုံတစ်ခုသို့ လေယာဉ်ဖြင့်မပို့ဆောင်မီ ဝမ်းဗိုက်ပိုင်းအသက်အန္တရာယ်ရှိသည့် ဒဏ်ရာဖြင့် ဒေသတွင်းဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ကွင်းစလန်းပြည်နယ် ကျန်းမာရေးဌာနမှ ပြောရေးဆိုခွင့်ရှိသူက ငါးမန်းကိုက်ခံရသူမှာ အောက်တိုဘာ ၁၂ ရက် နံနက်ပိုင်းအထိ စိုးရိမ်ရသည့် အခြေအနေတွင်ရှိနေကြောင်း ပြောကြားသည်။

**ဆင်ဟွာ**

# ယခုနှစ် ဇွန်လ၏ ကမ္ဘာတစ်ဝန်း ထူးထူးခြားခြားဖြစ်စဉ်များ

*လင်းလက်ကြယ်*

## ဂျပန်နိုင်ငံမှာ လုပ်ငန်းခွင်မတော်တဆမှုကြောင့် နိုင်ငံခြားလုပ်သား ဖ၀၀၀ ကျော် ထိခိုက်သေဆုံး



၂၀၂၄ ခုနှစ်အတွင်း နိုင်ငံတစ်ဝန်း လုပ်ငန်းခွင်မတော်တဆမှုကြောင့် နိုင်ငံခြားလုပ်သား ဖ၀၀၀ ကျော် ထိခိုက်သေဆုံးမှုဖြစ်ပွားခဲ့တယ်လို့ ဂျပန်အစိုးရ စစ်တမ်းတစ်ခုမှာ ဖော်ပြထားပါတယ်။ အဲဒီလို နိုင်ငံခြားလုပ်သား ထိခိုက်သေဆုံးမှုမှာ ၁၃ နှစ်ဆက်တိုက် မြင့်တက်လာတာဖြစ်ပါတယ်။

လုပ်ငန်းခွင်မတော်တဆမှုကြောင့် ဂျပန်လူမျိုးတွေအပါအဝင် ဂျပန်နိုင်ငံရှိ အလုပ်လုပ်ကိုင်သူ ဦးရေ ၁၀၀၀ မှာ ထိခိုက်သေဆုံးသူအရေအတွက် ၂ ဒသမ ၃ ယောက်နှုန်းရှိတယ်လို့ ဆိုပါတယ်။ မတော်တဆမှု ဖြစ်ပွားရတဲ့အကြောင်းရင်းတွေမှာ အသက်မွေးဝမ်းကျောင်းဆိုင်ရာ အတွေ့အကြုံနည်းပါးမှု၊ ဆက်သွယ်ရေး အားနည်းမှုနဲ့ ဘာသာစကားအခက်အခဲရှိမှုတို့ကြောင့်ဖြစ်တယ်လို့ ဆိုပါတယ်။

လုပ်ငန်းခွင်အန္တရာယ်တွေနဲ့ပတ်သက်ပြီး ပညာပေးသင်ထောက်ကူပစ္စည်းတွေအသုံးပြုကာ နိုင်ငံခြားသားလုပ်သားတွေကို ဘေးအန္တရာယ်ကင်းရှင်းရေးသင်တန်းပို့ချပေးဖို့ ကုမ္ပဏီများကို တိုက်တွန်းထားပါတယ်။ ပြီးခဲ့တဲ့အောက်တိုဘာလကုန်အထိ ဂျပန်နိုင်ငံမှာအလုပ်လုပ်တဲ့ နိုင်ငံခြားလုပ်သားအရေအတွက်မှာ စံချိန်တင် ၂ ဒသမ ၃ သန်းကျော်ရှိတယ်လို့ အလုပ်သမားဝန်ကြီးဌာနက ပြောပါတယ်။ **အင်န်အိတ်ချ်ကေ**

## မွန်ဂိုလီးယားနိုင်ငံမှာ ဝက်သက်ရောဂါဖြစ်ပွားသူပေါင်း ၅၀၀၀ ကျော်လာ

မွန်ဂိုလီးယားနိုင်ငံမှာ ဝက်သက်ရောဂါ ထပ်မံကူးစက်ဖြစ်ပွားသူ ၂၅၉ ဦးရှိတဲ့အတွက် နိုင်ငံတစ်ဝန်း ရောဂါကူးစက်ဖြစ်ပွားသူပေါင်း ၅၀၇၅ ဦး ရှိလာကြောင်း ကူးစက်ရောဂါဆိုင်ရာ အမျိုးသားဌာန(အင်န်စီစီဒီ)က ဇွန်လပထမပတ်မှာ ပြောကြားထားပါတယ်။

ဝက်သက်ရောဂါဖြစ်ပွားသူလူနာ ၁၈၆ ဦးမှာ ပြန်လည်သက်သာကောင်းမွန်လာပြီဖြစ်တဲ့အတွက် ပြန်လည်သက်သာလာသူ စုစုပေါင်း ၃၃၃၃ ဦးရှိလာပြီဖြစ်တယ်လို့ အင်န်စီစီဒီက ဆိုပါတယ်။

**ဆင်ဟွာ**

## အမေရိကန်နိုင်ငံ ဝါရှင်တန်၌ အကြီးစားစစ်ရေးပြပွဲပြုလုပ်

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်အစိုးရအဖွဲ့ဟာ ဇွန်လဒုတိယပတ်က ဝါရှင်တန်ဒီစီမှာ အကြီးစား စစ်ရေးပြအခမ်းအနားကျင်းပခဲ့ပါတယ်။ အဲဒီ စစ်ရေးပြမှုဟာ သမ္မတဒေါ်နယ်ထရမ့်ရဲ့ ၇၉ နှစ်မြောက်မွေးနေ့နဲ့ တိုက်ဆိုင်နေပါတယ်။

စစ်ရေးပြချီတက်ပွဲကို လင်ကွန်းအထိမ်းအမှတ်အဆောက်အအုံမှစပြီး အိမ်ဖြူတော်ရဲ့ တောင်ဘက်ခြမ်းအထိ လမ်းကြောင်းတစ်လျှောက် ကျင်းပခဲ့တာဖြစ်ပါတယ်။ သမ္မတ ဒေါ်နယ်ထရမ့်က အမေရိကန်နိုင်ငံအနေနဲ့ မကြာမီကာလအတွင်း ယခင်ကထက် ပိုမိုကြီးကျယ်ခမ်းနားပြီး အင်အားကြီးမားတဲ့ အနေအထားတစ်ခုကို ရောက်ရှိလာတော့မယ်လို့ ၎င်းရဲ့ မိန့်ခွန်းမှာ ထည့်သွင်းပြောကြားခဲ့ပါတယ်။

အဲဒီစစ်ရေးပြအခမ်းအနားမှာ အမေရိကန်တပ်မတော် တိုက်ပွဲဝင်ရာမှာ အဓိကအားထားရတဲ့ Abrams တင့်ကားတွေအပါအဝင် စစ်ဘက်သုံးယာဉ် ၁၅၀ ခန့်နဲ့ ဘလက်ဟော့ခ်ရဟတ်ယာဉ်တွေအပါအဝင် စစ်ဘက်သုံးလေယာဉ် ၅၀ ခန့် ပါဝင်ကြောင်း အမေရိကန်တပ်မတော်က ဆိုပါတယ်။ ဒါ့အပြင် တပ်ဖွဲ့ဝင်အင်အား ခန့်မှန်းခြေ ၆၇၀၀ ခန့် ပါဝင်တယ်လို့လည်း ဆိုပါတယ်။

ဝါရှင်တန်ဒီစီမှာ အဲဒီလို စစ်ရေးပြအခမ်းအနားပြုလုပ်မှုမှာ ၁၉၉၁ ခုနှစ်က ပင်လယ်ကွေ့စစ်ပွဲအပြီး သမ္မတ ဂျော့အိတ်ချ်ဒဗလျူဘွတ်ချ်ကျင်းပခဲ့တဲ့ စစ်ရေးပြပွဲပြီးနောက် ပထမဆုံးအကြိမ် အကြီးစား စစ်ရေးပြပွဲဖြစ်တယ်လို့ အမေရိကန်မီဒီယာတွေမှာ ဖော်ပြထားသည်။

**အင်န်အိတ်ချ်ကေ**




## အီရတ်နိုင်ငံမှာ ၂၀၂၄ ခုနှစ်အတွင်း ယာဉ်မတော်တဆမှုကြောင့် လူပေါင်း ၂၇၀၀ ကျော် သေဆုံး

အီရတ်နိုင်ငံတစ်ဝန်း ၂၀၂၄ ခုနှစ်အတွင်း ယာဉ်မတော်တဆမှုတွေကြောင့် လူပေါင်း ၂၇၁၉ ဦး အသက်ဆုံးရှုံးမှုဖြစ်ပွားခဲ့တယ်လို့ စီမံကိန်းဝန်ကြီးဌာနက ဇွန်လပထမပတ်မှာ ထုတ်ပြန်ကြေညာခဲ့ပါတယ်။ ယင်းအရေအတွက်မှာ ယခင်နှစ်ကထက် ၁၀ ရာခိုင်နှုန်းကျဆင်းလာကြောင်းနဲ့ ၂၀၂၄ နှစ်အတွင်း ယာဉ်မတော်တဆမှုပေါင်း ၁၁၇၆၃ မှု ဖြစ်ပွားခဲ့တယ်လို့ သိရပါတယ်။ အီရတ်နိုင်ငံမှာ ၂၀၂၃ ခုနှစ်အတွင်း ယာဉ်မတော်တဆမှုတွေကြောင့် လူပေါင်း ၃၀၁၉ ဦး သေဆုံးခဲ့ပါတယ်။ ယာဉ်မတော်တဆမှုရဲ့ ၇၈ ရာခိုင်နှုန်းမှာ ယာဉ်မောင်းသူရဲ့ပေါ့ဆမှုကြောင့်ဖြစ်တယ်လို့ ဆိုပါတယ်။ **ဆင်ဟွာ**

## တောင်ကိုရီးယားသမ္မတသစ်အဖြစ် လီဂျေမြောင် ကျမ်းသစ္စာကျိန်ဆို

လီဂျေမြောင်ဟာ တောင်ကိုရီးယားနိုင်ငံရဲ့ သမ္မတသစ်အဖြစ် ဇွန်လပထမပတ်မှာ ကျမ်းသစ္စာကျိန်ဆိုခဲ့ပါတယ်။ တောင်ကိုရီးယားနိုင်ငံရဲ့ ၂၁ ဦးမြောက် သမ္မတဖြစ်တဲ့ လီဂျေမြောင်ဟာ အမျိုးသားလွှတ်တော်အဆောက်အအုံမှာ ကျမ်းသစ္စာကျိန်ဆိုခဲ့ပြီး သမ္မတရွေးကောက်ပွဲမှာ မည်သူ့ကို အားပေးထောက်ခံသည်ဖြစ်စေ ပြည်သူအားလုံးရဲ့အကျိုးကို ထမ်းဆောင်သွားမှာဖြစ်တယ်လို့ ၎င်းရဲ့ ပထမဆုံး ရုပ်မြင်သံကြားမိန့်ခွန်းမှာ ပြောကြားခဲ့ပါတယ်။

အများစုဖြစ်တဲ့ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီမှ လီဟာ ထောက်ခံမှု ၄၉ ဒသမ ၄၂ ရာခိုင်နှုန်းရရှိပြီး ၎င်းရဲ့ အဓိကပြိုင်ဘက်ဖြစ်သူ ကွန်ဆာဗေးတစ်ပြည်သူ့အင်အားပါတီမှ ကင်မွန်ဆူးကို ၈ ဒသမ ၂၇ ရာခိုင်နှုန်းအသာနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။ ကျမ်းသစ္စာကျိန်ဆိုပွဲအခမ်းအနားကို ပါလီမန်အကြီးအကဲတွေ၊ တရားရုံးချုပ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး၊ ရွေးကောက်ပွဲလေ့လာစောင့်ကြည့်ရေးအဖွဲ့ အကြီးအကဲတွေအပြင် လွှတ်တော်အမတ်တွေနဲ့ အစိုးရအဖွဲ့ဝင်တွေ တက်ရောက်ခဲ့ကြပါတယ်။ **ဆင်ဟွာ**



## ဘရူနိုင်းက နေရောင်ခြည်စွမ်းအင်စီမံကိန်းအတွက် သဘောတူညီချက် လက်မှတ်ရေးထိုး

ဘရူနိုင်းနိုင်ငံက နိုင်ငံအတွင်း ၃၀ မဂ္ဂါဝပ် ထုတ်လုပ်နိုင်မယ့် နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံတည်ဆောက်ရေးနဲ့ပတ်သက်ပြီး သဘောတူညီချက်တွေကို လက်မှတ်ရေးထိုးလိုက်ပြီဖြစ်တယ်လို့ ဘရူနိုင်း နေ့စဉ်ထုတ် Borneo Bulletin သတင်းစာမှာ ဇွန်လတတိယပတ်မှာ ဖော်ပြထားပါတယ်။

နိုင်ငံရဲ့ မြို့တော် ဘန်ဒါဆီရီဘီဂါဝမ်အနီးမှာ တည်ဆောက်မယ့် အဲဒီစီမံကိန်းဟာ ဘရူနိုင်းနိုင်ငံရဲ့ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အတွက် အဓိကကျတဲ့ အခန်းကဏ္ဍမှာ ပါဝင်လာဖွယ်ရှိနေပါတယ်။ ဒါ့အပြင် အဆိုပါ စီမံကိန်းမှာ အစိုးရ ဦးဆောင်မယ့် နေရောင်ခြည်စွမ်းအင်ထုတ်လုပ်ရေးစက်ရုံကြီးဖြစ်ပြီး အများပြည်သူနဲ့ ပုဂ္ဂလိကတို့ ပူးပေါင်းဆောင်ရွက်မယ့် ပထမဆုံးသော အကြီးစားနေရောင်ခြည်စွမ်းအင်သုံးစီမံကိန်းကြီးလည်း ဖြစ်ပါတယ်။

ယင်းစီမံကိန်းက ဘရူနိုင်းနိုင်ငံရဲ့ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ထုတ်လုပ်နိုင်စွမ်းကို မြှင့်တင်ပေးမှာဖြစ်ပြီး ၂၀၃၅ ခုနှစ်အရောက်မှာ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ၃၀ ရာခိုင်နှုန်းအထိ ရောက်ရှိရေးပန်းတိုင်ကိုလည်း ထောက်ပံ့ပေးနိုင်မှာ ဖြစ်ပါတယ်။ **ဆင်ဟွာ**

## ယူဂန္ဒာနိုင်ငံက အာဖရိကရဲ့ ထိပ်တန်းကော်ဖီတင်ပို့တဲ့ နိုင်ငံဖြစ်လာ

ယူဂန္ဒာနိုင်ငံက အီသီယိုးပီးယားနိုင်ငံကို ကျော်တက်ကာ အာဖရိကရဲ့ ထိပ်တန်းကော်ဖီတင်ပို့တဲ့ နိုင်ငံဖြစ်လာတယ်လို့ ဇွန်လနောက်ဆုံးပတ်က ထုတ်ပြန်ခဲ့တဲ့ ထုတ်ပြန်ချက်အရ သိရပါတယ်။

ယူဂန္ဒာနိုင်ငံရဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ရေလုပ်ငန်းဝန်ကြီးဌာနရဲ့ ထုတ်ပြန်ချက်အရ မေလ၌ ၆၀ ကီလိုဂရမ် ကော်ဖီအိတ်ပေါင်း ၇၉၃၄၄၅ အိတ်တင်ပို့ကာ ဝင်ငွေအမေရိကန်ဒေါ်လာ ၂၄၃ သန်း ရရှိခဲ့ပါတယ်။ ယူဂန္ဒာနိုင်ငံရဲ့ ကော်ဖီလုပ်ငန်းမှာ သမိုင်းဝင်မှတ်တိုင်သစ်တစ်ခုကိုရောက်ရှိကာ ယခုနှစ်မေလ၌ အာဖရိကရဲ့ ထိပ်တန်းကော်ဖီတင်ပို့တဲ့ နိုင်ငံဖြစ်လာခဲ့တာဖြစ်တယ်လို့ အဲဒီဝန်ကြီးဌာနက ဆိုပါတယ်။

ယခုနှစ် မေလ၌ ယူဂန္ဒာနိုင်ငံရဲ့ ကော်ဖီတင်ပို့မှု ပမာဏဟာ အီသီယိုးပီးယားနိုင်ငံရဲ့ ကော်ဖီတင်ပို့မှု တန်ချိန် ၄၃၄၈၁ ဒသမ ၀၂ တန်ကို ကျော်လွန်ခဲ့ပါတယ်။

ယူဂန္ဒာနိုင်ငံရဲ့ အဓိကကော်ဖီတင်ပို့တဲ့နိုင်ငံတွေမှာ အီတလီ၊ ဂျာမနီ၊ စပိန်၊ အိန္ဒိယ၊ ဆူဒန်၊ ဘယ်လ်ဂျီယံ၊ တရုတ်၊ အယ်လ်ဂျီးရီးယား၊ အမေရိကန်ပြည်ထောင်စုနဲ့ မော်ရိုကိုနိုင်ငံတို့ ပါဝင်ပါတယ်။ **ဆင်ဟွာ**

## ချမ်းအေးသာစံမြို့နယ်၌ မြို့နယ်အဆင့် အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲများ ကျင်းပ

**ချမ်းအေးသာစံ အောက်တိုဘာ ၁၂**

၂၀၂၅- ၂၀၂၆ ပညာသင်နှစ် မြို့နယ်အဆင့် အင်္ဂလိပ်စာနှင့် သင်္ချာ စွမ်းရည်ပြိုင်ပွဲများကို ချမ်းအေးသာစံမြို့နယ် အမှတ်(၂၂) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၁၄) အခြေခံပညာ အထက်တန်းကျောင်းတို့၌ အောက်တိုဘာ ၁၁ ရက်မှ စတင်ကျင်းပခဲ့ရာ ယနေ့နံနက်ပိုင်းက ဆက်လက်ကျင်းပခဲ့သည်။



မြို့နယ်အဆင့်စွမ်းရည်မြှင့်ပြိုင်ပွဲများ ကျင်းပဆောင်ရွက်ခဲ့ရာ Grade-5 မှ Grade-9 အထိ အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၁၆၃ ဦး၊ သင်္ချာစွမ်းရည်ပြိုင်ပွဲတွင် ကျောင်းသားကျောင်းသူ ၁၇၃ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး မြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်ဝါဝါကျော်နှင့် တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်ခဲ့သည်။

**ချမ်းမြေ့မောင်**

## မြစ်သားမြို့နယ်၌ မြို့နယ်အဆင့် အင်္ဂလိပ်စာ၊ သင်္ချာ စွမ်းရည်ပြိုင်ပွဲကျင်းပ

**မြစ်သား အောက်တိုဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်၌ မြို့နယ်အတွင်းမှ ထူးချွန်ထက်မြက်သော ကျောင်းသားကျောင်းသူများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ အခြေခံပညာဦးစီးဌာနက ကြီးမှူးကျင်းပသော ၂၀၂၅-၂၀၂၆ ပညာသင်နှစ်မြို့နယ်အဆင့် အင်္ဂလိပ်စာ၊ သင်္ချာ စွမ်းရည်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက မြစ်သားမြို့ အခြေခံပညာနှင့်စက်မှုစိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်း၌ ကျင်းပသည်။



အဆိုပါ မြို့နယ်အဆင့် အင်္ဂလိပ်စာ၊ သင်္ချာစွမ်းရည်ပြိုင်ပွဲကို အောက်တိုဘာ ၁၁ ရက်မှ ၁၂ ရက်အထိ ကျောင်းသား ကျောင်းသူ ၁၅၅ ဦး ဝင်ရောက်ဖြေဆိုလျက်ရှိသည်။ ကျောင်းသားကျောင်းသူများ အေးချမ်းစွာဖြေဆိုနိုင်ရန်အတွက် မြို့နယ်ပညာရေးမှူးက ဦးဆောင်ပြီး အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများက ကြီးကြပ်၍ တာဝန်ကျ ဆရာ ဆရာမများက စောင့်ကြပ်ပေးခဲ့ကြောင်း မြို့နယ်ပညာရေးမှူးရုံး တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**ဝါဝါမြင့်(မြစ်သား)**

## ကန့်ဘလူမြို့နယ်၌ တောင်သူစိုက်ပျိုးနည်းပညာပေး ဆွေးနွေး

**ကန့်ဘလူ အောက်တိုဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင်စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူးကျင်းပသော သီးနှံများပန်းတိုင်အထွက်နှုန်းရရှိရေး တောင်သူစိုက်ပျိုးနည်းပညာပေးဆွေးနွေးပွဲကို အောက်တိုဘာ ၉ ရက်က ကန့်ဘလူမြို့နယ် တောက္ကရုပ်ကျေးရွာအုပ်စု ဆိပ်ဖူးမြောင်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း၌ ကျင်းပသည်။



ဆွေးနွေးပွဲတွင် ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်လှကြိုင်က မြေပဲသီးနှံ ပန်းတိုင်အထွက်နှုန်းရရှိရေး ဆောင်ရွက်ရမည့်နည်းပညာများကို လည်းကောင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးမျိုးဇော်က နှမ်းသီးနှံပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာများကို လည်းကောင်း၊ ခရိုင် မြေ/မျိုး/ပိုး နည်းပညာရှင်များက မျိုးစေ့ဆားရည်စိမ်နည်းများ၊ စပါးတွင် ဗက်တီးရီးယားရွက်ခြောက် ရောဂါကာကွယ်နှိမ်နင်းနည်းများ၊ မြေဆီလွှာအာဟာရပြည့်မီရေးအတွက်ဆောင်ရွက်ရမည့်နည်းပညာများကို ဆွေးနွေးကြသည်။

အဆိုပါ ပညာပေးဆွေးနွေးပွဲသို့ ဆိပ်ဖူးမြောင်ကျေးရွာမှ တောင်သူ ၆၂ ဦး တက်ရောက်ပြီး သိရှိလိုသည်များ မေးမြန်းဆွေးနွေးကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးသည်။ ကန့်ဘလူခရိုင်အတွင်းရှိ မြို့နယ်များ၌ ယခုနှစ်ဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် သီးနှံစုံ ၄၀၉၆၇၇ ဧက လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## လောင်းလုံးမြို့နယ်၌ ယူရီးယားဓာတ်မြေဩဇာ ဈေးနှုန်းချိုသာစွာဖြင့် ဖြန့်ဖြူးပေးအပ်

**လောင်းလုံး အောက်တိုဘာ ၁၂**

တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၌ ယနေ့နံနက်ပိုင်းက ၂၀၂၅ ခုနှစ် မိုးရာသီ မိုးစပါးပန်းတိုင်စံပြကျေးရွာ၊ မျိုးစေ့ထုတ်စိုက်ခင်း၊ စံပြကွက်၊ စမ်းသပ်ကွက်နှင့် မိုးစပါးစိုက်ပျိုးသည့် တောင်သူများ၊ ဆောင်းသီးနှံ မတ်ပဲနှင့်အစေ့ထုတ်ပြောင်း စိုက်ပျိုးမည့်တောင်သူများအား (စတုတ္ထအကြိမ်) ယူရီးယား ဓာတ်မြေဩဇာ ဈေးနှုန်းချိုသာစွာဖြင့် ဖြန့်ဖြူးပေးအပ်ခြင်းအခမ်းအနားကို ထားဝယ်မြို့ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

ဦးစွာ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ဇေယျက အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဟိန်းထက်ပိုင်က ၂၀၂၅ ခုနှစ်အတွက် မိုးရာသီ မိုးစပါးပန်းတိုင်စံပြကျေးရွာ၊ မျိုးစေ့ထုတ်စိုက်ခင်း၊ စံပြကွက်၊ စမ်းသပ်ကွက်နှင့် မိုးစပါးစိုက်ပျိုးသည့် တောင်သူများ၊ ဆောင်းသီးနှံ၊ မတ်ပဲနှင့် အစေ့ထုတ်ပြောင်း စိုက်ပျိုးနိုင်ရေးအတွက် (စတုတ္ထအကြိမ်) ယူရီးယား ဓာတ်မြေဩဇာ ဈေးနှုန်းချိုသာစွာဖြင့် ဖြန့်ဖြူးပေးအပ်ခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။



ထို့နောက် ခရိုင်စိုက်ပျိုးရေး ဦးစီးဌာနဦးစီးမှူး ဦးကျော်ဇေယျ၊ မြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး၊ ဦးဝေလင်းမောင်နှင့် တာဝန်ရှိသူများက တောင်သူများထံ ယူရီးယား ဓာတ်မြေဩဇာများကို ပေးအပ်ပြီး မြို့နယ်အတွင်းရှိ မိုးရာသီ မိုးစပါး ပန်းတိုင်စံပြကျေးရွာ၊ မျိုးစေ့ထုတ်စိုက်ခင်း၊ စံပြကွက်၊ စမ်းသပ်ကွက်နှင့် မိုးစပါးစိုက်ပျိုးသည့် တောင်သူများအား ယူရီးယား ဓာတ်မြေဩဇာတစ်အိတ်လျှင် ငွေကျပ် ၄၆၀၀၀ နှုန်းဖြင့် စုစုပေါင်း အိတ် ၂၈၀ ကို ကျေးရွာရှိ တောင်သူများအား ဈေးနှုန်းချိုသာစွာဖြင့် ဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးထံမှ သိရသည်။

**သိန်းသိန်း(လောင်းလုံး)**



## ဓနုဖြူမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်းပွဲကျင်းပ

**ဓနုဖြူ အောက်တိုဘာ ၁၂**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်၌ ၂၀၂၅-၂၀၂၆ ခုနှစ် မိုးစပါးစံကွက်ရိတ်သိမ်းပွဲကို အောက်တိုဘာ ၁၂ ရက်က ထိကွေ့ကျေးရွာအုပ်စု တောင်သူ ဦးဝင်းနိုင်၏ ကွင်းအမှတ် ၇၀၊ ဦးပိုင်အမှတ် ၂/၁၊ အောင်နိုင်တိုးစပါးမျိုးစံပြကွက် လယ်မြေ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ခရိုင်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မိုးလွင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက စံကွက်ရိတ်သိမ်းနေမှုကို ကြည့်ရှုသည်။ စံကွက်ရိတ်သိမ်းရာတွင် တစ်ဧက အထွက်နှုန်းမှာ အစို ၁၁၈ ဒသမ ၁၇ တင်း၊ အခြောက် ၁၀၂ တင်း ထွက်ရှိကြောင်း သိရသည်။

**အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**



## မိုင်းဖြတ်မြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ လွယ်ကူစွာ မဲပေးနိုင်ရေး အသိပညာပေးလုပ်ငန်းများဆောင်ရွက်

**မိုင်းဖြတ် အောက်တိုဘာ ၁၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက်ဆိုင်ရာ သိကောင်းစရာများနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်း စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၂ ရက်က အိုက်ငို့အုပ်စု ဟာကြားဟုန်ကျေးရွာ၌ ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ အသိပညာပေးရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလှမျိုးက လက်တွေ့စမ်းသပ်မဲပေးခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်ရုံးမှ ဦးစီးအရာရှိ ဦးအောင်မြတ်မိုးက မြန်မာအီလက်ထရောနစ် မဲပေးစက်အကြောင်း သိကောင်းစရာများ၊ စမ်းသပ်မဲပေးပုံအဆင့်ဆင့်တို့ကို လက်တွေ့ရှင်းလင်းပြောကြားကာ ကျေးရွာနေပြည်သူများက စမ်းသပ်မဲပေးခြင်းများကို ဆောင်ရွက်ခဲ့ကြသည်။ **သန်းထွန်းအေး(မိုင်းဖြတ်)**



ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့၌ ပထမအကြိမ်မဲဆန္ဒရှင်စာရင်းများ ကပ်ထားသည့်နေရာများကို အောက်တိုဘာ ၁၁ ရက်က မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဆန်းဦးနှင့် တာဝန်ရှိသူများက လိုက်လံကွင်းဆင်းစစ်ဆေးစဉ်။

မြို့နယ်(ပြန်/ဆက်)

## သာကေတမြို့နယ်၌ လူငယ်နှင့်မြန်မာစကားပုံများ အသိပညာပေးဆွေးနွေး

**သာကေတ အောက်တိုဘာ ၁၂**

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးခန်းမ၌ လူငယ်နှင့် မြန်မာစကားပုံများ အသိပညာပေးဆွေးနွေးပွဲကို ယမန်နေ့က ပြုလုပ်သည်။

ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အငယ်တန်းစာရေး ဒေါ်နွယ်နီဦးက လူငယ်နှင့်မြန်မာစကားပုံ အသိပညာပေးဆွေးနွေးပွဲပြုလုပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့နယ်စာရေးဆရာအသင်း စာရေးဆရာမ အင်ကြင်းမေက လူငယ်နှင့်မြန်မာစကားပုံများနှင့် စကားပုံများ၏ အဓိပ္ပာယ်အကြောင်းများကို အသိပညာပေး ရှင်းလင်းဆွေးနွေးပေးခဲ့ကြောင်း သိရသည်။

**အိဗ္ဗွေစင်လတ် (ပြန်/ဆက်)**

# နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး ရဲမိုး ပျဉ်းမနားမြို့နယ် ကံဦးရပ်ကွက်၌ မဲဆန္ဒရှင်စာရင်း ကပ်ထားကြေညာထားရှိမှု ကြည့်ရှုအားပေး

**ပျဉ်းမနား အောက်တိုဘာ ၁၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ်၌ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်စာရင်းများအား ရပ်ကွက်/ကျေးရွာ ကော်မရှင်အဖွဲ့ခွဲရုံးများတွင် ပထမအကြိမ် ကပ်ထားကြေညာပေးထားရာ အောက်တိုဘာ ၁၁ ရက်တွင် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး ရဲမိုး၊ နေပြည်တော်ကောင်စီ အတွင်းရေးမှူး ဦးတိုးဝင်းနှင့် တာဝန်ရှိသူများသည် ပျဉ်းမနားမြို့ ကံဦးရပ်ကွက်၌ မဲဆန္ဒရှင်စာရင်း ကပ်ထားကြေညာထားရှိမှုအား ကြည့်ရှုအားပေးသည်။



ဦးစွာ နေပြည်တော်ကောင်စီဝင်က ပထမအကြိမ် မဲဆန္ဒရှင်စာရင်း ကပ်ထားကြေညာထားစဉ်အတွင်း ပုံစံ(၃)ဖြင့် မဲစာရင်းတွင် အမည်ထည့်သွင်းပေးရန် လျှောက်ထားမှု၊ ပုံစံ(၄)ဖြင့် ကန့်ကွက်မှု အခြေအနေများ၊ ပုံစံ(၄-က)ဖြင့် ပြင်ဆင်လွှာတင်သွင်းမှု အခြေအနေများကို မေးမြန်းပြီး ရပ်ကွက်နေပြည်သူများ မဲစာရင်းလာရောက်ကြည့်ရှုရန် အသိပေးနှိုးဆော်ခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးရန် မှာကြားသည်။

ပထမအကြိမ် မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာစဉ် မဲဆန္ဒရှင်များအနေဖြင့် မဲစာရင်းလာရောက်ကြည့်ရှုပြီး မိမိအမည် မဲစာရင်းတွင် မပါဝင်ပါက ပုံစံ(၃)ဖြင့် မဲစာရင်းတွင် အမည်ထည့်သွင်းပေးရန် လျှောက်ထားခြင်း၊ မပါဝင်သင့်သူများ ပါဝင်နေပါက ပုံစံ(၄)ဖြင့် ကန့်ကွက်ခြင်း၊ မဲစာရင်းပါအချက်အလက်များ မှားယွင်းနေပါက ပုံစံ(၄-က)ဖြင့် ပြင်ဆင်လွှာတင်သွင်းခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်ပြီး လိုအပ်သောပုံစံများကို ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင် အဖွဲ့ခွဲရုံးများတွင် အခမဲ့ရယူနိုင်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# နေပြည်တော်ကောင်စီဝင် ဦးခင်မောင်လတ် ဒက္ခိဏသီရိမြို့နယ်၌ မဲဆန္ဒရှင်စာရင်းကပ်ထားကြေညာထားရှိမှု ကြည့်ရှု

**နေပြည်တော် အောက်တိုဘာ ၁၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်၌ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်စာရင်းများအား ရပ်ကွက်/ကျေးရွာ ကော်မရှင်အဖွဲ့ခွဲရုံးများတွင် ပထမအကြိမ် ကပ်ထားကြေညာပေးရာ အောက်တိုဘာ ၁၁ ရက်တွင် နေပြည်တော်ကောင်စီဝင် ဦးခင်မောင်လတ်နှင့် တာဝန်ရှိသူများသည် ဒက္ခိဏသီရိရပ်ကွက်၊ ရွှေအင်ကြင်းရပ်ကွက်၊ ဒိုးနွယ်ကျေးရွာအုပ်စုရှိ သုခဝတီ(အငြိမ်းစား) အငှားအိမ်ရာနှင့် ချိုင်းကျေးရွာအုပ်စု၌ မဲဆန္ဒရှင်စာရင်း ကပ်ထားကြေညာထားရှိမှုကို ကြည့်ရှုအားပေးသည်။

ဦးစွာ နေပြည်တော်ကောင်စီဝင်က ပထမအကြိမ် မဲဆန္ဒရှင်စာရင်း ကပ်ထားကြေညာထားစဉ်အတွင်း ပုံစံ(၃)ဖြင့် မဲစာရင်းတွင် အမည်ထည့်သွင်းပေးရန် လျှောက်ထားမှု၊ ပုံစံ(၄)ဖြင့် ကန့်ကွက်မှု အခြေအနေများ၊ ပုံစံ(၄-က)ဖြင့် ပြင်ဆင်လွှာတင်သွင်းမှု အခြေအနေများကို မေးမြန်းပြီး ရပ်ကွက်၊ ကျေးရွာနေပြည်သူများ မဲစာရင်းလာရောက်ကြည့်ရှုရန် အသိပေးနှိုးဆော်ခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးရန် မှာကြားသည်။



ပထမအကြိမ် မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာစဉ် မဲဆန္ဒရှင်များအနေဖြင့် မဲစာရင်းလာရောက်ကြည့်ရှုပြီး မိမိအမည် မဲစာရင်းတွင် မပါဝင်ပါက ပုံစံ(၃)ဖြင့် မဲစာရင်းတွင် အမည်ထည့်သွင်းပေးရန် လျှောက်ထားခြင်း၊ မပါဝင်သင့်သူများ ပါဝင်နေပါက ပုံစံ(၄)ဖြင့် ကန့်ကွက်ခြင်း၊ မဲစာရင်းပါအချက်အလက်များမှားယွင်းနေပါက ပုံစံ(၄-က)ဖြင့် ပြင်ဆင်လွှာတင်သွင်းခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်ပြီး လိုအပ်သောပုံစံများကို ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင် အဖွဲ့ခွဲရုံးများတွင် အခမဲ့ရယူနိုင်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## မော်တော်ယာဉ်မောင်းနှင်ရာတွင် မိမိရှေ့ကယာဉ်ကို လုံးဝကျော်တက်ခြင်း မပြုရသည့် နေရာများ (နည်းဥပဒေ ၂၉၁)

မော်တော်ယာဉ်မောင်းနှင်သူသည် အောက်ပါနေရာများ၊ အချိန်အခါနှင့် အခြေအနေများတွင် မိမိရှေ့ကမော်တော်ယာဉ်ကို လုံးဝကျော်တက်ခြင်း မပြုရ-

(က) ခြေကျင်လျှောက်သူများဖြတ်ကူးရန် ခွင့်ပြုထားသော နေရာ၊
(ခ) လမ်းဆုံလမ်းခွ၊
(ဂ) လမ်းထောင့်နှင့်လမ်းကွေ့၊
(ဃ) ကုန်းအတက်နှင့်ကုန်းထိပ်၊
(င) တံတားအဝင်ဝနှင့် တံတားအပေါ်၊
(စ) လမ်းကျဉ်းအတွင်း၊
(ဆ) ဥမင်လိုဏ်ခေါင်းအတွင်း၊
(ဇ) လမ်းအလယ်တွင်မျဉ်းဖြူ မျဉ်းဝါနှစ်ကြောင်းရှိသော လမ်းတစ်လျှောက်၊
(ဈ) တစ်ဆက်တည်းမျဉ်းကြောင်းသတ်မှတ်ထားသော ယာဉ်ကြောအတွင်း၊
(ည) တံခါးရှိနှင့် တံခါးမဲ့ရထားလမ်းကူးနေရာ၊
(ဋ) မြင်ကွင်းမရှင်းလင်း၍ အန္တရာယ်ကင်းစွာ ကျော်တက်ရန် စိတ်မချရသော အချိန်အခါ၊
(ဌ) ''လမ်းမပိတ်ရ'' အဝါရောင်မျဉ်းကွက် (Yellow Box) နေရာ၊
(ဍ) ကျော်တက်လျှင်ရှေ့ သို့မဟုတ် မျက်နှာချင်းဆိုင်မှ မောင်းနှင်နေရသည့် မော်တော်ယာဉ်များက ရှောင်တိမ်းပေးရခြင်း၊ အမြန်နှုန်းလျှော့ပေးရခြင်းဖြင့် အန္တရာယ်ဖြစ်စေနိုင်သည့် အခြေအနေ။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

# ကွမ်းခြံကုန်းမြို့နယ်၌ ပထမအကြိမ်မဲစာရင်း ကြေညာထားမှုအား တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

**ကွမ်းခြံကုန်း အောက်တိုဘာ ၁၂**

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့၌ ၂၀၂၅ ခုနှစ် ရွေးကောက်ပွဲလုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် မဲစာရင်းများ ကပ်ထားသည့် အောက်တိုဘာ ၁၁ ရက်က ရပ်ကွက်(၇)ရပ်ကွက်များသို့ တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သူစိုးနှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များ၊ သက်ဆိုင်ရာ ဌာနဆိုင်ရာများသည် ရပ်ကွက်၊ ကျေးရွာများသို့ ပထမအကြိမ် မဲစာရင်းကပ်ထားကြေညာထားမှုကို သွားရောက်ကြည့်ရှုပြီး တာဝန်ရှိသူများအား ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေး ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ကပ်ထားကြေညာသည့် မဲစာရင်းများကိုလည်း ပြည်သူများသိရှိစေရေး အလေးထားဆောင်ရွက်သွားရန်၊ ပုံစံ(၃)က၊ ပုံစံ(၄)က စသည့်ပုံစံများအား စနစ်တကျဆောင်ရွက်ကြရန် အခက်အခဲရှိပါက သက်ဆိုင်ရာသို့ တင်ပြကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**ဆွေနွယ်(ပြန်/ဆက်)**



# မိုးနဲမြို့နယ်၌ မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာထားရှိမှု ပြည်သူများ လာရောက်ကြည့်ရှု

**မိုးနဲ အောက်တိုဘာ ၁၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်တွင် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲ၌ မဲပေးပိုင်ခွင့်ရှိသူ မဲစာရင်းများကို ပထမအကြိမ်အဖြစ် သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်စုများအလိုက် ကပ်ထားကြေညာထားရှိပြီး မဲပေးပိုင်ခွင့်ရှိမဲဆန္ဒရှင်ပြည်သူများက မိမိတို့၏ အမည်ပါ/မပါ မဲစာရင်းများကို ကြည့်ရှုသည်။

အဆိုပါ ပထမအကြိမ် မဲစာရင်း ကပ်ထားကြေညာခြင်းကို အောက်တိုဘာ ၁၃ ရက်အထိ သက်ဆိုင်ရာကျေးရွာ ရပ်ကွက်/ရွေးကောက်ပွဲကော်မရှင်ရုံးများတွင် ကပ်ထားကြေညာထားရှိမှုအား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လှည့်လည်ကြည့်ရှုသည်။

ထိုသို့ မဲစာရင်းများ ကပ်ထားကြေညာခြင်းကို မိုးနဲမြို့နယ် ကျိုင်းတောင်းမြို့အပါအဝင် ရပ်ကွက် ၁၂ ရပ်ကွက်၊ ကျေးရွာအုပ်စု ၁၄ အုပ်စုရှိ မဲပေးပိုင်ခွင့်ရှိသူများ မဲစာရင်းလာရောက်ကြည့်ရှုကြကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**



# သရက်မြို့နယ်၌ မဲဆန္ဒရှင်စာရင်းများနှင့် Call Centre ဖွင့်လှစ်ထားရှိ လိုက်လံကြည့်ရှု

**သရက် အောက်တိုဘာ ၁၂**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ်၌ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် မဲဆန္ဒရှင်စာရင်းများ ပထမအကြိမ် ကပ်ထားကြေညာထားရှိမှုကို သရက်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်/ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက အောက်တိုဘာ ၁၁ ရက်က မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံး၌ ကြေညာထားရှိမှု လိုက်လံကြည့်ရှုသည်။

ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ခရိုင်ကော်မရှင်အဖွဲ့ခွဲရုံးနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတို့၌ Call Centre ဖွင့်လှစ်ထားရှိမှုနှင့် ရွေးကောက်ပွဲကာလတွင် မသမာသူများက ဆက်သွယ်ဆောင်ရွက်မှုများကိုဥပဒေနှင့်အညီ အရေးယူနိုင်ရေးအတွက် လိုအပ်သည်များကို ကြိုတင်ဆောင်ရွက်ထားရှိရန်၊ နေ့စဉ်မှတ်တမ်းများကိုလည်း ပြည့်စုံစွာ ထားရှိမှတ်တမ်းတင်ကြရန်၊ ရွေးကောက်ပွဲအောင်မြင်ပြီးမြောက်ရေးသည် အဓိကဖြစ်ကြောင်း အလေးထားညှိနှိုင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း အရေးကြီးကိစ္စများရှိလျှင် တင်ပြပေးကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ **ဇော်ထက်(သရက်)**

## မော်လမြိုင်မြို့နယ်၌ ဗုဒ္ဓဝင်နှင့် ၃၈ ဖြာ မင်္ဂလာတရားတော် နှုတ်ဖြေပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

မော်လမြိုင် အောက်တိုဘာ ၁၂

မွန်ပြည်နယ်ဗုဒ္ဓဘာသာကလျာဏယုဝအသင်းနှင့်သာယာအေးရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့တို့ ပူးပေါင်းကျင်းပသော ဗုဒ္ဓဝင်နှင့် ၃၈ ဖြာ မင်္ဂလာတရားတော် နှုတ်ဖြေပြိုင်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၀ ရက်က



မော်လမြိုင်မြို့ သာယာအေးရပ်ကွက် ပျော်ဘွယ်ပရိယတ္တိစာသင်တိုက်၌ ကျင်းပသည်။

ဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍အခမ်းအနားကို စတင်ဖွင့်လှစ်ပြီး မြို့နယ်သံဃနာယက နတ်မော်ကျောင်းတိုက် ဆရာတော်ကြီးထံမှ ငါးပါးသီလ ခံယူဆောက်တည်ခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဗုဒ္ဓဘာသာကလျာဏယုဝအသင်း ဒုဥက္ကဋ္ဌ ဦးဖေငြိမ်းက အမှာစကားပြောကြားပြီး သာယာအေးရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးသိန်းညွန့်တင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူ ၁၂ ဦးက ဗုဒ္ဓဝင်နှင့် ၃၈ဖြာ မင်္ဂလာတရားတော်နှုတ်ဖြေပြိုင်ပွဲကို ဝင်ရောက်ဖြေဆိုခဲ့ကြသည်။ ဆက်လက်၍ ဗုဒ္ဓဝင်နှင့် ၃၈ ဖြာ မင်္ဂလာတရားတော် နှုတ်ဖြေပြိုင်ပွဲ ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ခင်စန်းမြင့်(ပြန်/ဆက်)

## အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း(ပခုက္ကူ)မှ သင်တန်းသူ ၃၄၄၅ ဦး သင်ကြားမွေးထုတ်

ပခုက္ကူ အောက်တိုဘာ ၁၂

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းများတွင် နယ်စပ်ဒေသအပါအဝင် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးသောဒေသများမှ အမျိုးသမီးငယ်များအား အဆင့်မြင့်စက်ချုပ်ပညာသင်တန်းများအပြင် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းများကို နှစ်စဉ်ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း(ပခုက္ကူ)မှ ယနေ့အထိ အမျိုးသမီးငယ်သင်တန်းသူ ၃၄၄၅ ဦး သင်ကြားမွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်သည်။




အဆိုပါသင်တန်းကျောင်းကို ၂၀၀၅ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်က စတင်ဖွင့်လှစ်ခဲ့ပြီး ယနေ့အထိ အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ်(၁) မှ (၃၇)အထိ သင်တန်းသူ ၇၆၀၊ အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၁)မှ(၄၀)အထိ သင်တန်းသူ ၁၉၅၄ ဦး၊ အဆင့်မြင့်အိမ်တွင်းမှု စက်ချုပ်သင်တန်းအမှတ်စဉ်(၁)မှ(၁၀)အထိ သင်တန်းသူ ၃၅၅ ဦး၊ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်း အမှတ်စဉ်(၁) မှ (၅)အထိ သင်တန်းသူ ၃၇၅ ဦး၊ အိမ်တွင်းမှုကြိမ်/ဝါးသင်တန်းသူ တစ်ဦး စုစုပေါင်း သင်တန်းသူ ၃၄၄၅ ဦးကို သင်ကြားမွေးထုတ်ပေးနိုင်ခဲ့ပြီး သင်တန်းဆင်း ၁၇၇၂ ဦးအား အလုပ်အကိုင်အခွင့်အလမ်းကောင်းများ ဖန်တီးဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။ ဘာမီသာ(ပခုက္ကူ)

## မြိတ်မြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့်မဲပေးနိုင်ရေး အသိပညာပေးခြင်းနှင့် လက်တွေ့ စမ်းသပ်မဲပေးခြင်းပြုလုပ်

မြိတ် အောက်တိုဘာ ၁၂

မြိတ်ခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ကြီးမှူး၍မြန်မာအီလက်ထရောနစ်မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းအခမ်းအနားကို အောက်တိုဘာ ၁၁ ရက်က တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်အတွင်းရှိ ပသောင်း၊ တောင်းရှည်၊ မင်းသန်း၊ စလွန်းစသည့်ကျေးရွာအုပ်စုများမှ မဲဆန္ဒရှင် ပြည်သူများအား မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် မဲပေးနိုင်ရေး အသိပညာပေးခြင်း



နှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းများကို ကွင်းဆင်းဆောင်ရွက်သည်။

ထို့နောက် တက်ရောက်လာကြသည့် ပသောင်း၊ တောင်းရှည်၊ မင်းသန်း၊ စလွန်းကျေးရွာအုပ်စုများမှ ရပ်မိရပ်ဖများ၊ မဲဆန္ဒရှင်ပြည်သူများအား မြန်မာအီလက်ထရောနစ် မဲပေးစက်ဆိုင်ရာ လက်တွေ့စမ်းသပ် မဲပေးခြင်းသရုပ်ပြဆောင်ရွက်သည်။

အခမ်းအနားသို့ ခရိုင်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးတင်သန်း၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးဝင်းမောင်နှင့် အဖွဲ့ဝင်များ၊ နည်းပြ ဆရာ ဆရာမများနှင့် ပသောင်း၊ မင်းသန်း၊ တောင်ရှည်၊ စလွန်းကျေးရွာအုပ်စုများမှ အုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ၊ ရပ်မိရပ်ဖများနှင့် မဲဆန္ဒရှင်ပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

မြင့်ဦး(မြိတ်)

## ပေါင်းတည်၌ ပြည်ပပို့ကုန် သီးနှံထုတ်ကုန်များ ပိုးသတ်ဆေး ဓာတ်ကြွင်းကင်းစင်ရေးနှင့် နည်းပညာပေးဆွေးနွေး

ပေါင်းတည် အောက်တိုဘာ ၁၂

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ် စက်မှုလယ်ယာဦးစီးဌာနခန်းမ၌ ယနေ့နံနက်ပိုင်းက စိုက်ပျိုးရေးဦးစီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာနတို့ ပူးပေါင်း၍ ပြည်ပပို့ကုန် သီးနှံထုတ်ကုန်များ ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းပြည့်မီကျော်လွန်ရေးတို့အတွက် နည်းပညာပေးဆွေးနွေးပွဲ ပြုလုပ်သည်။

ဆွေးနွေးပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးထွန်းထွန်းဝင်းက စိုက်ပျိုးရေးထုတ်ကုန်များ နိုင်ငံတကာဈေးကွက်တွင် ယှဉ်ပြိုင်နိုင်ရေးနှင့် စားသုံးသူများ ဘေးကင်းရေးသည် အရေးကြီးကြောင်း၊ စိုက်ပျိုးသီးနှံများအလိုက် ပန်းတိုင်အထွက်နှုန်းရရှိရေး ကြိုးပမ်းဆောင်ရွက်ရာတွင် သီးနှံများ၌ ပိုးသတ်ဆေးဓာတ်ကြွင်းပါဝင်မှု ဒွန်တွဲတွေ့ရှိလာရသည့်အတွက် ပိုးသတ်ဆေးဓာတ်ကြွင်း လျော့ကျကင်းစင်စေရေး အထူးအလေးထား ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ဆွေးနွေးပွဲသို့ တက်ရောက်လာသူများအားစိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက သီးနှံများအထွက်တိုးရေးနှင့် စိုက်ပျိုး



ရေး အသိပညာပေး လက်ကမ်းစာစောင်များကို လိုက်လံဝေငှပေးပြီး ဆွေးနွေးပွဲသို့ လယ်ယာသုံးစက်ကိရိယာ အခြေခံစက်မောင်း သင်တန်းသား တောင်သူများ၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ၊ ပိုးသတ်ဆေးနှင့် ဓာတ်မြေသြဇာရောင်းချသူများ၊ စိုက်ပျိုးရေး၊ စက်မှုလယ်ယာဦးစီးဌာနတို့မှ ဝန်ထမ်းများ တက်ရောက်ကြသည်။

ရွှေသား(IPRD)



## အသက် ၁၀၀ နှင့်အထက် သက်ကြီးဘိုးဘွားများအား ထောက်ပံ့ငွေပေးအပ်

မြို့သစ် အောက်တိုဘာ ၁၂

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်၌ ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာသက်ကြီးပုဂ္ဂိုလ်များနေ့ အထိမ်းအမှတ်အဖြစ် အသက် ၁၀၀ နှင့်အထက် သက်ကြီးဘိုးဘွားများအား ထောက်ပံ့ငွေပေးအပ်ခြင်းကို အောက်တိုဘာ ၁၀ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့သစ်မြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဝင်းထက်က သက်ကြီးဘိုးဘွားများအား ထောက်ပံ့ငွေများ ပေးအပ်ရခြင်းရည်ရွယ်ချက်ကိုပြောကြား၍ မြို့နယ်အတွင်းရှိ အသက် ၁၀၀ နှင့်အထက် သက်ကြီးဘိုးဘွားများအား တစ်ဦးလျှင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ထောက်ပံ့သည့် ထောက်ပံ့ငွေကျပ် ၁၀၀၀၀၀ နှုန်းဖြင့် သက်ကြီးဘိုးဘွား ၁၃ ဦးအတွက် စုစုပေါင်း ထောက်ပံ့လှူဒါန်းငွေကျပ် ၁၃၀၀၀၀၀ ကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးမှူး၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက အဘိုးအဘွားများအား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ဝင်းအိဇွန်(ပြန်/ဆက်)

## တွံတေးမြို့နယ်၌ မဲစာရင်းများ ကပ်ထားသည့်နေရာများကို တာဝန်ရှိသူများ လိုက်လံစစ်ဆေး

တွံတေး အောက်တိုဘာ ၁၂

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်၌ ပထမအကြိမ် မဲစာရင်းများ ကပ်ထားသည့်နေရာများကို ယမန်နေ့က သတ်မှတ်ရပ်ကွက်၊ ကျေးရွာများသို့ တာဝန်ရှိသူများက လိုက်လံစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ သက်ဆိုင်ရာဌာနဆိုင်ရာများသည် ရပ်ကွက်၊ ကျေးရွာများသို့ပထမအကြိမ်မဲစာရင်းကပ်ထားကြေညာထားမှုအား ပြည်သူများ လာရောက်ကြည့်ရှုနေမှုကို သွားရောက်ကြည့်ရှုပြီး တာဝန်ရှိသူများအား ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေး ပူးပေါင်းဆောင်ရွက်ကြရန်၊ ကပ်ထားကြေညာသည့် မဲစာရင်းများကိုလည်း ပြည်သူများသိရှိစေရေး အလေးထားဆောင်ရွက်သွားရန်နှင့် ရပ်/ကျေးကော်မရှင်အဖွဲ့များအား လိုအပ်သည်များမှာကြား ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ မျိုးလှိုင်(တွံတေး)

## လက်ပံတန်း၌ မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေး


လက်ပံတန်း အောက်တိုဘာ ၁၂

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက်ဆိုင်ရာအသိပညာပေးခြင်းနှင့်လက်တွေ့စမ်းသပ်မဲပေးခြင်းကို ယနေ့နံနက်ပိုင်းက မအူကုန်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ပြုလုပ်ရာ ဦးစွာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအေးကိုနှင့် အဖွဲ့ဝင်များက မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် မဲပေးပုံအဆင့်ဆင့်လက်တွေ့သရုပ်ပြ ရှင်းလင်းပြသခဲ့သည်။

အဆိုပါ လက်တွေ့သရုပ်ပြခြင်းကို စက်တင်ဘာ ၁၀ ရက်မှစ၍ ကျေးရွာအုပ်စုအလိုက် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မအူကုန်ရပ်ကွက်မှ မဲဆန္ဒရှင်ပြည်သူ ၁၀၅ ဦးက လက်တွေ့စမ်းသပ်မဲပေးကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**



စာဖတ်ပရိသတ်အပေါင်း မင်္ဂလာပါ။ ဒီတစ်ပတ်မှာတော့ အင်္ဂလိပ်စာလေ့လာရာမှာအခြေခံအကျဆုံးဖြစ်တဲ့ The Eight Parts of Speech (ဝါစင်္ဂရှစ်မျိုး) ကို အဓိပ္ပာယ်ဖွင့်ဆိုချက်တွေနဲ့ ဆက်လက်ရှင်းပြပေးသွားမှာ ဖြစ်ပါတယ်။ ဒါ့အပြင် စကားပြောခန်းမှာလည်း How to talk about your family in English (ကိုယ့်ရဲ့မိသားစုအကြောင်း အင်္ဂလိပ်လိုဘယ်လိုပြောရမလဲ) ဆိုတာကို ထင်းခနဲ လင်းခနဲနဲ့ မှတ်မိလွယ်အောင် ရှင်းလင်းချက်များ၊ နမူနာဝါကျများ၊ စကားပြောများနဲ့ ဝေဝေဆာဆာဖော်ပြပေးသွားမှာဖြစ်ပါတယ်။ Vocabulary Enrichment Programme (ဝေါဟာရပဒေသာအစီအစဉ်) အပိုင်းမှာလည်း နေ့စဉ်သုံး အီဒီယမ်တွေကို အဓိပ္ပာယ်ရှင်းလင်းချက်များနဲ့သာမက နမူနာဝါကျများနဲ့ပါ ဖော်ပြပေးထားပါတယ်။ ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာဗဟုသုတများ တိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ်လေ့လာဖတ်ရှုကြဖို့ ဒီကဏ္ဍကနေ တိုက်တွန်းလိုက်ပါတယ်။

## GRAMMAR

### Basic to Intermediate

**5. Adverb (ကြိယာဝိသေသန)**

ကြိယာ (Verb) ကိုအထူးပြုသော သို့မဟုတ် ကြိယာ (Verb) ၏ပြုမူ၊ လှုပ်ရှား၊ ဆောင်ရွက်မှုကို ထူးခြားလေးနက်စေသော စကားလုံးကို Adverb (ကြိယာဝိသေသန) ဟုခေါ်သည်။ Adverb (ကြိယာဝိသေသန) များသည် ကြိယာ (Verb) ၏ ပြုမူ၊ လှုပ်ရှား၊ ဆောင်ရွက်မှုကို အထူးပြုဖော်ပြရုံသာမက နာမဝိသေသ (Adjective)၏ အဓိပ္ပာယ်ကို ထူးခြားလေးနက်အောင် ကူညီဆောင်ရွက်ပေးရာတွင်လည်း အသုံးပြုနိုင်သည်။ ထို့အတူ Adverb (ကြိယာဝိသေသန) အချင်းချင်းထူးခြားလေးနက်အောင် ပြုမူပြောဆိုရာတွင်လည်း အသုံးပြုနိုင်သည်။ ဝါကျတစ်ကြောင်းလုံးကို ထူးခြားလေးနက်အောင် ပြောဆိုရာတွင်လည်း Adverb (ကြိယာဝိသေသန) ကိုပင်အသုံးပြုနိုင်သေးသည်။

ထို့အပြင် Adverb (ကြိယာဝိသေသန) များကို အကြောင်းအရာတစ်ခု သို့မဟုတ် ဖြစ်စဉ်တစ်ခုသည် ဘယ်ပုံဘယ်နည်း၊ ဘယ်လိုမျိုး၊ ဘယ်အချိန်၊ ဘယ်နေရာ၊ ဘယ်အတိုင်းအတာအထိ သို့မဟုတ် ဘယ်လောက်တစ်ခါဖြစ်ပွားသလဲဆိုပြီး ဖော်ပြပြောဆိုရေးသားရာတွင်လည်း အသုံးပြုနိုင်သည်။

Adverb (ကြိယာဝိသေသန) များကို ၎င်းတို့၏အသုံးပြုသည့်နေရာနှင့် ဖော်ပြပုံတို့ကိုအခြေခံပြီး အမျိုးအစားများခွဲခြားနိုင်သေးသည်။ Adverb (ကြိယာဝိသေသန) များသည် များသောအားဖြင့် "ly" ဖြင့် အဆုံးသတ်လေ့ရှိသော်လည်း တချို့ Adverb (ကြိယာဝိသေသန) များသည် "ly" ဖြင့် အဆုံးမသတ်သည်ကိုလည်း တွေ့နိုင်ပါသည်။ Adverb (ကြိယာဝိသေသန) များကို အရာဝတ္ထုတစ်ခုနှင့်တစ်ခု အကြောင်းအရာ တစ်ခုနှင့်တစ်ခု လူပုဂ္ဂိုလ် တစ်ဦးနှင့်တစ်ဦး စသည့် နှိုင်းယှဉ်ဖော်ပြရာတွင်လည်း အသုံးပြုနိုင်သေးသည်။ ဝါကျကို ပိုမိုအဓိပ္ပာယ်ပြည့်စုံစေရန်အတွက် Adverb (ကြိယာဝိသေသန)ကို ဘက်စုံအသုံးပြုနိုင်သည်။ Adverb (ကြိယာဝိသေသန) အခန်းတွင် အသေးစိတ်ဖော်ပြပါမည်။ ဥပမာ–

- Quickly/ beautifully/ politely/ soon/ yesterday/ here/ there/ everywhere/ very/ extremely

**Adverbs in the sentences:**

- The child ran *happily* towards their mother.
  ကလေးက သူ့အမေထံကို ပျော်ပျော်ရွှင်ရွှင် ပြေးလာခဲ့တယ်။
- She answered the question *quickly.*
  သူ (မ) က မေးခွန်းကို အလျင်အမြန်ဖြေခဲ့တယ်။
- He spoke *softly* on the phone.
  သူက ဖုန်းထဲမှာ ညင်သာစွာ ပြောတယ်။
- The water is *too* hot to touch.
  ဒီရေက ထိဖို့ တော်တော်ပူတယ်။
- The new houseplant is *naturally* beautiful.
  အိမ်တွင်းအလှစိုက်ပင်လေးဟာ သဘာဝအတိုင်း လှပတယ်။
- He runs *extremely* fast.
  သူက အလွန်လျင်မြန်စွာ ပြေးတယ်။
- This turtle walks *incredibly* slowly.
  ဒီလိပ်က မယုံနိုင်လောက်အောင် ဖြည်းညင်းစွာ သွားနေတယ်။
- *Fortunately*, nobody was hurt.
  ကံကောင်းထောက်မပြီး ဘယ်သူမှ ဒဏ်ရာမရဘူး။

**6. Preposition (prep) ဝိဘတ် သို့ ရှေ့ဆောင်ပုဒ်**

သေးငယ်သော်လည်း ခွန်အားအပြည့်ရှိသော စကားလုံးကို ပြပါဆိုလျှင် Preposition (prep) ဝိဘတ်ကို ပြရပါမည်။ Preposition (prep) ဝိဘတ်များသည် ဝါကျတစ်ခု၏ မတူညီသော အစိတ်အပိုင်းများကို ဆက်သွယ်ပေးသော စကားလုံး (ဝါ) စကားလုံးတစ်လုံးနှင့် တစ်လုံးကြား မည်သို့ဆက်သွယ်တည်ရှိသည်ကို ဖော်ပြပေးသော စကားလုံးဖြစ်သည်။

စကားလုံးများနှင့် စကားစုများသည် တိကျသော Preposition (ဝိဘတ်) များရှိကြသည်။ ၎င်းတို့၏ မှန်ကန်သောအသုံးပြုပုံကို သိရှိခြင်းသည် ဝါကျများဖွဲ့စည်းရာတွင်လည်းကောင်း ဆက်သွယ်ပြောဆိုရာတွင် လည်းကောင်း အရေးကြီးလှသည်။

Preposition (ဝိဘတ်) များသည် ကြိယာတွဲများနှင့် စကားလုံးတွဲများအတွက် အရေးကြီးသော အခန်းမှပါဝင်သည်။ ၎င်းတို့၏ တည်နေရာအနည်းငယ်ပြောင်းလိုက်ရုံဖြင့် အဓိပ္ပာယ်လည်း ပြောင်းလဲသွားမည်ဖြစ်သည်။ ဥပမာ –

- In/ on/ at/ under/ of/ in front of/ behind/

**Prepositions in the sentences:**

- The book is *on* the table.
- We'll meet *at* noon.
- She walked *through* the park.
- She completed the test *with* ease.
- The circus was stationed *opposite* the children's park.

## VOCABULARY ENRICHMENT PROGRAMME

1. the apple of one's eye (တစ်ဦးတစ်ယောက်၏ မျက်ရှုကြေးမုံ၊ အသည်းကျော်)
   She's <u>the apple of her father's eye.</u>
   သူမဟာ သူမအဖေရဲ့ အသည်းကျော်ပဲ။
2. to receive with open arms (လှိုက်လှိုက်လှဲလှဲကြိုဆိုသည်)
   It was a little intimidating starting a new job at such a large farm, but everyone there <u>received me with open arms.</u>
   ဒီလိုမျိုး ကုမ္ပဏီကြီးမှာ အလုပ်သစ်စလုပ်ရတာ အနည်းငယ်ကြောက်စရာကောင်းပေမယ့် အဲဒီမှာ ကျွန်တော့်ကို အားလုံးက လှိုက်လှိုက်လှဲလှဲ ကြိုဆိုကြတယ်။
3. to take up arms (လက်နက်စွဲကိုင်တိုက်ခိုက်သည်)
   I'm a peaceful person, but if war comes upon us, I will not hesitate <u>to take up arms.</u>
   ကျွန်တော်က ငြိမ်းချမ်းရေးသမားတစ်ဦးပါ။ ဒါပေမယ့် စစ်ဖြစ်လာရင်တော့ လက်နက်စွဲကိုင်တိုက်ခိုက်ဖို့ ဝန်မလေးဘူး။

*(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။ နောက်တစ်ပတ် တနင်္လာနေ့မှာ ပြန်လည်ဆုံတွေ့ကြပါစို့)*

## CONVERSATION



**How to talk about your family**

- an only child (တစ်ဦးတည်းသောကလေး)
- middle child (အလယ်အလတ်ကလေး)
- immediate family (အနီးကပ်မိသားစု)
  extended family (တိုးချဲ့မိသားစု)
- My wife's expecting our fourth child (စတုတ္ထကလေး မျက်နှာမြင်ရတော့မယ်)
- I'm very close to my family (မိသားစုကို အရမ်းခင်တွယ်တယ်)

**My family**

**Robert:** Do you have a big family or a small family.

**Michael:** There are six people in my family. I have two sisters, one brother, me and my parents of course.

**Robert:** How many brothers and sisters do you have?

**Michael:** I'm not *an only child*. I have one brother and two sisters.

**Robert:** Are your brothers and sisters older or younger? Where are you in the family?

**Michael:** I have one older brother and two older sisters. I'm not *the middle child*. I'm the youngest in the family.

**Robert:** Is your *immediate family* big or small?

**Michael:** It's quite big. There are six people in my immediate family: my parents, my brother, my sisters and me. I have a lot of other relatives, but they live in Canada so we don't see them often. They are kind to me.

**Robert:** Do you have any children?

**Michael:** I'm still single. And you?




**Robert:** I've got married since I haven't seen you for ages, Michael and now I've changed a lot and I have three kids: two girls and a boy. My *wife's expecting our fourth child*. We don't know if it's a boy or a girl, but we'll find out in three months.

**Michael:** Oh! That's great.

**Robert:** How often do you see your family and what do you like to do together?

**Michael:** *I'm very close to my family*. We have lunch together every weekend.

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာကဏ္ဍနှင့်ပတ်သက်ပြီး အကြံပြုဆွေးနွေးလိုပါက ဆရာဦးတင်လင်းအောင် ဖုန်း-၀၉-၄၄၄၆၆၂၇၆၄ သို့ ဆက်သွယ်အကြံပြုဆွေးနွေးနိုင်ပါသည်။

## တောင်ငူမြို့၌ မြန်မာအီလက်ထရောနစ် မဲပေးစက်ဆိုင်ရာ အသိပညာပေး

**တောင်ငူ အောက်တိုဘာ ၁၂**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ကြီးမှူး၍ တောင်ငူမြို့ပေါ် ရပ်ကွက်များနှင့် ကျေးရွာများရှိ မဲဆန္ဒရှင်ပြည်သူများအား မြန်မာအီလက်ထရောနစ် မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ် မဲပေးခြင်းကို ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၁ ရက်က အမှတ်(၁၉)ရပ်ကွက် ဘုရင့်နောင်ဈေး၌ ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား အသိ



ပညာပေး ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် တောင်ငူမြို့ ဘုရင့်နောင်ဈေးရှိ ဈေးရောင်း၊ ဈေးဝယ် မဲဆန္ဒရှင်ပြည်သူများအား မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ ဒုတိယဦးစီးမှူး ဒေါ်စိမ်းမို့မို့နှင့် ဝန်ထမ်းများ၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကျော်ကျော်နှင့် အဖွဲ့တို့က မြန်မာအီလက်ထရောနစ် မဲပေးစက်အသုံးပြု၍ မဲပေးခြင်းနှင့်ပတ်သက်ပြီး အသိပညာပေး ရှင်းလင်းဆွေးနွေးပြောကြားကာ ဈေးရောင်း ဈေးဝယ်မဲဆန္ဒရှင်ပြည်သူများက မြန်မာအီလက်ထရောနစ် မဲပေးစက်အသုံးပြု၍ လက်တွေ့စမ်းသပ် မဲပေးကြသည်။

**ခရိုင်(ပြန်/ဆက်)**

## ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ မဲစာရင်းများကပ်ထားသည့်နေရာများအား တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

**ရန်ကုန် အောက်တိုဘာ ၁၂**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ ၂၀၂၅ ခုနှစ် ရွေးကောက်ပွဲလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် မဲစာရင်းများ ကပ်ထားသည့် နေရာများအား တာဝန်ရှိသူများက ရပ်ကွက်များအလိုက် အဖွဲ့များခွဲကာ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များနှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင် ဌာနဆိုင်ရာများသည် အောက်တိုဘာ ၁၀ ရက်မှစတင်ကာ ရပ်ကွက်များ၌ ပထမအကြိမ် မဲစာရင်း ကပ်ထား ကြေညာထားမှုကို ပြည်သူများ လာရောက်ကြည့်ရှုနေမှုကို ကွင်းဆင်းကြည့်ရှုပြီး ရပ်ကွက် တာဝန်ရှိသူများအား ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပူးပေါင်းဆောင်ရွက်ကြရန်၊ ကပ်ထားကြေညာသည့် မဲစာရင်းများကို ပြည်သူများ သိရှိစေရေး အလေးထားဆောင်ရွက်သွားရန်နှင့် အခက်အခဲရှိပါက



အချိန်နှင့်တစ်ပြေးညီ တင်ပြပေးရန်စသည်ဖြင့် ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**သန်းသန်းအေး(ပြန်/ဆက်)**

## ချမ်းအေးသာစံမြို့နယ်၌ အသက်(၁၈)နှစ်နှင့်အထက် မဲဆန္ဒရှင်လူဦးရေစာရင်းများ မြေပြင်ကွင်းဆင်းကောက်ယူ

**မန္တလေး အောက်တိုဘာ ၁၂**

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ကျရောက်မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲစာရင်းမှန်ကန်စေရေး၊ မဲဆန္ဒရှင်စာရင်း



များ ကွာဟမှုမရှိစေရေး၊ ကျန်ရှိမှုမရှိစေရေးနှင့် မှန်ကန်စေရေးအတွက် အသက်(၁၈)နှစ်နှင့်အထက် မဲဆန္ဒရှင်လူဦးရေစာရင်းများ မြေပြင်ကွင်းဆင်းစစ်ဆေးဆောင်ရွက်မှုလုပ်ငန်းများကို ချမ်းအေးသာစံမြို့နယ်၌ အောက်တိုဘာ ၁၁ ရက်က ဆောင်ရွက်သည်။

ထိုသို့ လူဦးရေစာရင်းများ မြေပြင်ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ့တို့မှ ၃၀-၉-၂၀၂၅ ရက်တွင် စတင်ကြေညာထားသည့် အသက်(၁၈)နှစ်နှင့်အထက် မဲဆန္ဒရှင်လူဦးရေစာရင်းများ ကွာဟမှုမရှိစေရေး၊ ကျန်ရှိမှုမရှိစေရေးနှင့် မှန်ကန်စေရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများက တစ်အိမ်တက်ဆင်း စစ်ဆေးဆောင်ရွက်ခဲ့သည်။

**ချမ်းမြေ့မောင်**

## လက်ပံတန်းမြို့နယ်၌ မဲဆန္ဒရှင်စာရင်းများကို ရပ်ကွက်နေပြည်သူများ လာရောက်ကြည့်ရှု

**လက်ပံတန်း အောက်တိုဘာ ၁၂**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ်၌ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင်စာရင်းများ ပထမအကြိမ် ထုတ်ပြန်ကြေညာခြင်းကို စက်တင်ဘာ ၃၀ ရက် နံနက်ပိုင်းမှစ၍ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ ကော်မရှင်အဖွဲ့ခွဲများ၌ ကြေညာထားရာ ယနေ့တွင် ရပ်ကွက်နေပြည်သူ



များ လာရောက်ကြည့်ရှုသည်။

အဆိုပါ မဲဆန္ဒရှင်စာရင်းများ ကြေညာခြင်းကို အောက်တိုဘာ ၂၀ ရက်အထိ ကြေညာသွားမည်ဖြစ်ကြောင်း မဲဆန္ဒရှင်ပြည်သူများ အနေဖြင့် ဆန္ဒမဲပေးမည့် စာရင်းတွင် မိမိအမည်မပါဝင်ပါက ပုံစံ(၃)ဖြင့် တောင်းဆိုရမည်ဖြစ်ကြောင်း၊ မိမိအမည်၊ မှတ်ပုံတင်အမှတ်၊ အဘအမည် စသည့် အချက်အလက်များ ကွဲလွဲနေပါက ပုံစံ(၄-က)ဖြင့် ပြင်ဆင်ကြရမည်ဖြစ်ပြီး ၎င်းပုံစံများကို သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ ကော်မရှင်အဖွဲ့ခွဲများထံမှ အခမဲ့ထုတ်ယူနိုင်ကြောင်း လက်ပံတန်းမြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## မြဝတီ၌ အီလက်ထရောနစ်မဲပေးစက်ဆိုင်ရာ အသိပညာပေး

**မြဝတီ အောက်တိုဘာ ၁၂**

ကရင်ပြည်နယ် မြဝတီမြို့၌ ဌာနဆိုင်ရာဝန်ထမ်းများအား ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ မြန်မာအီလက်ထရောနစ်မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်း အခမ်းအနားကို အောက်တိုဘာ ၁၁ ရက်က အမှတ် (၅)ရပ်ကွက် မြို့တော်ခန်းမ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မော်အောင်က အမှာစကားပြောကြားပြီး မြဝတီခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမြင့်ဦးက မြန်မာအီလက်ထရောနစ်မဲပေးစက် ကိုင်တွယ်အသုံးပြုရသည့် ရည်ရွယ်ချက်များ၊ နည်းစနစ်များနှင့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် မြို့နယ်/ခရိုင်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များက မြန်မာအီလက်ထရောနစ် မဲပေးစက်ကို လက်တွေ့စမ်းသပ်မဲပေးခဲ့ကြသည်။

**ဆောင်းနှင်းဖြူ(ပြန်/ဆက်)**



ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်၌ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးနှင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင်စာရင်းများကို ပထမအကြိမ်အဖြစ် ကြေညာထားရှိမှုကို ပြည်သူများ လာရောက်ကြည့်ရှုနေမှုနှင့် ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲများ၏ ဆောင်ရွက်ပေးနေမှုများကို အောက်တိုဘာ ၁၀ ရက်က သက်ဆိုင်ရာ တာဝန်ရှိသူများ လာရောက်ကြည့်ရှုစစ်ဆေးစဉ်။

ယောရော(ပြန်/ဆက်)



ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့၌ မဲစာရင်းများ ကပ်ထားသည့် နေရာများကို အောက်တိုဘာ ၁၀ ရက်က သတ်မှတ်ရပ်ကွက်၊ ကျေးရွာများသို့ တာဝန်ရှိသူများက လိုက်လံကွင်းဆင်းစစ်ဆေးစဉ်။

ခရမ်း(ပြန်/ဆက်)

## ကျောက်ကြီးမြို့ပေါ် ရပ်ကွက်များ၌ ပထမအကြိမ် မဲဆန္ဒရှင်စာရင်းများ ကြေညာထားရှိ

**ကျောက်ကြီး အောက်တိုဘာ ၁၂**

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ်၌ အောက်တိုဘာ ၁၁ ရက်က စတင်ပြီး ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မြို့ပေါ်ရပ်ကွက်များတွင် ပထမအကြိမ် မဲဆန္ဒရှင်စာရင်းများ ကြေညာထားရှိသည်။

အဆိုပါမဲဆန္ဒရှင်စာရင်းများ ကြေညာထားသောနေရာသို့ မဲဆန္ဒရှင်ပြည်သူများ လာရောက်ကြည့်ရှုကြပြီး အမည်စာရင်းတွင် မိမိအမည်မပါရှိပါက မဲစာရင်းတွင် ပုံစံ(၃)၊ ပုံစံ(၃-က) ဖြင့် တောင်းဆိုခြင်း၊ မပါဝင်သင့်သူများ ပါဝင်နေပါက ပုံစံ(၄)ဖြင့် ကန့်ကွက်ခြင်း၊ မဲစာရင်းအချက်အလက်များ မှားယွင်းနေပါက ပုံစံ(၄-က) ပြင်ဆင်လွှာတင်သွင်းခြင်းများ ဆောင်ရွက်ရမည်ဖြစ်ကြောင်း လိုအပ်သောပုံစံများကို သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ထုတ်ယူနိုင်ပြီး မဲဆန္ဒရှင်စာရင်းများကို အောက်တိုဘာ ၁၁ ရက်မှ ၂၀ ရက်အထိ ကြေညာထားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပဲဂူလာကို အနိုင်ယူပြီး ဝူဟန်အိုးပင်းဖလား ကိုကိုဂေါ့ဖ် ဆွတ်ခူး

ဝူဟန်အိုးပင်းအမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲအဖြစ် အောက်တိုဘာ ၁၂ ရက်က အမေရိကန်တင်းနစ်မယ်နှစ်ဦးဖြစ်သည့် ဂျက်ဆီကာ ပဲဂူလာနှင့် ကိုကိုဂေါ့ဖ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ ကိုကိုဂေါ့ဖ်က ၆-၄၊ ၇-၅ ရလဒ်ဖြင့် နိုင်ပွဲရရှိပြီး ကစားသမားဘဝ တစ်ဦးချင်းပြိုင်ပွဲတွင် (၁၁) ကြိမ်မြောက် ဆုဖလားကို ဆွတ်ခူးနိုင်ခဲ့သည်။

ဂျက်ဆီကာ ပဲဂူလာသည် ပြိုင်ပွဲတစ်လျှောက်တွင် ကမ္ဘာ့နံပါတ်တစ်တင်းနစ်မယ် အရိုင်နာ ဆာဘာယ်လင်ကာအပါအဝင် အဲလက်ဇန်ဒရိုဗာ၊ စီနီယာကိုဗာတို့ကို အနိုင်ယူကျော်ဖြတ်နိုင်ခဲ့သော်လည်း ဗိုလ်လုပွဲတွင် တစ်နိုင်ငံတည်းသူ ကိုကိုဂေါ့ဖ်ကို ရှုံးနိမ့်ခဲ့သည့်အတွက် ဖလားဆွတ်ခူးခွင့် လွဲချော်ခဲ့ခြင်း ဖြစ်သည်။

ပြိုင်ဘက် ကိုကိုဂေါ့ဖ်က ပြိုင်ပွဲတစ်လျှောက်တွင် ရှောင်၊ ယူချီဂျီးမား၊ ပါအိုလီနီတို့ကို အဆင့်ဆင့်ဖြတ်ကျော်နိုင်ခဲ့သလို ဗိုလ်လုပွဲတွင်လည်း ပဲဂူလာကို ထပ်မံအနိုင်ယူကျော်ဖြတ် နိုင်ခဲ့သည့်အတွက် ဝူဟန်အိုးပင်းဖလားကို ထိုက်ထိုက်တန်တန် ဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်သည်။

ကိုကိုဂေါ့ဖ်သည် ယခုပြိုင်ပွဲမတိုင်မီ နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့သည့် တရုတ်အိုးပင်းပြိုင်ပွဲတွင်လည်း ဆီမီးဖိုင်နယ်အဆင့် တက်လှမ်းထားနိုင်သူ ဖြစ်သည်။

ကိုကိုဂေါ့ဖ်သည် ပြင်သစ်အိုးပင်းဖလားဆွတ်ခူးပြီးနောက် ယခုအခါ ဝူဟန်အိုးပင်းဖလားကို ယခုနှစ်အတွင်း ဒုတိယအကြိမ်မြောက် ဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်သည်။ ၎င်းသည် ဇွန်လက ယှဉ်ပြိုင်ကစားခဲ့သည့် ပြင်သစ်အိုးပင်းဖလားပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲတွင် ကမ္ဘာ့နံပါတ်တစ်တင်းနစ်မယ် ဆာဘာယ်လင်ကာကို အကြိတ်အနယ်ကစားကာ ၆-၇(၅-၇)၊ ၆-၂၊ ၆-၄ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ ဖလားဆွတ်ခူးထားသူ ဖြစ်သည်။



■ ဝူဟန်အိုးပင်း ဆုဖလားနှင့်အတူ တွေ့ရသည့် အမေရိကန်တင်းနစ်မယ် ကိုကိုဂေါ့ဖ်။



# ယူ-၂၀ ကမ္ဘာ့ဖလားကွာတားဖိုင်နယ်တွင် အာဂျင်တီးနားက မက္ကဆီကိုကို အနိုင်ယူပြီး နောက်တစ်ဆင့်တက်

**ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်မှ အောက်တိုဘာ ၁၂ ရက် နံနက် ၅ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့သည့် မက္ကဆီကို ယူ -၂၀ အသင်းနှင့် အာဂျင်တီးနား ယူ-၂၀ အသင်းတို့ပွဲစဉ်တွင် အာဂျင်တီးနား ယူ-၂၀ အသင်းက အကြိတ်အနယ်ကစားကာ နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိပြီး နောက်တစ်ဆင့်သို့ တက်လှမ်းနိုင်ခဲ့သည်။**

ပြိုင်ပွဲတစ်လျှောက် ခြေစွမ်းပြသထားနိုင်သည့် အာဂျင်တီးနားအသင်းသည် ယခုပွဲစဉ်တွင် ဆက်လက်ခြေစွမ်းပြသနိုင်ခဲ့ပြီး ပွဲကစားချိန် ကိုးမိနစ်တွင်ပင် ဦးဆောင်ဂိုးရရှိခဲ့သည်။ အဆိုပါဂိုးကို မာဟာ ကာရီဇိုက သွင်းယူပေးခဲ့သည်။

မက္ကဆီကိုအသင်း၏ တုံ့ပြန်ကစားပုံကောင်းမွန် ထိရောက်မှုရှိခဲ့သော်လည်း ပြိုင်ဘက်အာဂျင်တီးနားအသင်း ခံစစ်နှင့် ဂိုးသမားတို့ အကောင်းဆုံးဟန့်တား ကာကွယ်ထားနိုင်သည့်အတွက် သွင်းဂိုးရရှိရေး အခက်တွေ့ခဲ့ရသည်။

မက္ကဆီကိုအသင်းသည် ဘောလုံးပိုင်ဆိုင်မှုသာလွန်ခဲ့သော်လည်း ဂိုးပေါက်တည့်မတ်မှုပိုင်းနှင့် ဂိုးရရှိရန် နီးစပ်သည့် အခွင့်အရေးဖန်တီးမှုပိုင်းတွင် အာဂျင်တီးနားအသင်းထက် သိသိသာသာ လျော့နည်းခဲ့သည်။

ပွဲကစားချိန် ၅၆ မိနစ်တွင် အာဂျင်တီးနားအသင်း ဒုတိယဂိုးရရှိခဲ့ရာ မတ်တီယို ဆီးလ်ဗက်တီက သွင်းယူပေးခဲ့သည်။ ပွဲကစားချိန်ပြည့်ခါနီးတွင် မက္ကဆီအသင်းမှ အိုချိုအာနှင့် ဂျီမီနက်ဇ်တို့ အနီကတ်ပြ ထုတ်ပယ်ခံခဲ့ရသည်။

အာဂျင်တီးနားအသင်းသည် ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်တွင် ကိုလံဘီယာအသင်းနှင့် အောက်တိုဘာ ၁၆ ရက် နံနက်ပိုင်းတွင် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။ ကိုလံဘီယာအသင်းသည် ကွာတားဖိုင်နယ်တွင် နာမည်ကြီး စပိန်အသင်းကို အကြိတ်အနယ်ကစားကာ သုံးဂိုး-နှစ်ဂိုးဖြင့် နိုင်ပွဲရရှိပြီး ဆီမီးဖိုင်နယ် တက်လှမ်းလာသည့် အသင်းဖြစ်သည်။

# ဗာချဲရော့ကို ရှုံးနိမ့်ခဲ့သည့်အတွက် ရှန်ဟိုင်းမာစတာ ဗိုလ်လုပွဲတက်လှမ်းခွင့် နာမည်ကြီး ဒီဂျိုကိုဗစ် လွဲချော်

ရှန်ဟိုင်းမာစတာအမျိုးသားတစ်ဦးချင်းပြိုင်ပွဲ ဆီမီးဖိုင်နယ်တွင် မိုနာကို တင်းနစ်အကျော်အမော် ဗလန်တန်ဗာချဲရော့က နာမည်ကြီး ဆားဘီးယားတင်းနစ် အကျော်အမော် နိုဗက်ဒီဂျိုကိုဗစ်ကို အံ့အားသင့်ဖွယ် ၆-၃၊ ၆-၄ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ နောက်ဆုံးဗိုလ်လုပွဲသို့ တက်လှမ်းနိုင်ခဲ့သည်။

ဒီဂျိုကိုဗစ်သည် ယခုပွဲစဉ်ရှုံးနိမ့်ပြီး ဗိုလ်လုပွဲတက်လှမ်းခွင့် လွဲချော်ခဲ့သောကြောင့် ရှန်ဟိုင်းမာစတာဖလားစံချိန်တင် ဆွတ်ခူးရရှိမှုနှင့်လည်း လွဲချော်ခဲ့ပြီ ဖြစ်သည်။ အသက် ၃၈ နှစ်အရွယ်ရှိပြီဖြစ်သော ဒီဂျိုကိုဗစ်သည် ယခုပြိုင်ပွဲမတိုင်မီ နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့သည့် ယူအက်စ်အိုးပင်းပြိုင်ပွဲတွင်လည်း ဆီမီးဖိုင်နယ်အဆင့်အထိ တက်လှမ်းနိုင်ခဲ့ပြီး နာမည်ကြီး စပိန်တင်းနစ်ကစားသမား အယ်ကာရက်ဇ်ကို ရှုံးနိမ့်ခဲ့သည့်အတွက် ဗိုလ်လုပွဲ တက်ခွင့်လွဲချော်ထားသူ ဖြစ်သည်။

ရှန်ဟိုင်းမာစတာအမျိုးသားတစ်ဦးချင်းပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို နာမည်ကြီး ဒီဂျိုကိုဗစ်ကို အနိုင်ယူကျော်ဖြတ်ခဲ့သည့် ဗာချဲရော့နှင့် အာသာရင်ဒါခ်နက်တို့ အောက်တိုဘာ ၁၂ ရက်က ယှဉ်ပြိုင်ကစားခဲ့ရာတွင် ဗာချဲရော့က အကြိတ်အနယ်ကစားကာ ၄-၆၊ ၆-၃၊ ၆-၃ ရလဒ်ဖြင့် နိုင်ပွဲရရှိပြီး ဖလားဆွတ်ခူးနိုင်ခဲ့သည်။



■ ပြိုင်ဘက်ကို ရှုံးနိမ့်ပြီး ရှန်ဟိုင်းမာစတာ ဗိုလ်လုပွဲတက်လှမ်းခွင့် လွဲချော်ခဲ့သည့် နာမည်ကြီး ဆားဘီးယားတင်းနစ်အကျော်အမော် ဒီဂျိုကိုဗစ် (ယာ)။

# နော်တင်ဟမ်က ပို့စတီကိုဂလူ၏ နေရာကို ရှောင်ဒိုက်ဖြင့် အစားထိုးရန် စဉ်းစားနေ

နော်တင်ဟမ်ဖောရက်စ်အသင်းသည် ဖိအားများနှင့်ရင်ဆိုင်နေရသော နည်းပြ ပို့စတီကိုဂလူကို ထုတ်ပယ်ခဲ့ပါက အဆိုပါ နည်းပြ၏ နေရာကို ရှောင်ဒိုက်ဖြင့် အစားထိုးရန် စဉ်းစားနေကြောင်း သိရသည်။ အသက် ၆၀ အရွယ် ပို့စတီကိုဂလူသည် နော်တင်ဟမ်ဖောရက်စ်အသင်းကို စတင်တာဝန်ယူကိုင်တွယ်ပြီးနောက် ပြိုင်ပွဲအရပ်ရပ် ခုနစ်ပွဲဆက် နိုင်ပွဲပျောက်ဆုံးနေပြီး နှစ်ပွဲသရေနှင့် ငါးပွဲရှုံးရလဒ်ရရှိထားသည့်အတွက် အနာဂတ် မရေရာမသေချာ အခြေအနေတွင် ရှိနေခြင်း ဖြစ်သည်။ အသက် ၅၄ နှစ်အရွယ် ဒိုက်သည် ဇန်နဝါရီလတွင် အဲဗာတန်အသင်းမှ ထွက်ခွာပြီးနောက် အသင်းလက်မဲ့နေသူ ဖြစ်သည်။ ဒိုက်သည် ပြီးခဲ့သည့်သီတင်းပတ်တွင် လစ်လပ်နေသော ရိန်းဂျားအသင်း နည်းပြရာထူးကို ဆက်ခံရန် ချိတ်ဆက်ခြင်း ခံခဲ့ရကြောင်း သိရသည်။

## နောက်ဆုံးရ အားကစားသတင်းတိုများ

- မန်ယူအသင်းက ခရစ္စတယ်ပဲလေ့စ်အသင်း ကွင်းလယ်ကစားသမား အဒမ်ဝါတန် (၂၁ နှစ်) ကို ခေါ်ယူရန် ပစ်မှတ်ထားနေသည်။ မန်ယူအသင်းသည် အဆိုပါ ကစားသမားအတွက် ပြောင်းရွှေ့ကြေး ပေါင်သန်း ၆၀ အသုံးပြုရဖွယ်ရှိသည်။
- ဘိုင်ယန်မြူးနစ်အသင်းသည် လီဗာပူးအသင်းက ခေါ်ယူရန် စိတ်ဝင်စားနေသော ခံစစ်ကစားသမား အူပါမီကာနို (၂၆ နှစ်) ကို သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် စီစဉ်နေသည်။
- ခရစ္စတယ်ပဲလေ့စ်အသင်းက ဂေဟီ၏နေရာကို ဝက်စ်ဟမ်းခံစစ်ကစားသမား ကီးလ်မင်း (၂၈ နှစ်) ဖြင့် အစားထိုးရန် ချိန်ရွယ်နေသည်။

■ မိုးဇက်-စုစည်းရေးသားသည်

## တောင်ငူမြို့နယ်၌ နေအိမ်ခြံဝင်းအတွင်း သစ်များ တရားမဝင်သယ်ဆောင် သိမ်းဆည်းထားရှိသူ အမျိုးသားတစ်ဦးအား ဖမ်းဆီးအရေးယူ

**နေပြည်တော် အောက်တိုဘာ ၁၂**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်၌ အောက်တိုဘာ ၁၀ ရက်က နေအိမ်ခြံဝင်းအတွင်း သစ်များ တရားမဝင် သယ်ဆောင် သိမ်းဆည်းထားရှိသူ အမျိုးသားတစ်ဦးအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။


တောင်ငူမြို့နယ်၌ သစ်များ နေအိမ်ခြံဝင်းအတွင်း တရားမဝင် သိမ်းဆည်းထားရှိသူ အမျိုးသား တစ်ဦးအား ဖမ်းဆီးရမိမှုမှတ်တမ်းဓာတ်ပုံ။

ဖြစ်စဉ်မှာ အောက်တိုဘာ ၁၀ ရက် ည ၇ နာရီ မိနစ် ၅၀ တွင် တောင်ငူမြို့ အမှတ်(၂)ရပ်ကွက် ဦးစစ်ကိုလမ်းရှိ ကျော်လင်း၏ နေအိမ်ခြံဝင်းအတွင်း သစ်များ တရားမဝင် စုပုံထားရှိကြောင်း သတင်းအရ တောင်ငူမြို့ အမှတ်(၂) နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ ကျော်လင်း (၄၈)နှစ်အား နေအိမ်ခြံဝင်းအတွင်းတွေ့ရှိရပြီး နေအိမ်နောက်ဖေးတွင် စုပုံထားရှိသည့် ပျဉ်းကတိုးသစ်ခွဲသားဆိုက်စုံ ၂၃၅ ချောင်း၊ ၁ ဒသမ ၆၁၆၂ တန် ( ၁ တန်လျှင် တန်ဖိုး ၉၆၀၀၀၀ ကျပ်ခန့်ဖြင့် စုစုပေါင်းတန်ဖိုး ၁၅၅၁၅၅၂ ကျပ်ခန့်) နှင့် သစ်များ သယ်ဆောင်ရာတွင် အသုံးပြုသည့် YGN–31 8G/xxxx Light Truck ယာဉ်တို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ကျော်လင်းအား တောင်ငူမြို့ အမှတ်(၂) နယ်မြေရဲစခန်း (ပ) ၁၈၇/၂၀၂၅၊ သစ်တောဥပဒေပုဒ်မ ၄၂(က) ဖြင့် အမှုဖွင့် အရေးယူထားကြောင်း သတင်းရရှိသည်။ **ရဲပြန်ကြား**

## အုတ်တွင်းမြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွား၊ အမျိုးသားတစ်ဦး ဒဏ်ရာရရှိ

**နေပြည်တော် အောက်တိုဘာ ၁၂**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်၌ အောက်တိုဘာ ၁၁ ရက်က ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသားတစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။


အုတ်တွင်းမြို့နယ်၌ ယာဉ်တိုက်မှုဖြစ်စဉ်မှ အခင်းဖြစ်မှတ်တမ်း ဓာတ်ပုံ။

ဖြစ်စဉ်မှာ အောက်တိုဘာ ၁၁ ရက် နံနက် ၆ နာရီခွဲတွင် အုတ်တွင်းမြို့နယ် ရန်ကုန်–မန္တလေးအမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၁၃၄ မိုင် ၆ ဖာလုံအနီးတွင် ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ဇောဓိကုန်းအမြန်လမ်းမကြီးရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ မန္တလေးဘက်မှ ရန်ကုန်ဘက်သို့ ကျောက်ပန်းတောင်းမြို့နယ် ခါးပတ်ကျေးရွာနေ ကျော်ထူး ၃၄ နှစ် မောင်းနှင်ပြီး အမျိုးသားနှစ်ဦး လိုက်ပါလာသော YGN–44 6J/xxxx YUTONG ခရီးသည်တင်ယာဉ်သည် လေအိတ်ပေါက်သွားသဖြင့် အနေးယာဉ်ကြောတွင် ရပ်တန့်ပြုပြင်နေစဉ် လှည်းကူးမြို့နယ် ရဲမွန်တပ်မြို့နေ အောင်ကိုကိုဦး (၂၅)နှစ် မောင်းနှင်ပြီး တောင်ဥက္ကလာပမြို့နယ် ဇီဇဝါဥယျာဉ်အိမ်ရာနေ မင်းဟိန်းထွန်း (၂၇)နှစ် လိုက်ပါလာသော BGO–11 9M/xxxx Nissan Caravan အဖြူရောင်ယာဉ်မှ အရှိန်မထိန်းနိုင်ဘဲ နောက်မှဝင်ရောက်တိုက်မိပြီး လမ်းလယ်ကျွန်းအား ကာရံထားသည့် Guard Rail တန်းကို ထပ်မံတိုက်မိခဲ့သဖြင့် အောင်ကိုကိုဦးတွင် ဒဏ်ရာများ ရရှိခဲ့သောကြောင့် အောင်ကိုကိုဦးနှင့် ကျော်ထူးတို့ နှစ်ဦးအား ဇောဓိကုန်းအမြန်လမ်းမကြီး ရဲစခန်း ယာဉ်(ပ)၄/၂၀၂၅၊ ရာဇသတ်ကြီးပုဒ်မ ၃၃၈/၂၇၉ ဖြင့် အမှုဖွင့် အရေးယူထားကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

## ရေချွေတာရေး နည်းလမ်းများ

၁။ ဟင်းသီးဟင်းရွက်များနှင့် ပန်းကန်ခွက်ယောက်များကို ရေဖွင့်ထားပြီး မဆေးကြောပါနှင့်။
ဟင်းသီးဟင်းရွက်များနှင့် ပန်းကန်ခွက်ယောက်များကို ရေဖြည့်ထားသော ဇလုံတစ်ခုထဲတွင် ဆေးကြောပါ။

၂။ ဆပ်ပြာတိုက်နေစဉ်အတွင်း ရေပန်းကို ဖွင့်မထားပါနှင့်။
ရေကိုမြန်မြန်ချိုးပြီး၊ ဆပ်ပြာတိုက်နေစဉ် သို့မဟုတ် ခေါင်းလျှော်နေစဉ်
ပိုက်ခေါင်းပိတ်ထားပါ။

၃။ သွားတိုက်နေစဉ် ဘုံပိုင်ခေါင်း ဖွင့်မထားပါနှင့်။
သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။

၄။ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။
ရေဖြည့်ထားသော ပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

၅။ ပန်းပင်ရေလောင်းလျှင် ရေပိုက်မသုံးပါနှင့်။
ရေဖြည့်ထားသော ရေလောင်းပုံး အသုံးပြုပါ။

၆။ အဝတ်အနည်းငယ်အတွက် အဝတ်လျှော်စက် မသုံးပါနှင့်။ အဝတ်လျှော်စက်အပြည့်အဝတ်ရှိမှသာ စက်ဖြင့်လျှော်ပါ။

၇။ ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။

၈။ ဘုံပိုင်ခေါင်းကို မသုံးဘဲ ဖွင့်ထားခြင်းမပြုပါနှင့်။

**ဥပဒေဘောင်အတွင်းနေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ**






## ဇနေပြည်တော်ကနေ့မြို့နယ်၌ မဲဆန္ဒရှင်စာရင်းများကို ပထမအကြိမ် ကပ်ထားကြေညာလျက်ရှိ

**ဇနေပြည်တော် အောက်တိုဘာ ၁၂**

ရောဝတီတိုင်းဒေသကြီး ဇနေပြည်တော်မြို့နယ်အတွင်းရှိ ရပ်ကွက်ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးများ၌ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် စတင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ၌ မဲပေးနိုင်ရန်အတွက် မဲဆန္ဒရှင်စာရင်းများကို ပထမအကြိမ် ကပ်ထားကြေညာလျက်ရှိရာ အမည်စာရင်းများ မှန်ကန်စေရေးအတွက် တာဝန်ရှိသူများက ယမန်နေ့က ကွင်းဆင်း ကြီးကြပ်လျက်ရှိသည်။ (ယာပုံ)



အဆိုပါ ကွင်းဆင်းကြီးကြပ်ခြင်းလုပ်ငန်းများကို မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက မိမိတို့တာဝန်ကျရာ ရပ်ကွက် ကျေးရွာအုပ်စုများသို့ သွားရောက်ပြီး မဲစာရင်းများကို ပြည်သူများ လာရောက်ကြည့်ရှုစေရေးနှင့် မိမိအမည်မဲစာရင်းတွင်မပါဝင်ပါက ပုံစံ (၃)ဖြင့် ထည့်သွင်းပေးရန် တောင်းဆိုခြင်း၊ မဲစာရင်းပါအမည်နှင့် အခြားအချက်အလက်များအား ကန့်ကွက်ရန်ရှိပါက ပုံစံ (၄)ဖြင့်ကန့်ကွက်ခြင်း၊ မဲစာရင်းပါ အချက်အလက်များ မှားယွင်းနေပါက ပုံစံ (၄-က) ဖြင့် ပြင်ဆင်လွှာ တင်သွင်းနိုင်ရေးတို့ကို ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**



## ရန်ကင်းမြို့နယ်၌ အဘိဓမ္မာ(၇)ကျမ်းရွတ်ဖတ်ပူဇော်ပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၂**

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် အမှတ်(၁၁)ရပ်ကွက် မိုးကောင်းလမ်းရှိ မိုးကောင်းဆုတောင်းပြည့်စေတီတော်ကြီး၏ မြောက်ဘက်မုခ်အာရုံခံတန်ဆောင်း၌ အောက်တိုဘာ ၇ ရက် နံနက်ပိုင်းက အဘိဓမ္မာ(၇)ကျမ်း ရွတ်ဖတ်ပူဇော်ပွဲအခမ်းအနားကို ကျင်းပခဲ့ကြောင်း သိရသည်။ (အပေါ်ပုံ)

အဘိဓမ္မာ(၇)ကျမ်း ရွတ်ဖတ်ပူဇော်ပွဲအား ရန်ကင်းမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီနှင့် စေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့တို့မှ ဦးစီးကျင်းပခြင်းဖြစ်ပြီး အဘိဓမ္မာ (၇)ကျမ်းရွတ်ဖတ်ပူဇော်ပွဲကြီးကို သီတင်းကျွတ်လပြည့်ကျော် ၁ ရက်မှ ၉ ရက်အထိ ကိုးရက်တိုင်တိုင် ရွတ်ဖတ်ပူဇော်သွားမည်ဖြစ်ကြောင်း မိုးကောင်းဆုတောင်းပြည့်စေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့မှ သိရသည်။

**လှလှထွေး**

**ပြည့်ဝဆီများကို တတ်နိုင်သမျှလျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ**

## မြောင်းမြမြို့၌ မဲဆန္ဒရှင်စာရင်းများ တိကျမှန်ကန်စေရေး တာဝန်ရှိသူများ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်

**မြောင်းမြ အောက်တိုဘာ ၁၂**

ရောဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်၌ မဲစာရင်းများ မှန်ကန်တိကျမှုရှိစေရေးအတွက် ယနေ့နံနက်ပိုင်းက မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံး၌ မဲစာရင်းများ ပြည့်စုံမှန်ကန်စေရေး ဆောင်ရွက်နေကြသော ကော်မရှင်အဖွဲ့ဝင်များထံ တာဝန်ရှိသူများ ကွင်းဆင်းကြီးကြပ်ခဲ့သည်။ **(အောက်ပုံ)**



မြောင်းမြခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်နှင့် ခရိုင်/မြို့နယ် ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များက ရပ်ကွက်ကျေးရွာများက ပေးပို့ထားသော ပုံစံ(၃)၊ပုံစံ(၃-က) ဖြင့် တောင်းဆိုသူ၊ ပုံစံ(၄) ဖြင့် ပယ်ဖျက်ရမည့်သူ၊ ပုံစံ(၄-က) ပြင်ဆင်ရမည့်သူ အခြေအနေများ ပေးပို့ထားရှိမှုကို ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များက ပြန်လည်စိစစ် တိုက်ဆိုင်စစ်ဆေး ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးပြီး မှန်ကန်စွာ စစ်ဆေးဆောင်ရွက်ရန်နှင့် အောက်တိုဘာ ၂၀ ရက်အထိ ၇ ရက် ထပ်မံတိုးမြှင့်ပေးထားသော်လည်း အမြန်ဆုံးနှင့် အမှန်ဆုံးရရှိရေး ဆောင်ရွက်ကြစေလိုကြောင်း မှာကြားခဲ့သည်။

မြောင်းမြမြို့နယ်၌ ပထမအကြိမ် ကပ်ထားသည့် မဲဆန္ဒရှင်စာရင်း ၁၉၉၈၁၂ ဦးရှိပြီး ပုံစံ(၃) ဖြင့် တောင်းခံသူ ၆၅၃ ဦး၊ ပုံစံ(၃-က)ဖြင့် တောင်းဆိုသူ ၂၂၇ ဦး၊ ပုံစံ(၄)ဖြင့် ပယ်ဖျက်သူ ၈၈၀၊ ပုံစံ(၄-က) ဖြင့် ပြင်ဆင်ရမည့်သူ ၁၂၄ ဦးရှိကြောင်း ယမန်နေ့အထိ ရရှိပြီး စာရင်းများအရ သိရသည်။

**အောင်မင်း(မြောင်းမြ)**

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ

**"အစာအဆိပ်သင့်ဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်ရေး ဆောင်ရွက်ရန်အချက်များ"**

အစာအဆိပ်သင့်မှုသည် နေရာဒေသမရွေး မကြာခဏဖြစ်ပွားတတ်ပြီး ရောဂါပိုးများပါဝင်သော မသန့်ရှင်းသည့် အစားအသောက်များကို စားသုံးမိခြင်းကြောင့် အများဆုံးဖြစ်နိုင်ပါသည်။ အစာအဆိပ်သင့်မှု မဖြစ်စေရန်အတွက် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရပါမည်။

**အစားအသောက်ပြင်ဆင်ချက်ပြုတ်သူများလိုက်နာရန်**




၁။ အစာမစားမီ၊ အစားအစာများကို ကိုင်တွယ်ချက်ပြုတ်ခြင်းမပြုမီနှင့် အိမ်သာအသုံးပြုပြီးချိန်များတွင် လက်ကိုရေနှင့်ဆပ်ပြာအသုံးပြု၍ သေချာစွာဆေးကြောပါ၊ အိုးခွက်၊ ပန်းကန်များ၊ စဉ်းတီတုံးများအပါအဝင် မီးဖိုချောင်သုံး ပစ္စည်းများ၏ သန့်ရှင်းရေးကို ဂရုပြုဆောင်ရွက်ပါ၊

၂။ မချက်ရသေးသည့်သားစိမ်း၊ ငါးစိမ်းများနှင့် ချက်ပြုတ်ပြီးဟင်းများကို အတူရောမထားပါနှင့်၊ စဉ်းတီတုံး၊ ပန်းကန် သီးသန့်သုံးပါ၊ ချက်ပြုတ်ပြီးအစားအစာနှင့် မချက်ပြုတ်ရသေးသော အစားအစာများအား သီးခြားစီထားရှိပါ၊

၃။ အစားအစာများကို ကျက်အောင်ချက်ပြုတ်ပါ၊ ချက်ပြုတ်ထားသည့် အစားအစာများကို မစားမီပြန်နွှေးပါ၊

၄။ အစားအစာများကို သင့်တော်သည့် အပူချိန်တွင်ထားရန်လိုသည်၊ ချက်ပြုတ်ထားသည့် အစားအစာများကို အခန်းအပူချိန်တွင် နှစ်နာရီထက်ပို၍ မထားပါနှင့်၊

၅။ အစားအစာများချက်ပြုတ်ရာနှင့် ပန်းကန်များဆေးကြောရာတွင် သန့်ရှင်းသောရေကိုသာ သုံးစွဲပါ၊ လတ်ဆတ်သော အစားအစာများကိုသာသုံးစွဲပါ။

**အစားအသောက်ရောင်းချသူများအနေဖြင့် အထူးလိုက်နာရန်**

၁။ ဝမ်းပျက်ဝမ်းလျှောနှင့်ဝမ်းကိုက်ရောဂါလက္ခဏာခံစားနေရသူများ

၂။ အရေပြားတွင်အနာရှိသူများနှင့်ဖျားနာနေသူများအနေဖြင့် အစားအစာများကို ပြင်ဆင်ချက်ပြုတ်ခြင်းနှင့်ကိုင်တွယ်ရောင်းချခြင်းတို့ကို လုံးဝရှောင်ကြဉ်ပါ။

၂၀၂၅ ခုနှစ်၊ မေလ

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ

**သတိပြုကာကွယ် မှိုဆိပ်အန္တရာယ်**

မိုးရာသီကာလ၌ သစ်တောများနှင့်သစ်ပင်များပေါက်ရောက်ရာပတ်ဝန်းကျင်နေရာများတွင် မှိုအမျိုးမျိုးကြီးထွား ပေါက်ပွားမှုများပြားလေ့ရှိပါသည်။ အဆိုပါမှိုများတွင်အန္တရာယ်ကင်းစွာစားသုံးနိုင်သော မှိုအမျိုးအစားများရှိသကဲ့သို့ အဆိပ်ရှိသောမှိုများစွာရှိပါသည်။ အဆိပ်ရှိမှိုများအနက်အချို့မှာ ပြင်းထန်စွာအဆိပ်သင့်စေ၍ အသက်ဆုံးရှုံးစေသည်အထိ ဖြစ်နိုင်ပါသည်။

**အဆိပ်ရှိမှိုများ၏လက္ခဏာများမှာ -**



မှိုပွင့်၏အခြေတွင်အခွက်ပါရှိခြင်း



မှိုပွင့်၏ ရိုးတံတွင် ခြေချင်းပါရှိခြင်း



မှိုထီးရွက်တွင်အကြေးဖတ်များပြန့်ကျဲပါခြင်း



ထီးရွက်အောက်ပါးဟက်များဖြူခြင်း



မှိုထီးရွက်အရောင်အဆင်းတောက်ပခြင်း



အစိမ်းရောင်မှိုမျိုးမှုန်များ ထုတ်လွှတ်ခြင်း

**မှိုဆိပ်သင့်ခြင်းလက္ခဏာများမှာ** - မှိုစားပြီး မိနစ် (၂၀) မှ (၄) နာရီအတွင်း မူးဝေခြင်း၊ အော့အန်ခြင်း၊ ဗိုက်အောင့်ဗိုက်နာခြင်း၊ ဝမ်းလျှောခြင်းတို့ဖြစ်ပွားနိုင်ပြီး ပြင်းထန်ပါကအသက်ဆုံးရှုံးနိုင်ပါသည်။ ထို့အပြင် ဦးနှောက်နှင့်အာရုံကြောထိခိုက်ပြီး စိတ်အာရုံခြောက်ခြားခြင်း၊ အလွန်အမင်းနိုးကြားလာခြင်းနှင့် စိတ်ဓာတ်ကျခြင်းတို့ဖြစ်စေနိုင်ပါသည်။

အဆိပ်သင့်မှုလက္ခဏာနှင့် ပြင်းထန်မှုအတိုင်းအတာသည် မှိုအမျိုးအစား၊ ပါဝင်သောအဆိပ် (ဥပမာ- Cyclopeptides, Gyromitrin, Orellanine, Muscarine စသည်) ပမာဏ၊ စားသုံးမိသောသူ၏ အသက်အရွယ်၊ ကိုယ်ခံစွမ်းအားတို့အပေါ် မူတည်ပါသည်။ သက်ကြီးဘိုးဘွားများနှင့် ရောဂါအခံရှိသူများတွင် မှိုအဆိပ်သင့်ပါက ပိုမိုပြင်းထန်စွာခံစားရနိုင်ပါသည်။

မှိုဆိပ်သင့်လက္ခဏာများခံစားရပါက အချိန်မီဆေးကုသမှုခံယူရန်လိုအပ်ပါသဖြင့် နီးစပ်ရာဆေးရုံ/ကျန်းမာရေးဌာနများသို့ ချက်ချင်းပို့ဆောင်၍ ဆေးကုသမှုခံယူရမည်ဖြစ်ပါသည်။

**မိမိမသိသော/မစားဖူးသော မှိုမျိုးကို မစားသုံးခြင်းသည် အကောင်းဆုံးသောကာကွယ်နည်းဖြစ်၍ အဆိပ်ရှိသည်ဟု သံသယဖြစ်ဖွယ်မှိုများ၊ သေချာမသိသော၊ မစားဖူးသောမှိုများကို စားသုံးခြင်းလုံးဝမပြုပါနှင့်။**

၂၀၂၅ ခုနှစ်၊ မေလ

# ဒေးဒရဲမြို့၌ ကျေးလက်ဖွံ့ဖြိုးရေး ကျေးရွာချင်းဆက် ကွန်ကရစ်ခင်း



**ဒေးဒရဲ အောက်တိုဘာ ၁၂**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေးနှင့် ဒေသထွက်ကုန်များ ကုန်စည်စီးဆင်းမှု ပိုမိုကောင်းမွန်စေရေး ရည်ရွယ်၍ တာဝန်ယူဆောင်ရွက်မည့် ပဆင- မရမ်းဝ- မော်အိုင် ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ယမန်နေ့က ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်) မှ အင်ဂျင်နီယာချုပ်(မြို့ပြ) ဦးကျော်ကျော်ထွေး၊ ဖျာပုံခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး (မြို့ပြ) ဦးမိုးမြင့်နှင့် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

အဆိုပါ ကျေးရွာချင်းဆက်လမ်းပြီးစီးပါက မရမ်းဝကျေးရွာအုပ်စုနှင့် မော်အိုင်ကျေးရွာအုပ်စုရှိ ပြည်သူများအနေဖြင့် ရာသီမရွေး သွားလာနိုင်ပြီး ဒေသထွက်ကုန်များအား ကုန်လမ်းခရီးသယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ နိုင်ငံသားအခွင့်အရေးမဆုံးရှုံးဖို့ မဲပေးကြပါစို့ မြေစိုက်ပိုစတာကို အောက်တိုဘာ ၁၀ ရက်က ရှမ်းပြည်နယ် ညောင်ရွှေမြို့ မြို့အဝင်၌ စိုက်ထူစဉ်။ စိုင်းအယ်ဘဲ



၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ပြည်သူလူထုနှိုးဆော်အသိပညာပေး မြေစိုက်ပိုစတာ စိုက်ထူပွဲအခမ်းအနားကို အောက်တိုဘာ ၁၂ ရက်က (လင်းခေး-ဝမ်ဟတ်-ဟိုမိန်းသွားလမ်း) နေရာ၌ ကျင်းပရာ တပ်နယ်မှူးဗိုလ်မှူးကြီးကျော်ထွန်းလတ်က “နိုင်ငံသားအခွင့်အရေးမဆုံးရှုံးဖို့ မဲပေးကြပါစို့” လူထုအသိပညာပေး မြေစိုက်ပိုစတာအား ဖွင့်လှစ်ပေးစဉ်။ ခရိုင်(ပြန်/ဆက်)

**ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။**
**ဘုံပိုင်ခေါင်းကို မသုံးဘဲ ဖွင့်ထားခြင်းမပြုပါနှင့်။**

# မြစ်သား ကြက်သွန်အထွက်နှုန်း ကောင်းမွန်ရေး ဆွေးနွေး

**မြစ်သား အောက်တိုဘာ ၁၂**

မြစ်သားမြို့နယ်၌ စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့ပူးပေါင်း၍ မြစ်သားကြက်သွန်သီးနှံ အထွက်နှုန်းကောင်းမွန်ရေးနှင့် ကြက်သွန်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။ **(အောက်ပုံ)**

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းအောင်က အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ ဦးစီးမှူး ဦးစိုးမင်းနိုင်က အလုပ်ရုံဆွေးနွေးပွဲပြုလုပ်ရခြင်းနှင့် ပတ်သက်၍ စိုက်ပျိုးထုတ်လုပ်မှုနည်းပညာများ တင်ပို့ရောင်းချမှုနှင့် သိုလှောင်မှုလုပ်ငန်းစဉ်များ ဈေးကွက်အခြေအနေနှင့် တန်ဖိုးမြင့်ထုတ်ကုန်ထုတ်လုပ်နိုင်မှု အခြေအနေများကို ဆွေးနွေးပြောကြားသည်။

မြစ်သား ကြက်သွန်သီးနှံ အထွက်နှုန်းကောင်းမွန်ရေးနှင့် ကြက်သွန်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းအောင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဦးစိုးမင်းနိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျောက်ဆည်ခရိုင် ကြက်သွန်အသင်းဥက္ကဋ္ဌနှင့် ကြက်သွန်ကုန်သည်လုပ်ငန်းရှင်များ၊ ကြက်သွန်စိုက်တောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

ဝါဝါမြင့်(မြစ်သား)









# ဖြူးမြို့နယ်၌ ဆောင်းဆီထွက်သီးနှံ မြေပဲမျိုးနှင့် သွင်းအားစုများ ပေးအပ်

ဖြူး အောက်တိုဘာ ၁၂

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဆောင်းဆီထွက်သီးနှံ မြေပဲစိုက်ပျိုးမည့် သမဝါယမ အသင်းခြောက်သင်းမှ



အသင်းသားတောင်သူ ၂၄ ဦး၏ စိုက်ဧက ၇၀၀ အတွက် အသင်းပိုင်အစီအစဉ်ဖြင့် တစ်ဧကလျှင် ငွေကျပ်သုံးသိန်းနှုန်းနှင့် ညီမျှသော မြေပဲမျိုးနှင့် သွင်းအားစုများ ပေးအပ်ပွဲကို ယမန်နေ့က ဖြူးမြို့နယ် လူငယ့်အားမာန်စိုက်ပျိုးရေးနှင့် လုပ်ငန်းစုံသမဝါယမ အသင်းရုံးခန်းမ၌ ကျင်းပသည်။

ဆက်လက်၍ ဖြူးမြို့နယ် သမဝါယမဦးစီးဌာနမှ တာဝန်ရှိသူက ဆောင်းဆီထွက်သီးနှံ (မြေပဲ) စိုက်ပျိုးမှု ပန်းတိုင်အထွက်နှုန်းရရှိစေရေးအတွက် စနစ်တကျ ဆောင်ရွက်ရမည့် စိုက်ပျိုးရေးဆိုင်ရာ နည်းလမ်းများကို ဆွေးနွေးပြောကြားပြီး တာဝန်ရှိသူများက သမဝါယမအသင်းသားတောင်သူများအတွက် မြေပဲနှင့် သွင်းအားစုများပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ပူတာအိုမြို့၌ ဆရာတော်ကြီးများအား ထပ်ဆင့်ဂုဏ်ပြုပူဇော်

**ပူတာအို အောက်တိုဘာ ၁၂**

ကချင်ပြည်နယ် ပူတာအိုမြို့၌ ဟိုခို၊ မြို့မ၊ ကောင်ကထောင်၊ လုံးစွတ်၊ လေယာဉ်ကွင်းရပ်ကွက်များမှ စုပေါင်းကျင်းပပြုလုပ်သည့် ပူတာအိုနယ်လုံးဆိုင်ရာ သံဃပူဇာပွဲနှင့် နိုင်ငံတော်မှ "အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ" ဘွဲ့တံဆိပ်တော် ရရှိသော တောင်တန်းဆရာတော်ဘဒ္ဒန္တဝိစာရညာဏနှင့် နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) မှ သာသနတက္ကသီလ "မဟာဓမ္မာစရိယ" ဘွဲ့ရရှိ အောင်မြင်တော်မူသော ပူတာအိုနွယ်ဖွား အရှင်သုန္ဒရတို့အား ထပ်ဆင့်ဂုဏ်ပြု ပူဇော်မင်္ဂလာအခမ်းအနားကို အောက်တိုဘာ ၉ ရက်က ပူတာအိုမြို့ တောင်တန်း သာသနာပြုဗဟိုကျောင်းတိုက်ဝင်း၌ ကျင်းပသည်။ (အပေါ်ပုံ)

ထို့နောက် ပူတာအိုမြို့ တောင်တန်းသာသနာပြု (ဗဟို) ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက၊ သာသနာပြု ဗဟိုခေါင်းဆောင်၊ ပူတာအိုမြို့နယ် သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော်ဘဒ္ဒန္တဝိစာရညာဏ အရှင်သူမြတ်ထံ တာဝန်ရှိသူများက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်လက်မှတ် ဆက်ကပ်ခြင်းနှင့် ပူတာအိုမြို့ တောင်တန်းသာသနပြု ဗဟိုကျောင်းတိုက်၊ လက်ထောက် သာသနာပြု အရှင်သုန္ဒရထံ တာဝန်ရှိသူများက သာသနတက္ကသီလ မဟာဓမ္မာစရိယ ဘွဲ့လက်မှတ် ဆက်ကပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီ (WCC) အဖွဲ့ဝင်များအား စွမ်းရည်မြှင့်သင်တန်းဖွင့်

**ရန်ကုန် အောက်တိုဘာ ၁၂**

အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီ(WCC) အဖွဲ့ဝင်များ၏ စွမ်းရည်မြှင့်သင်တန်းကို အောက်တိုဘာ ၁၀ ရက်က ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်အမျိုးသားလုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးသင်တန်းကျောင်းတွင် ဖွင့်လှစ်ခဲ့ရာ သင်တန်းသို့ လှိုင်သာယာစက်မှုဇုန်ရှိ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများမှ အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းကော်မတီ(WCC) အဖွဲ့ဝင် သင်တန်းသား သင်တန်းသူ ၄၀ တက်ရောက်သည်။



အဆိုပါသင်တန်းတွင် အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါ်ဇင်ကေသွယ်က ၂၀၁၂ ခုနှစ်၊ အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေးဥပဒေ၊ နည်းဥပဒေများ၊ WCC အဖွဲ့ဝင်များ လိုက်နာဆောင်ရွက်သင့်သည့် ဥပဒေပါ အချက်များ၊ အငြင်းပွားမှုဖြေရှင်းရေးနည်းလမ်းများကို ရှင်းလင်းပို့ချပြီး ခုံသမာဓိကောင်စီမှ ဒေါ်မြတ်မြတ်ကျော်နှင့် အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးသန်းထိုက်တို့က အငြင်းပွားမှု အကြောင်း သိကောင်းစရာများနှင့် အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန၏ စည်းကြပ်သော ဥပဒေများနှင့် နည်းဥပဒေများ၊ အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်(EC) စာချုပ်ချုပ်ဆိုခြင်းနှင့် လျော်ကြေးနှုန်းထားများ အကြောင်းတို့ကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ အလုပ်ရုံနှင့် အလုပ်သမား ဥပဒေစစ်ဆေးရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိုးညီညီက စည်းကြပ်အလုပ်သမား ဥပဒေပြဋ္ဌာန်းချက်များ၊ အလုပ်ပိတ်ချိန်၊ အချိန်ပိုလုပ်ကိုင်ခြင်းနှင့် အချိန်ပိုငွေကြေး တွက်ချက်မှုများ၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရေးနှင့် ကျန်းမာရေး ကိစ္စရပ်များအကြောင်းကို ဆွေးနွေးပို့ချပြီး ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးအဖွဲ့ လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်စန်းစန်းနွယ်က ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေပါ အာမခံစနစ်များ၊ ထည့်ဝင်ကြေးနှုန်းထားများ၊ ငွေကြေး အကျိုးခံစားခွင့်များနှင့် လူမှုဖူလုံရေး အကြောင်းတို့ကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**






## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးတောင်လုံး
## အသက် (၁၀၀)နှစ်

အခွန်အယူခံခုံအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ဦး၏ ဖခင်ဖြစ်သူ ဦးတောင်လုံး အသက်(၁၀၀)နှစ်သည် မကွေးတိုင်းဒေသကြီး၊ မင်းတုန်းမြို့နယ်၊ စပါးတန်းကျေးရွာတွင် ၁၂-၁၀-၂၀၂၅ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အခွန်အယူခံခုံအဖွဲ့ အဖွဲ့ဝင်များနှင့်**
**အခွန်အယူခံခုံအဖွဲ့ရုံး ဝန်ထမ်းများ**

## ကန့်ကွက်နိုင်ပါသည်

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ရှင်စောပုရပ်ကွက်၊ (၃၃)လမ်းရှိ မြေကွက်အမှတ်(၁၆-A)ဟုခေါ်တွင်သော (၁၆x၁၀၀)ပေအကျယ်အဝန်းရှိ ခြံမြေကွက်နှင့် ၎င်းခြံမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အိမ်အမှတ်(၂၃၇)ဟု ခေါ်တွင်သည့် သွပ်မိုး၊ ပျဉ်ကာ(၂)ထပ်အိမ်တစ်လုံးနှင့် လျှပ်စစ်မီတာ(၁)လုံးကို ဒေါ်ဥမ္မာရွှေ(ဘ)ဦးသောင်းရွှေ(၁၂/စခန(နိုင်)၀၀၈၀၅၉)မှ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း လက်ရှိထား ဝယ်ယူပိုင်ဆိုင်နေထိုင်သူဖြစ်ကြောင်း ဝန်ခံပြောကြားပြီး လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းပြောဆိုလာပါသည်။ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမောင်မောင်ကျော်သူရ (၇/ပခန(နိုင်)၁၉၀၃၁၄) မှဝယ်ယူရန် သဘောတူညီပြီး စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံလူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးသန့်ဇော်ဦး(LL.B)တရားလွှတ်တော်ရှေ့နေ**
**အမှတ်(ခ/၁၆၄)၊ ဗိုလ်မင်းသိမ်း(၂)လမ်း၊ ဟံသာဝတီရပ်ကွက်၊ ပဲခူးမြို့၊**
**ဖုန်း-၀၉-၄၂၀၁၀၃၅၀၈**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-အောင်ချမ်းသာတိုးချဲ့-၂၊ မြေကွက်အမှတ်(၁၉၃)ဟုခေါ်တွင်သော အလျား x အနံ (၄၀x၆၀)ပေမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ရှိ၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဒေါ်မိမိဆွေ (ခ) ငုတ်မိ ၁၂/ပဘတ(နိုင်)၀၁၃၅၉၅ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စန်းစန်းရီ(ခ) စိုးစိုးသင်း ၁၂/ပဘတ(နိုင်) ၀၀၉၉၉၉က ပြန်လည်ဝယ် ယူရန်အတွက် ၎င်းအား စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်တကွ ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့်ပစ္စည်းကို လက်ရောက် လွှဲပြောင်းရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးဇာနည်(LL.B,D.B.L,D.I.P.L)** | **ဒေါ်ခင်သီတာမြင့်အောင်(LL.B,D.B.L)** |
| **(စဉ်-၁၄၆၆၈)** | **(စဉ်-၅၂၀၆၄)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်(၁၂၈)၊ ကျိုက်ခေါက်ဘုရားလမ်း၊ သောက်တော်တွင်းရပ်ကွက်၊ သန်လျင် မြို့၊ ဖုန်း-၀၉-၄၂၀၃၀၀၂၆၂**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး(၇)၊ မြေတိုင်းရပ်ကွက်အမှတ်(၇/၂)၊ ဦးကျင်ဝင်း အမည်ဖြင့် နှစ်(၃၀)မြေငှားဂရန် ရရှိထားသော ဦးပိုင်အမှတ်(၈၇၂/၈၇၃)၊ မြေကွက်အကျယ်အဝန်း (၄၀x၁၂၀)ပေ၊ (၀ဒသမ၁၁)ဧကရှိ မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိထား ပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်တင်ဇာအောင် ၁၂/သဃက(နိုင်) ၁၅၃၁၁၃၊ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်နေသူထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဦးတင်ထွန်း က ဝယ်ယူရန် သဘောတူညီသောကြောင့် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ပိုင်းကို စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ် ပြုလုပ်ခြင်းအား ကန့်ကွက်လိုပါက အထောက်အထား အပြည့်အစုံဖြင့် ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ စာမှတ်စာတမ်း မူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပြီး ကန့်ကွက်သူမရှိပါက အရောင်းအဝယ် ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါ သည်။

**ဦးတင်ထွန်း၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစိုင်းဝဏ္ဏဇော်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၆၃၆/၂၀၁၆)**
**အမှတ်(၆/၁၀၇)၊ ရှမ်းတန်း(၅)လမ်း၊ မြို့သစ်(၈)ရပ်ကွက်၊ ပဲခူးမြို့၊**
**ဖုန်း-၀၉- ၄၂၈၁၂၉၅၂၁**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း"

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်၊ ချောင်းသာမြို့၊ ရကအ(၂)နယ်မြေ၊ ကြံ့ခိုင်ရေးလမ်း၊ အိမ်အမှတ်(၂၄)၊ ကွင်းအမှတ်(၁၉၉၀)၊ ချောင်းသာအကွက်၊ ဦးပိုင်အမှတ်(က-၄၈)၊ ယခုအခေါ် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်၊ ချောင်းသာမြို့၊ အမှတ်(၁)ရပ်ကွက်၊ ကြံ့ခိုင်ရေးလမ်း၊ အိမ်အမှတ်(၁/ က ၀၂၆) ဟုခေါ်တွင်သော(အလျား၈၀xအနံ၄၀)ပေ၊ ဧရိယာ(၀.၀၇၃)ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ တစ်ထပ်တိုက်အိမ်၊ လျှပ်စစ်မီတာနှင့် အိမ်အတွင်းရှိ ပရိဘောဂများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဦးသန်းဝင်း (ခ)ဦးမောင်မြိုင်(၁၄/ပသန(နိုင်)၀၁၅၄၈၁)မှ လက်ရှိပိုင်ဆိုင်ထားပြီး၊ မြေကွက်နှင့်အိမ်တို့သည်လည်း ဦးသန်းဝင်း၏အမည်ဖြင့် နှစ်(၃၀)မြေငှားဂရန် အမည်ပေါက်ရရှိထားပါသဖြင့် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေများမှ ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်အိမ်တို့၏ အကျိုးခံစားခွင့်တို့နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်းခိုင်လုံသော စာရွက်စာတမ်းအထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိအိခိုင် (LL.B)စဉ်-၁၆၀၇၅) တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၁၂၄၉)၊ နတ်စင်ကန်ပေါင်လမ်း၊ မြို့မ(၃)ရပ်ကွက်၊ ဒလမြို့နယ်၊**
**ရန်ကုန်မြို့။ PH-09-254405798၊ 09-785610847**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးမျိုးကျော်လွင်ဦး (Uniteam Marine)
## အသက်(၇၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ကြီးပွားရေးအိမ်ရာ၊ တိုက်(၃)၊ အခန်း(၃)နေ (ဦးစိုးနိုင်-ဒေါ်နွဲ့နွဲ့တင်)တို့၏သားကြီး၊ (ဦးကောက်စိန်-ဒေါ်ထွေးလှ)တို့၏ သားသမက်၊ ဒေါက်တာရဲထိုက်ကျော်-ဒေါ်မျိုးလုလုကျော်၊ ဒေါ်မျိုးအိအိကျော်၊ ဦးမျိုးဥက္ကာကျော်တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မယုယသီရိကျော်၏ ချစ်လှစွာသောအဘိုး၊ ဒေါ်မြင့်မြင့်စိန်၏ ချစ်လှစွာသောခင်ပွန်းဖြစ်သူသည် ၁၂-၁၀-၂၀၂၅ရက်(တနင်္ဂနွေနေ့)တွင်ပင်လုံဆေးရုံကြီး၌(၉၆)ပါးရောဂါဖြင့်ကွယ်လွန်သွားပါသဖြင့် ၁၄-၁၀-၂၀၂၅ရက် (အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

(နေအိမ်မှကားများ မွန်းလွဲ ၁:၃၀နာရီတွင် ထွက်ပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၈-၁၀-၂၀၂၅ရက် (စနေနေ့)တွင် ရက်လည်ဆွမ်းကျွေး တရားနာယူမည်ဖြစ်ပါ၍ နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ တရားတော်နာကြွရောက်ပါရန် ညို့ငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အေးသာယာရပ်ကွက်၊ လမ်း(၃၀)(သဇင်လမ်းနှင့်မဥ္ဇူလမ်းကြား)၊ မြေကွက်အမှတ်(ဂျေ-၂၄၉)၊ ဦးသိန်းဇော် အမည်ပေါက်အနက် အလျား x အနံ (၂၀ x ၆၀)ပေ(ခြေရင်းခြမ်း) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ရှိ၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဦးမင်းသိန်းဝင်း ၁၂/သလန(နိုင်) ၁၁၂၈၃၆ ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဦးလင်းလင်းထက် ၁၂/သလန(နိုင်)၁၅၆၀၃၀ က ပြန်လည်ဝယ်ယူရန်အတွက် ၎င်းအား စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်း မူရင်းများနှင့်တကွ ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့်ပစ္စည်းကို လက်ရောက် လွှဲပြောင်းရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးဇာနည်(LL.B,D.B.L,D.I.P.L)** | **ဒေါ်ခင်သီတာမြင့်အောင်(LL.B,D.B.L)** |
| **(စဉ်-၁၄၆၆၈)** | **(စဉ်-၅၂၀၆၄)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်(၁၂၈)၊ ကျိုက်ခေါက်ဘုရားလမ်း၊ သောက်တော်တွင်းရပ်ကွက်၊ သန်လျင် မြို့၊ ဖုန်း-၀၉-၄၂၀၃၀၀၂၆၂**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာ(၁) ရပ်ကွက်၊ ဗိုလ်မိုးလမ်းနှင့်သခင်မြလမ်းကြားထောင့်ဘက်ခြမ်း၊ မြေကွက်အမှတ်(၁၂၉)၊ အကွက်အမှတ်(၂၅၊ ဗိုလ်ချုပ်ရေနံစက်ကွက်)၊ ဦးပိုင်အမှတ်(၄)၊ ဒေါ်လှချို အမည်ပေါက်မြေကွက်အနက် အလျား x အနံ (၃၀x၄၀)ပေအကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ရှိ၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဦးကံညွှန့် ၁၂/ဥကတ(နိုင်) ၀၂၁၀၂၃ထံ မှ ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်သဥ္ဇာခိုင် ၁၂/သကတ(နိုင်)၁၅၂၈၅၆က ပြန်လည်ဝယ်ယူရန်အတွက် ၎င်းအား စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိုပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့်ပစ္စည်းကို လက်ရောက်လွှဲပြောင်းရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးဇာနည်(LL.B,D.B.L,D.I.P.L)** | **ဒေါ်ခင်သီတာမြင့်အောင်(LL.B,D.B.L)** |
| **(စဉ်-၁၄၆၆၈) တရားလွှတ်တော်ရှေ့နေ** | **(စဉ်-၅၂၀၆၄) အထက်တန်းရှေ့နေ** |

**အမှတ်(၁၂၈)၊ ကျိုက်ခေါက်ဘုရားလမ်း၊ သောက်တော်တွင်းရပ်ကွက်၊ သန်လျင်မြို့၊ ဖုန်း-၀၉-၄၂၀၃၀၀၂၆၂**

## မွေးသက္ကရာဇ်အမှန်

ပခုက္ကူမြို့၊ ရောဂုဏ်ကိုယ်ပိုင်အထက်တန်း ကျောင်း Grade (6)မှ (ဘ)ဦးကြည်ခန့် ၈/မမန(နိုင်)၁၇၄၂၅၃ ၏ သား မောင်စိုးမိုးခန့်၏ မွေးသက္ကရာဇ်အမှန်မှာ ၃၀-၅-၂၀၁၂ ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ကဝ မြို့နယ်၊ အမှတ်(၁)အခြေခံပညာမူလတန်းလွန်ကျောင်းမှ လက်ထောက်မူလတန်းပြအဖြစ် တာဝန်ထမ်းဆောင်နေသော ဒေါ်မေဇာခြည်ဦး ၇/ကဝန(နိုင်) ၁၃၈၄၉၃၏ ဖခင် ဦးတင်စန်းနှင့် ဦးတင်ဆန်း ၇/ကဝန(နိုင်) ၀၀၁၃၆၃ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ကဝ မြို့နယ်၊ အမက(လွှန်) အင်းဝ ကျောင်းမှ ဒုတိယ အလယ်တန်းပြဆရာမ ဒေါ်တင်ဇာဝင်း ၇/ကဝန(နိုင်) ၁၅၈၂၅၄၏ ဖခင် အမည်မှန်မှာ ဦးစန်းအောင်(ခ)ဦးဆန်းအောင် ၇/ကဝန(နိုင်)၀၄၁၇၈၀ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 82W/95472 ယာဉ်လက်ဝယ်ရှိသူ ဦးဌေးဝင်း ၇/ဒဥန(နိုင်) ၁၈၁၅၄၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး (ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 51W/51507 ယာဉ်လက်ဝယ်ရှိသူ ဦးပိုင်ဖြိုးဦး ၇/ဝမန(နိုင်)၁၇၈၇၁၅က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ပဲခူး)**

## အကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန် ကြေညာခြင်း

(ဘ)ဦးဇော်၏သား မောင်ဇော်ထက်အောင် ၅/ယမပ(နိုင်) ၁၄၈၄၅၆ နှင့် (ဘ)ဦးကျော်ထွန်း ၏သမီး မအေးမြတ်သူဇာ ၅/ကလထ(နိုင်) ၂၇၄၁၂၃တို့သည် (၂၁-၉-၂၀၂၅)ရက်တွင် သက်သေများရှေ့မှောက်၌ နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးစီးကြောင်းနှင့် နှစ်ဦးသဘောတူ ကွာရှင်းပြီးသည့်ရက်မှစ၍ တစ်ဦးနှင့်တစ်ဦး အိမ်ထောင်ရေး၊ စီးပွားရေး၊ လူမှုရေးကိုယ်ရေးကိုယ်တာ ကိစ္စအဝဝတို့ကို ဝင်ရောက်စွက်ဖက်ခြင်း၊ နှောင့်ယှက်ခြင်း၊ သက်ဆိုင်ခြင်း အလျဉ်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မအေးမြတ်သူဇာ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိဖြူနှင်း၊ အထက်တန်းရှေ့နေ(စဉ်-၅၄၅၇၈)**
**ဖုန်း-၀၉-၄၂၀၀၄၇၅၅၅**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့ နယ်၊ (၉)ရပ်ကွက်၊ သူရ(၅)လမ်း၊ အမှတ်-၁၇၂ (ဒုတိယထပ်) (ခေါင်းရင်းခန်း)(၃-လွှာ)၊လမ်းမှတိုက်သို့ မျက်နှာမူလျှင်ညာဘက်ခြမ်း၊ အကျယ်အဝန်း(၁၈ပေx၅၄ပေ)ရှိ တိုက်ခန်းအပါအဝင် ၎င်းတိုက်ခန်းနှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား မြေရှင်ဒေါ်ခင်သန်းလွင်ထံမှ ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးထက်အောင်ခန့်(၇/ရကန(နိုင်)၀၅၂၁၃၄)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးမျိုးလွင်မြင့်(၁၂/စခန(နိုင်)၀၅၅၁၈၁)နှင့် ဒေါ်နန်းဆိုင်ခမ်း(၁၂/စခန(နိုင်)၀၂၁၀၉၄)တို့က ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် လူကိုယ်တိုင် ယနေ့မှစ၍(၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်သွားပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်ခိုင်ဆုဝေ(LL.B, D.B.L)** | **ဒေါ်မိုးမီမီခိုင်(LL.B, D.B.L)** |
| **(စဉ်-၅၃၃၆၉)** | **(စဉ်-၅၃၄၉၁)** |
| **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်-၅၈၊ မဟာဗန္ဓုလပန်းခြံလမ်း (ဘားလမ်း)၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၅၅၆၇၇၆၁၅**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၄)၊ လူနေရပ်ကွက်အမှတ် (၁၀/ဈ)၊ မြေကွက်အမှတ်(၁၀၈၇)ဟုခေါ်တွင်သော (၄၂x၆၀)ပေအကျယ်ရှိ မြေကွက်နှင့်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် နေအိမ်အပါအဝင် မြေပေါ်မြေအောက်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိထားပိုင်ဆိုင်သူဖြစ်သော ဦးသန်းဝင်း (၁၂/မရက(နိုင်)၁၁၇၃၂၁)ထံမှ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဒေါ်သိမ့်နဒီစိုး(၁၂/ရပသ(နိုင်)၀၇၉၇၆၁)နှင့် ဒေါ်ဇာလီထက်(၁၂/ရပသ(နိုင်)၁၀၀၃၂၂)တို့က ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် ခိုင်လုံသည့်စာရွက်စာတမ်း အထောက်အထားများနှင့်တကွ ကြော်ငြာပါသည့်ရက်မှစ၍ (၁၇-၁၀-၂၀၂၅)ရက် နောက်ဆုံးထားပြီး ကျွန်ုပ်ထံသို့ လာရောက်တင်ပြကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက ကျန်ငွေများကိုဆက်လက်ပေးချေ၍ အဆိုပါမြေကွက်နှင့် နေအိမ်ကို ဥပဒေနှင့်အညီ လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်သိမ့်နဒီစိုးနှင့် ဒေါ်ဇာလီထက်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိဖြူနှင်း အထက်တန်းရှေ့နေ (စဉ်-၅၄၅၇၈)**
**ဖုန်း-၀၉-၄၂၀၀၄၇၅၅၅**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၅)၊ ကွင်း/အကွက်အမှတ်နှင့်အမည်(RA-V/ကွက်ပြင်)၊ ဦးပိုင်အမှတ် (၁၉-ဗ)၊ မြေဧရိယာ(၀ဒသမ၀၉)ဧက(လက်ရှိမြေပေါ်ရှိ အတိုင်းအတာ)မြေနှင့် နေအိမ်မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်နှင်းရီဆွေ ၉/မခန(နိုင်) ၁၄၁၉၄၈ထံမှ ဒေါ်အေးအေးမော် ၉/မထလ (နိုင်)၀၂၁၀၂၄ က (အရပ်ကတိစာချုပ်)ဖြင့် စရန်ငွေပေးချေခဲ့ပြီး ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။

အဆိုပါမြေကွက်/နေအိမ်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာသည့်ရက်မှစ၍ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အ များသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်အေးအေးမော်** | **ဦးနေမျိုးဇော်(LL.B,D.B.L)** |
| **၉/မထလ(နိုင်)၀၂၁၀၂၄** | **တရားလွှတ်တော်ရှေ့နေ** |
| | **ရပ်ကွက်ကြီး(၁)၊ ယူဂိုစလပ်၊ ပြင်ဦးလွင်မြို့** |

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်မြို့တော်အိမ်ရာအတွင်းရှိ သန်လျင်ရိပ်မွန်အိမ်ရာ၊ City loft Condo၊ တိုက်အမှတ်(CL-10)၊ အခန်းအမှတ်(415)၊ အခန်းအမျိုးအစား 1Bedroom အကျယ်အဝန်းဧရိယာ(484)စတုရန်းပေရှိသော ကွန်ဒိုတိုက်ခန်းနှင့် တိုက်ခန်းတွင်းပါရှိသော လျှပ်စစ်ပစ္စည်းများ၊ ပရိဘောဂများ တိုက်ခန်းတွင် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကိုပိုင်ရှင်ဖြစ်သူ ဒေါ်ရွှေယမင်းဦး ၁၂/စခန(နိုင်)၀၇၃၃၇၅ ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ် ဦးမြဦး ၁၂/စခန(နိုင်)၀၄၁၇၆၆မှ စရန်ပေးချေခဲ့ပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၇ရက်အတွင်း ကျွန်တော်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဆက်လက်လုပ်ဆောင်သွားပါမည်။

**ဦးမြဦး**
**ဖုန်း-၀၉-၅၁၅၂၆၆၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့၊ ကျီတော်ကုန်းနယ်မြေ(၂)ရှိ အိမ်အမှတ်(ကတက-၀၂၇၈)၏ အလား (၄)ရပ်မှာ အရှေ့လားသော်-ဒေါ်ခိုင်ခင်မွန် နေအိမ်ဝိုင်းမြေ၊ အနောက်လားသော်-ဒေါ်ခင်မြင့်ကြည် နေအိမ်ဝိုင်းမြေ၊ တောင်လားသော် -ဒေါ်မာမာဝင်း နေအိမ်ဝိုင်းမြေ၊ မြောက်လားသော် -လမ်း၊ ၎င်းအလားလေးရပ်အတွင်းရှိ အလျား ၇၄ပေ၊ အနံ-၄၀ပေရှိ ဝိုင်းမြေကွက်အတွင်း (၁)ထပ်တိုက်အဆောက်အအုံ(၁)လုံး၊ အိမ်သုံးလျှပ်စစ်မီတာ(၁)လုံး၊ စည်ပင်သာယာရေတိုင်(၁)တိုင်တို့ပါရှိသော နေအိမ်ဝိုင်းမြေကွက်အား ဒေါ်ခင်ခင်လှ ၉/မထလ(နိုင်)၀၆၈၇၂၉ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးဇော်ဇော် ၁၂/လကန(နိုင်) ၀၅၈၈၉၈ မှ(၁၀-၁၀-၂၀၂၅)ရက်တွင် ကာလတန်ဖိုးတစ်ရပ်ဖြင့် အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ရာ အဆိုပါနေအိမ်ဝိုင်းမြေကွက်နှင့်ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်၊ ပိုင်ရေး/ ပိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးဇော်ဇော်** | **ဦးဇော်အောင်လွင် LL.B** |
| **၁၂/လကန(နိုင်)၀၅၈၈၉၈** | **တရားလွှတ်တော်ရှေ့နေ စဉ်-၁၆၇၆၆(၂၁-၁၂-၂၀၂၀)** |
| | **မဟာစ-၈၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းမ၊** |
| | **မဟာစည်တိုးချဲ့ရပ်၊ မိတ္ထီလာမြို့။** |
| | **ဖုန်း-၀၉-၄၄၂၂၀၀၃၅၃** |

## "အများသိစေရန်ကြေညာခြင်း "

(ယခင်)ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ရပ်ကွက်ကြီး(၈)၊ (၂၄)သီးသန့်ရပ်ကွက်(၇)လမ်း၊ အမှတ်-၁၀၃၊ ယခု(ခေတ္တ-စင်ကာပူ)နေ ဒေါ်စန်းစန်းနွယ်(ခ) ငယ်လေး(ဘ)ဦးတိုးမြင့် (၇/ဝမန(နိုင်)၁၁၈၀၁၈)နှင့် ဦးထွန်းဝင်း(ဘ)ဦးငွေ (ပြုလုပ်ဆဲ)တို့သည် ၂၀၀၈ခုနှစ်ကတည်းက အကြင်လင်မယားအဖြစ် ပေါင်းသင်းလာခဲ့ကြပြီး သမီးတစ်ဦးထွန်းကားခဲ့ပါသည်။ ၂၀၁၉ခုနှစ်တွင် ဦးထွန်းဝင်း သည် ကျွန်ုပ်အမှုသည်အား စွန့်ပစ်ကာနောက်အိမ်ထောင်ပြုလျက် သားတစ်ဦးထွန်းကားပြီး ပဲခူးမြို့တွင် နေထိုင်လျက်ရှိကြောင်း စုံစမ်းသိရှိရသဖြင့် ကျွန်ုပ်အမှုသည်ထံ (၇)နှစ်ကြာ ဆက်သွယ်ထောက်ပံ့မှုမရှိ နောက်အိမ်ထောင်ပြုသွားခြင်း ဖြစ်သောကြောင့် ဦးထွန်းဝင်းအား ခင်ပွန်းအဖြစ်မှ စွန့်လွှတ်ကြောင်း/၎င်းနှင့် မည်သို့မျှသက်ဆိုင်မှုမရှိတော့ပြီဖြစ်ကြောင်း လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇင်ဇင်ဦး**
**တရားလွှတ်တော်ရှေ့ နေ(စဉ်-၁၉၃၅၆)**

| | |
|---|---|
| **ဒေါ်ဝါဝါဝင်းသူ** | **ဒေါ်စုမြတ်မြတ်သော်** |
| **အထက်တန်းရှေ့နေ(စဉ်-၅၅၀၁၉)** | **အထက်တန်းရှေ့နေ(စဉ်-၅၇၀၂၅)** |

**အမှတ်(၄၂၄)၊ ဘိုးရာဇာလမ်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။**
**ရန်ကုန်တိုင်းဒေသကြီး။(ဖုန်း-၀၉-၄၀၀၈၉၆၃၀၉)**

❖ လူမှုယဉ်ကျေးမှုအပိုင်းတွင်လည်း ဗဟုဝင်ရိုးခေတ်ကြီးတွင် ပါဝါအရွေ့များဖြစ်ပေါ်ပြောင်းလဲမှု မြန်ဆန်လာသည့်အတွက် ပြည်တွင်းတည်ငြိမ်ရေးသည် အဓိကနေရာရောက်လာ...
❖ သတင်းတု၊ သတင်းမှားများ တိုက်ဖျက်ရန်လိုပြီး မီဒီယာအတတ်ပညာတိုးတက်အောင် ဆောင်ရွက်ရန်နှင့် နိုင်ငံခြားသြဇာအရှိန်သက်ရောက်အောင် ကြိုးစားနေမှုများအပေါ်ကိုလည်း တန်ပြန်ဆောင်ရွက်ကြရမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ခုနှစ်၊ မတ်လ ၂၁ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ သုံးသပ်ဆွေးနွေးပွဲသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ **နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။**

❖ **နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။**

❖ **နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။**

# တိုင်းဒေသကြီးနှင့် ပြည်နယ် အသက်(၂၅)နှစ်အောက် (အမျိုးသမီး)ဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များ ဆက်လက်ကျင်းပ



**နေပြည်တော် အောက်တိုဘာ ၁၂**
အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနက ကြီးမှူး၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက်(၂၅) နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည် ပွဲစဉ်များကို ယနေ့ မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး ဇုန်(၂)ဇုန်ရှိ သက်ဆိုင်ရာအားကစားကွင်းများ၌ ဆက်လက်ကျင်းပရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ ပြိုင်ပွဲကျင်းပရေးဆိုင်ရာ တာဝန်ရှိသူများ၊ အားကစားဝါသနာရှင် ပရိသတ်များ တစ်ခဲနက် လာရောက်ကြည့်ရှုအားပေးကြသည်။

ယနေ့ ပြိုင်ပွဲ ပွဲစဉ်များအဖြစ် တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၌ မကွေးတိုင်းဒေသကြီးအသင်းနှင့် ရခိုင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ နှစ်ဖက်ဂိုးမရှိ သရေရလဒ်ဖြင့်လည်းကောင်း၊ ပုသိမ်မြို့ ကိုးသိန်းအားကစားကွင်း၌ ကချင်ပြည်နယ်အသင်းနှင့်

*စာမျက်နှာ ၈ ကော်လံ ၄* ❑

**မိုးကြိုးပစ်ခြင်း မိုးသီးကြွေခြင်းနှင့် လေပြင်း တိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်**

**နေပြည်တော် အောက်တိုဘာ ၁၂** - နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းမှုအားကောင်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

# နီဗက်စ်၏ နောက်ကျသွင်းဂိုးကြောင့် ပေါ်တူဂီက အိုင်ယာလန်ကို အနိုင်ရပြီး ရာနှုန်းပြည့်နိုင်ပွဲ ဆက်လက်ထိန်းသိမ်း

ကမ္ဘာ့ဖလားခြေစစ်ပွဲ ဥရောပဇုန်မှ အောက်တိုဘာ ၁၂ ရက် နံနက် ၁ နာရီ ၁၅ မိနစ်က ယှဉ်ပြိုင်ကစားခဲ့သည့် နာမည်ကြီး ပေါ်တူဂီနှင့် အိုင်ယာလန်အသင်း ပွဲစဉ်တွင် ပေါ်တူဂီအသင်းက အကြိတ်အနယ်ကစားကာ တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲရရှိပြီး ရာနှုန်းပြည့်နိုင်ပွဲ ဆက်လက်ထိန်းသိမ်းနိုင်ခဲ့သည်။

အိုင်ယာလန်အသင်းသည် မဖြစ်မနေနိုင်ပွဲရရေး ခြေကုန်ထုတ်လာသော်လည်း နာမည်ကြီး ပေါ်တူဂီအသင်း၏ ဖိအားပေးတိုက်စစ်ဆင်မှုများကို ပွဲချိန်တစ်လျှောက် ခုခံကာကွယ်ခဲ့ရပြီး ပွဲကစားချိန်ပြည့်ခါနီးတွင် ခွင့်ပြုပေးခဲ့ရသော နီဗက်စ်၏ သွင်းဂိုးကြောင့် ရှုံးပွဲကြုံတွေ့ကာ နိုင်ပွဲနှင့် ဆက်လက်ဝေးကွာခဲ့ရသည်။

*စာမျက်နှာ ၈ ကော်လံ ၄* ❍



ခရစ္စတီယာနို၏ ပယ်နယ်တီကန်သွင်းမှုကို လက်စွမ်းပြကာကွယ်နိုင်ပြီးနောက် ဂိုးသမား ကယ်လာဟာနှင့် အသင်းဖော်များ အောင်ပွဲခံစဉ်။

## ယနေ့ သတင်းအညွှန်း

**ဂါဇာဒေသ ငြိမ်းချမ်းရေး ထိပ်သီးဆွေးနွေးပွဲ အီဂျစ်တွင်ပြုလုပ်မည်**

နိုင်ငံတကာသတင်း စာ ၁၄

**ယခုနှစ် ဇွန်လ၏ ကမ္ဘာတစ်ဝန်း ထူးထူးခြားခြား ဖြစ်စဉ်များ**

နိုင်ငံတကာရေးရာ စာ ၁၅

**ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာ**

စာ ၂၀

**ပဲဂူလာကို အနိုင်ယူပြီး ဝူဟန်အိုးပင်းဖလား ကိုကိုဂေါ့ဖ် ဆွတ်ခူး**

အားကစားသတင်း စာ ၃၂